

ရင်မြွှတ်နိုး
လတစ်စင်း နှင့် သူပိုင်ဆိုင်ရာကောင်းကင်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရှင်မြတ်နိုး

# လတစ်စင်းနှင့်သူ့ပုံဆိုရာကောင်းကင်

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၃၆၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၁၁၃၁၀၁၀ |
| အုပ်ရေ | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံယဉ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်၊ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ・ ၈၃

ရှင်မြတ်နိုး

လတစ်စင်းနှင့်သူပိုင်ဆိုင်ရကောင်းကင်/ရှင်မြတ်နိုး။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) လတစ်စင်းနှင့်သူပိုင်ဆိုင်ရကောင်းကင်


## အခန်း (၁)

တီးနှောင်…တီးနှောင်။

သူမ ခြံတံခါးဝရှိ လူခေါ်ဘဲလ်လေးကို အဆက်မပြတ် နှိပ်ပစ်လိုက်မိသည်။

သို့သော် တိတ်ဆိတ်ငြိမ်သက်နေသော ခြံကျယ်ကြီးထဲတွင် ဘာအရိပ်အယောင်မျှ မတွေ့ရသေးချေ။

တီးနှောင်။

သူမ စိတ်ရှည်လက်ရှည်ပင် အဆက်မပြတ် တီးခတ်နေမိ၏။

"ဟော့…ဟော့ စွတ်တီးမနေနဲ့၊ လာပြီ…လာပြီ"

အသံနက်ကြီးက ဘယ်ကပေါ်လာမှန်းမသိ။ သူမ

ဘဲလ်တီးနေတာကို ဒေါသတကြီး လှမ်းတားၿ၏။

တားဆီးသံကြောင့် သူမဆက်မတီးတော့ဘဲ ဘဲလ်ခလုပ် လေးပေါ်က လက်ကို ပြန်လည်၍ ရုပ်သိမ်းလိုက်သည်။

ခဏကြာတော့ ခြံတံခါးပေါက်ဝဆီသို့ လူထွားကြီးတစ်ဦး လျှောက်လာပြီး…

"ဘာကိစ္စရှိ…ဟင်…မင်း…မင်း…ဟာ"

ခြံစောင့်ကြီးရဲ့ မျက်ဝန်းတွေ အဆမတန်ပြူးသွားသည်။ သူမဆီ လက်ညှိုးကြီးထိုးကာ တုန်လှုပ်ချောက်ချားစွာ ကြောင်ငေး ကြည့်နေ၏။ ထိုလူကြီးရဲ့မျက်နှာတွင် တစ်စုံတစ်ခုအတွက် အကြီး အကျယ် ထိတ်လန့်နေဟန်ရှိရကာ မျက်နှာပြင်တစ်ခုလုံး သွေးမရှိ တော့လောက်အောင်ပင် ဖြူရော်နေခဲ့သည်။

"ကျွန်မ…ဒေါက်တာ ပန်းသွန်းနဒီပါ"

"……."

"ဒါ…ဦးလေးညို့တို့အိမ် ဟုတ်ပါတယ်နော်"

"……."

သူမသည် ကိုယ့်ကိုယ်ကို အရင်ဆုံးမိတ်ဆက်လိုက်ကာ သူမလာသော အိမ်လိပ်စာမှန်မမှန် သေချာအောင်မေးမိ၏။





"မင်း…မင်း…ဘယ်သူလဲ"

"ရှင်"

"မင်း…မင်း ဒီကိုဘာလာလုပ်တာလဲ ဖြူစင်ဟန်"

"ရှင်"

လူကြီးရဲ့အမေးကြောင့် ပန်းသွန်းနဒီရဲ့ စင်ရော်တောင် မျက်ခုံးနက်နက်လေးနှစ်ဖက် တွန့်ကွေးသွားရ၏။

"မင်း…မင်း ဖြူစင်ဟန်ပဲ၊ သွား သွား ထွက်သွား၊ မင်းနဲ့ဒီခြံက ဘာမှမသက်ဆိုင်တော့ဘူး၊ မင်းက သေပြီးသားလူပဲ၊ မလာနဲ့၊ လုံးဝမလာနဲ့ဖြူစင်ဟန်"

မြတ်စွာဘုရား။

ပန်းသွန်းနဒီ အလန့်တကြား စိတ်ထဲကနေ ဘုရားတ လိုက်မိသည်။

ဘယ်နှယ့်ကြောင့် သူမက သေလူတစ်ယောက် ဖြစ်နေ ရတာပါလိမ့်။ ဒီလောက် အရှင်လတ်လတ်ကြီး ရပ်နေတာကို မြင်နေရတာတောင် ခြံစောင့်လူထွားကြီးက မဟုတ်တမ်းတရားတွေ စွပ်စွဲကာ မောင်းထုတ်နေသေးတော့၏။

"ဒီမှာ…ဒီမှာရှင့်ဦးလေးကြီး ဘာတွေလျှောက်ပြောနေ

တာလဲ၊ သတိလည်းထားပါဦး၊ ကျွန်မက စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးမြင့်စိုး လွှတ်လိုက်တဲ့သူပါ၊ ဦးလေးညို့ရဲ့ ကျန်းမာရေးအတွက် အနီးကပ်စောင့်ရှောက်ဖို့ ရောက်လာတဲ့ ဒေါက်တာ ပန်းသွန်းနဒီပါရှင့်''

ဟာ…။

စိတ်ကျန်းမာရေးဆရာဝန်ကြီး ဦးမြင့်စိုး လွှတ်လိုက်တာ ဆိုပါလား။

ဦးမိုက်တီး ကောင်မလေးရဲ့ ချိုသာသွဲ့ပြောင်းသောအသံကို နားထောင်ပြီး ပွံ့လွင့်သွားသောစိတ်ကို မနည်းကြီးစုစည်းမိသွားရ၏။

ဟုတ်သားပဲ။ ဖြူစင်ဟန်က သေပြီလေ။ မိမိတို့ကိုယ်တိုင်ပဲ သင်္ဂြိုလ်ခဲ့တာ။

ဦးမိုက်တီး ခြံတံခါးဝရှေ့တွင် ရပ်နေသော ကောင်မလေးဆီ သေချာစွာ စူးစူးနစ်နစ် စိုက်ကြည့်လိုက်မိ၏။ ရုတ်တရက်တုန်လှုပ်ချောက်ချားကာ ပျက်ယွင်းသွားသော ဟန်အမူအရာကို ချက်ချင်းပြန်ပြင်လိုက်သည်။

သက်ပြင်းတစ်ချက်ရှိုက်ကာ သူမဆီ လှမ်းကြည့်နေမိပြန်





၏။

ဖြူစင်ဝင်းမွတ်နေသော ရွှေဝါရောင် အသားအရေ၊ မြင့်မားသောအရပ်၊ တောင့်တင်းသော ခန္ဓာကိုယ်လေးနှင့် ချစ်စရာကောင်းလွန်းသော မျက်နှာဖူးဖူးလေးကို ပိုင်ဆိုင်ထားတဲ့ မိန်းကလေးတစ်ယောက် သူ့မျက်ဝန်းအစုံရှေ့တွင် တကယ်ပဲ ရှိနေခဲ့သည်။

တကယ့်ကို တစ်ပုံစံထဲ။

ဖြူစင်ဟန်နဲ့ ချွတ်စွတ်တူတဲ့ မိန်းကလေးပဲ။

''ဦးလေးကြီး…ဒါ ဦးလေးညို့ရဲ့ခြံ မဟုတ်လား''

''ဟော…အေး…ဟုတ်တယ်''

''ကျွန်မကို ခြံတံခါးဖွင့်ပေးဦးလေ''

သူမ အသိပေးသံကြားမှ လူကြီးက သတိရသွားဟန်ရှိကာ ခြံတံခါးသော့ခလောက်ကြီးကို ချောက်ခနဲ ဖွင့်ပေး၏။ လူကြီးရဲ့ မျက်နှာပေါ်တွင် သူမရောက်လာခြင်းအပေါ် နည်းနည်းလေးမျှပင် ကျေနပ်ဟန်မရှိချေ။

အထုပ်အပိုးကိုဆွဲမကာ ခြံကျယ်ကြီးထဲ ပန်းသွန်းနဒီ ဝင်လိုက်သည်။

''ဟော့…နေဦး''

ဟာင်။

ခြံထဲလှမ်းဝင်ကာ တိုက်ကြီးဆီသို့ သွားမည့်ခြေလှမ်းများက လူကြီး၏တားဆီးသံကြောင့် တုန့်ခနဲရပ်တန့်သွားရ၏။

“မင်း…တကယ်ပဲ ဖြူစင်ဟန်မဟုတ်ဘူးနော်”

“ရှင်”

“ဆရာဝန်ကြီး ဦးမြင့်စိုးလွှတ်လိုက်တာ တကယ်အမှန်ပဲနော် ကောင်မလေး”

“ရှင်”

“တရှင်ရှင်နဲ့ ဘယ်လိုလဲကွ”

“ဒီမှာ ဦးလေးကြီး”

“ငါ့နာမည် မိုက်တီးပဲ ကောင်မလေး”

“ဟုတ်ကဲ့ ဦးမိုက်တီး၊ ကျွန်မက ဒေါက်တာဦးမြင့်စိုး လွှတ်လိုက်တဲ့လူ အစစ်အမှန်ပဲရှင့်၊ ဒါကို ဘာကြောင့် သံသယတွေဝင်နေရတာလဲ၊ ဆရာဝန်ကြီးက နိုင်ငံခြားကို ခဏထွက်သွားလို့ သူ့လူနာကို စောင့်ရှောက်ဖို့ဆိုပြီး ကျွန်မကို လွှတ်လိုက်တာပါ၊ နေပါဦး ကျွန်မကိုမြင်လိုက်တာနဲ့ ဘာကြောင့် အမူအရာတွေပျက်ပြီး အခုလိုမျိုးဆက်ဆံနေရတာလဲရှင့်၊ ဖြူစင်ဟန်ဆိုတာ ဘယ်သူလဲ၊





ကျွန်မနဲ့ အဲဒီလောက်တောင် မှားယွင်းရအောင် ရုပ်ချင်းကဆင်နေသလား”

“ဆောရီး…ကလေးမ၊ ဦးမှားသွားတယ်၊ တိုက်ထဲဝင်သွားပါကလေးမ၊ အထဲမှာ မောင်လေးညို့ရှိတယ်”

ဦးမိုက်တီးက သူမအမေးကို ပြန်မဖြေဘဲ စကားလမ်းကြောင်း လွှဲသွား၏။ ဒါကို ပန်းသွန်းနဒီ သတိထားမိသွားရသည်။ ဖြူစင်ဟန်ဆိုတဲ့ အမျိုးသမီးအကြောင်းကို ပြောပြချင်ဟန်မရှိပုံကို သိလိုက်ချိန်တွင် ပန်းသွန်းနဒီ ပို၍စိတ်ဝင်စားသွားရတော့၏။

ဘာကြောင့်လဲ။

ဘာကြောင့် ပြန်မဖြေရတာလဲ။

ပန်းသွန်းနဒီ နည်းနည်းလေးမျှ ဘဝင်မကျနိုင်။ ဒါဟာ တကယ့်ထူးခြားမှုပဲ။ ဦးမိုက်တီးဆိုတဲ့ လူကြီးက ဟန်အမူအရာတွေ ပျက်လွန်းနေ၏။

“ဒေါက်တာ”

“ရှင်”

“အထဲကိုဝင်သွားလေ”

“သြော်…ဟုတ်ကဲ့”

ပန်းသွန်းနဒီ နေရာလေးကနေ ချာခနဲနေအောင်လှည့်ကာ တိုက်ဖြူဖြူမြင့်မြင့်ကြီးဆီသို့ တရွေ့ရွေ့လျှောက်လာခဲ့သည်။ သူမ စိတ်ထဲမှာတော့ နားလည်လက်ခံရန်ခက်ခဲသော မေးခွန်းမြောက်မြားစွာနှင့် ရှုပ်ထွေးနောက်ကျိနေခဲ့၏။

ဦးမိုက်တီးသည် သူမရောက်လာခြင်းအပေါ်တွင် စိုးစိမ့်ပင် နှစ်လိုဟန်မရှိချေ။ တင်းမာခက်ထန်နေသော သူ့မျက်လုံးစိမ်းကြီးတွေကိုကြည့်ကာ သူမစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။

တကယ်တော့ ဒီခြံကြီးထဲကိုဝင်ဖို့ ပန်းသွန်းနဒီမှာ ကြီးမားတဲ့ ဖိအားတစ်ခုရှိနေခဲ့၏။ ထိုအချက်ကတော့ ဖြူစင်ဟန်ခေါ် ပန်းယွန်းနန္ဒာ သေဆုံးသွားတဲ့ကိစ္စပဲ။ ထိုကိစ္စအပေါ်တွင် သူမ၌ အများကြီးသံသယစိတ်တွေ ပွားများနေရသည်။ ဒါကြောင့်လည်း ထိုတိုက်ကြီးထဲ ဝင်နိုင်မည့်နည်းလမ်းမျိုးစုံကို အချိန်ယူကာ စောင့်စားနေခဲ့ရ၏။

သူမ ဒေါက်တာပန်းသွန်းနဒီ။

စိတ်ရောဂါကုဆရာဝန်မလေး ဒေါက်တာပန်းသွန်းနဒီပါ။

ဖြူစင်ဟန် (ခေါ်) ပန်းယွန်းနန္ဒာနှင့် ဆယ့်ငါးမိနစ်သာကြီးသော အမြွှာအစ်မဖြစ်၏။ မိဘတွေရဲ့ အိမ်ထောင်ရေးပြဿနာ





ကြောင့် သူမတို့ညီအစ်မနှစ်ယောက် လူမှန်းသိတတ်ကာစ အရွယ်လေးတွင် ကွဲကွာခဲ့ရ၏။

သို့သော် သူမတို့နှစ်ယောက် အမြွှာညီအစ်မ မထင်မှတ်ဘဲ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကမှ ပြန်ဆုံခဲ့ရခြင်းဖြစ်သည်။ နယ်မြို့လေးတွင်နေသော ပန်းသွန်းနဒီ ဘုရားဖူးလာရင်း ရန်ကုန်မှာ ပြန်ဆုံခဲ့ရခြင်းဖြစ်သည်။ ရုပ်ခြင်းခွဲမရအောင်တူတဲ့ ဖြူစင်ဟန်ကို မြင်လိုက်ချိန်တွင် ပန်းသွန်းနဒီစိတ်တွေက တအားကိုလှုပ်ရှားသွားရသည်။ ထိုနေ့က သူမ ကုန်တိုက်ကြီးတစ်ခုတွင် ပစ္စည်းများဝယ်နေချိန်ဖြစ်သည်။ ပစ္စည်းတစ်ခုကိုလှမ်းအယူ တစ်ဘက်ကလည်း လှမ်းကိုင်လိုက်တာကြောင့် နှစ်ဦးသား သတိထားမိသွားရ၏။

ပန်းသွန်းနဒီ ချက်ချင်းသိလိုက်သည်။

သူမမှာ အမြွှာညီမလေးတစ်ယောက် ရှိသေးတယ်ဆိုတဲ့ အကြောင်းကို မေမေ မသေခင်အချိန်ထိ တဖွဖွသတိပေးခဲ့၏။ ဒါကြောင့်လည်း သူမနဲ့ရုပ်ချင်းခွဲမရသူမြင်တော့ သူမရဲ့ညီမလေးမှန်း ချက်ချင်း သိခဲ့သည်။ ဖြူစင်ဟန်ကတော့ လုံးဝမသိချေ။ သူမက စတင် မိတ်ဆက်ပြီး အကြောင်းစုံရှင်းပြကာ မေးမြန်းကြည့်တော့မှ ဖေဖေ နဲ့အတူပါသွားတဲ့ ညီမလေး ပန်းယွန်းနဒီဖြစ်နေသည်။

အသက်ကြီးမှ ပြန်ဆုံတွေ့ရ၍ ညီအစ်မနှစ်ယောက်စလုံး ပျော်ရွှင်မဆုံးရှိနေရ၏။ သူမနှင့် ညီမလေးပြန်ဆုံတော့ ညီမလေးက အိမ်ထောင်ကျနေပြီတဲ့လေ။ ညီမလေးရဲ့ ခင်ပွန်းက အရမ်းချမ်းသာတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတစ်ယောက် ဖြစ်နေတာမို့ ပန်းသွန်းနဒီ ဝမ်းသာနေမိ၏။

သို့သော် ညီမလေးပြောပြတော့မှ အိမ်ထောင်ရေးအဆင်မပြေဘူးဆိုတဲ့ အချက်ကို သိခဲ့ရသည်။ ခေတ်ဆန်လွန်းသော ညီမကို ချော့မော့ဖျောင်းဖျကာ အိမ်ထောင်ရေးကို ဂရုစိုက်ဖို့ အထပ်ထပ်မှာကြားမိ၏။

ဖေဖေနဲ့ မေမေတို့ရဲ့ အိမ်ထောင်ရေးပြဿနာတွေအကြောင်းကို ပြောပြကာ ထိုသို့မဖြစ်စေရန် ထိန်းချုပ်သင့်တာတွေကို ထိန်းချုပ်ဖို့ သည်းခံသင့်တာသည်းခံဖို့ ဖျောင်းဖျလိုက်သေးသည်။ မေမေက ရိုးသားတည်ကြည်ပြီး စည်းစနစ်ကြီးသလောက် ဖေဖေက အသောက်အစား အပျော်အပါး ခုံမင်၏။

ဒါကြောင့် အိမ်ထောင်ရေးက အဆင်မပြေ။ ပိုပြီးဆိုးသွားတာက ဖေဖေရဲ့ ခြေရှုပ်မှုတွေပဲ။ ဒါကို မေမေသာ သည်းခံမည်ဆိုလျှင် ပန်းသွန်းနဒီတို့ ညီအစ်မနှစ်ယောက် အခုလို တကွဲတပြား

စိုးမိုးစာစုပေ



ဖြစ်မှာမဟုတ်ချေ။ အခုလို ဝမ်းနည်းစရာအဖြစ်တွေနဲ့ နာကျင်ခံစားနေရမှာမဟုတ်ချေ။

ဒါကို ဥပမာပြပြီး ဖြူစင်ဟန်ကို နားချခဲ့သည်။

ထိုအချိန်က ခေါင်းလေးတညိတ်ညိတ်နဲ့ နားထောင်နေခဲ့တဲ့ ညီမလေးကိုကြည့်ပြီး ပန်းသွန်းနဒီရင်ထဲ ပီတိဖြစ်လို့မဆုံးတော့။ ညီအစ်မနှစ်ယောက် ထိုနေ့ကစပြီး အဆက်အသွယ်မပျက်ခဲ့တာ ညီမလေးမသေဆုံးခင် ညပိုင်းထိပါပဲ။

ဖြူစင်ဟန် မဆုံးခင် နှစ်နာရီခွဲအလိုခန့်က သူမဆီ ဖုန်းလှမ်းဆက်ခဲ့၏။

"မမ...ညီမလေးအရမ်းစိတ်ညစ်တယ်၊ ပြီးတော့ ကြောက်လည်းကြောက်တယ်၊ သူ သူ ညီမလေးရဲ့အကြောင်းကို သိသွားပြီ၊ ဘယ်လိုလုပ်ရမလဲဟင်၊ သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲ၊ ညီမလေးကြောက်တယ် မမ၊ ညီမလေး အရမ်းကြောက်တယ်၊ သူ သူ ညီမလေးကို သတ်တော့မယ်ထင်တယ်၊ ကြောက်တယ်၊ အရမ်းကြောက်တယ်၊ အဟီး...ဟီး...ဟီး"

ပြောလည်းပြော တအီးအီးငိုချလိုက်တာမို့ ပန်းသွန်းနဒီ စိုးရိမ်ထိတ်လန့်သွားရသည်။ ဘာဖြစ်တာလဲဟု အသည်းအသန်

စိုးမိုးစာစုပေ

ဖုန်းလေးထဲကနေ မေးမိ၏။ သို့ပေမယ့် ညီမလေးက ဘာမှပြန်မဖြေချေ။ တအီးအီးနဲ့ ရှိုက်ငိုနေခဲ့သည်။ ဘယ်သူက ဘာအကြောင်းကို သိသွားလို့ သတ်မယ်လို့ထင်ရတာလဲ။

ထိုနေ့က ညီမလေး ဖုန်းချသွားပေမယ့် သူမစိတ်ထဲ ပူပြင်းလောင်မြိုက်မှုတွေနှင့် ကျန်နေရစ်ခဲ့ရ၏။ ဘာတစ်ခုမှ မေးလို့မရတာ။

နောက်တစ်နေ့ နံနက်သတင်းစာတွင် ညီမလေးဖြူစင်ဟန်ရဲ့ နာရေးသတင်းက ပါလာသည်။ မနေ့ညကမှ သူမဆီ အားကိုးတကြီးနဲ့ ဖုန်းဆက်ခဲ့တဲ့ညီမလေး။

ပန်းသွန်းနဒီတစ်ယောက် ဝမ်းနည်းကြေကွဲကာ ငိုလို့မဆုံးတော့ပါ။

နာရေးကြော်ငြာထဲက လိပ်စာကို သေချာမှတ်ထားကာ ပုံစံဖျက်ပြီး သွားရောက်စုံစမ်းဖူးသည်။ ညီမလေးက ရုတ်တရက် နှလုံးရပ်ပြီးသေတာတဲ့လေ။ မနက်မိုးလင်းပြီး အခန်းထဲက တော်တော်နဲ့ ထွက်မလာလို့ ဝင်ကြည့်တော့ သေပြီတဲ့။

ပန်းသွန်းနဒီ ဘယ်လိုမှ မယုံကြည်နိုင်ပါ။ ထိုညက ကိုးနာရီလောက် ထိုးလုနီးနီးတွင် ဖြူစင်ဟန်က သူမဆီကို ဖုန်းဖုန်း





ဆက်ကာ သူမရဲ့ခံစားချက်ကို ဖွင့်ပြောသွားခဲ့သည်။ ဘာရယ်လို့ အတပ်မပြောနိုင်ပေမယ့် ထိုအချိန်က ညီမလေးသည် တစ်စုံတစ်ယောက်ကို အသေအလဲကြောက်နေခဲ့သည်။

ထိုည ဆယ့်နှစ်နာရီထိုးဖို့ နာရီဝက်အလိုတွင် ညီမလေး ဆုံးသွားသည်တဲ့။ သူမဆီငိုယိုပြီး ဖုန်းဆက်တုန်းက အကောင်းပကတိရှိခဲ့တာကိုသိတာမို့လည်း သူမရင်ထဲ သံသယစိတ်တို့က ပို၍ပင် ခိုင်မာနေခဲ့ရသည်။

သူမ နယ်ကိုမပြန်ဖြစ်တော့။ ရန်ကုန်က အသိဆရာဝန်ကြီးတစ်ဦးထံ ဆက်သွယ်ကာ ရန်ကုန်မှာပဲ ဆက်နေနိုင်ဖို့ ကြိုးစားခဲ့သည်။ သူမ ကံကောင်းသည်ဟုပြောရမလား။ သူမရဲ့မိတ်ဆွေဆရာဝန်ကြီး ဦးမြင့်စိုးက မတော်တဆ ကားအက်စီးဒင့်ဖြစ်ကာ အတိတ်မေ့ဝေဒနာခံစားနေရသော ကုမ္ပဏီပိုင်ရှင်သူဌေး လေးညို့ဆိုတဲ့လူတစ်ယောက်ကို ကုပေးနေရတဲ့ ဆရာဝန်ကြီးတစ်ယောက်ဖြစ်နေ၏။

တကယ့်ကို ရေကန်အသင့် ကြာအသင့်ပါပဲ။ သူမ ဆရာဝန်ကြီးအနားတွင် ပညာသင်ရင်း လက်ထောက်ဆရာဝန်တစ်ယောက်အဖြစ် အလုပ်ဝင်ခဲ့သည်။ ဆရာဝန်ကြီး ဦးမြင့်စိုးက

ကိုလေးညို့ဆိုတဲ့ လူနာကို တာဝန်ယူကုသပေးနေတဲ့ ဆရာဝန်ကြီး လေ။ ဒီအခြေအနေကို ပန်းသွန်းနဒီ ဘာဖြစ်လို့ လက်လွှတ်ခံရမလဲ။

ဆရာဝန်ကြီးက နိုင်ငံခြားခရီးစဉ်ရှိနေတော့ ဦးလေးညို့ကို စောင့်ရှောက်ဖို့ အထူးသူနာပြုဆရာမ ဦးလေးညို့အိမ်ကို သွားစေသည်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို သူမအတွက် အဆင်ပြေသွားရ၏။

ပန်းသွန်းနဒီ သွားချင်နေတာလေ။ ဒီခြံကြီးထဲက ညီမလေးအတွက် တရားမျှတသော အမှန်တရားတစ်ခုကို ရှာဖွေပေးဖို့ ဆုံးဖြတ်ထားသည့်အလျောက် သူမတို့ခြံထဲသို့ဝင်ရန် ခေါင်းညိတ်လက်ခံပစ်လိုက်တော့သည်။

ညီမလေး ပန်းယွန်းနဒီအတွက်ပါ။

ဖြူစင်ဟန်လို့ အများကသိထားတဲ့ ပန်းယွန်းနဒီအတွက်လေ။

◆ ◆ ◆

## အခန်း (၂)

"ဟင်...ညည်း...ညည်း...ဖြူ...ဖြူစင်ဟန်"

"ပန်းသွန်းနဒီပါ၊ ကျွန်မ ဒေါက်တာပန်းသွန်းနဒီပါ အဒေါ်"

ဟင်။

ဒေါက်တာပန်းသွန်းနဒီဆိုပါလား။

ကြည့်စမ်း မမလေးဖြူစင်ဟန်နဲ့ တစ်ပုံစံတည်း။ ရုပ်ချင်းခွဲမရလောက်အောင်ပဲ တူလွန်းတဲ့ ဒေါက်တာမလေး။

ရုတ်တရက်မြင်လိုက်ရချိန်တွင် ဒေါ်နုတစ်ယောက် သွေးပျက်မတတ် တုန်လှုပ်ချောက်ချားကာ ကယောင်ကတမ်း အော်မိမတတ်ပင် ဖြစ်သွားရ၏။ သို့ပေမယ့် မမလေးဖြူစင်ဟန်ကို

မျက်ဝါးထင်ထင် မီးသဂြိုလ်စက်ထဲထည့်ခဲ့တာကို ပြန်သတိရကာ အသိတရားလေးနှင့် ထိန်းချုပ်လိုက်သည်။

"လာ…လာပါကွယ်၊ ဧည့်ခန်းထဲမှာထိုင်ပါဦး ဒေါက်တာမလေးရယ်"

ဒေါ်နု ပျာပျာသလဲ ကြိုဆိုလိုက်မိသည်။

"အဒေါ်နာမည်က ဒေါ်နုပါ၊ ဒီတိုက်ကြီးရဲ့ ဝေယျာဝစ္စအားလုံးကို လုပ်ကိုင်ရတဲ့သူပေါ့၊ မောင်လေးညို့ ဘိုးဘွားလက်ထက်ကတည်းက ဒေါ်နုက ဒီတိုက်ကြီးထဲမှာ အလုပ်လုပ်တဲ့သူလေ၊ အခုတော့ အိမ်တော်ထိန်းကြီးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဒေါ်နု တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်မက ဦးနှောက်နဲ့ အာရုံကြောအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးစိုးမြင့်ရဲ့ လက်ထောက်ဆရာဝန်မ ဒေါက်တာပန်းသွန်းနဒီပါရှင့်၊ ဒါ ကျွန်မရဲ့မှတ်ပုံတင်နဲ့ အထောက်အထားစာရွက်စာတမ်းတွေပါ"

ပန်းသွန်းနဒီ ယုံကြည်အောင် စာရွက်စာတမ်းတွေ ထုတ်ပြမိသည်။

"ရပါတယ် ဒေါက်တာမလေးရယ်၊ ပြစရာမလိုပါဘူး၊ ဆရာဝန်ကြီးက ကြိုတင်ပြီး ဆရာမလေးရောက်လာမယ့်အကြောင်း





ကို ဖုန်းဆက်အကြောင်းကြားထားပြီးသားပါ၊ သူ နိုင်ငံခြားသွားစရာရှိလို့ ခဏလွှဲထားခဲ့မယ်လို့ ပြောထားပြီးသားပါ၊ နောက်ပြီးတော့ ဒေါ်နုတို့ဆိုတာကလည်း အိမ်ရှင်သူဌေးတွေမဟုတ်ပါဘူး၊ အိမ်တော်ထိန်းအဆင့်လောက်ပဲရှိတဲ့သူပါ၊ ဒေါက်တာမလေးလို ခေတ်ပညာတတ် မိန်းကလေးမျိုးအပေါ် ဘယ်လိုအကြောင်းမျိုးနဲ့မှ ယုံမှားသံသယမရှိပါဘူးကွယ်၊ အဓိကအရေးကြီးဆုံးက မောင်လေးညို့ရဲ့ ကျန်းမာရေးပါပဲ၊ အခုလို အတိတ်မေ့ဝေဒနာသည်ဖြစ်နေတာ မောင်လေးညို့ကို မမြင်ရက်ဘူးကွယ်၊ မောင်လေးညို့ကို အရင်က အတိုင်း ပြန်လည်ရပ်တည်နေစေချင်လှပြီ"

"အဟင်း…ဟင်း စိတ်ချပါအဒေါ်နု၊ ကျွန်မလည်း အတတ်နိုင်ဆုံး ကြိုးစားပေးမှာပါ၊ အတိတ်မေ့တဲ့သူက ဒီလိုပါပဲ၊ အချိန်ယူရတာများပါတယ်၊ စိတ်ပူစရာတော့မရှိပါဘူး အဒေါ်နု၊ ဒါနဲ့ ကားအက်စီးဒင့်ဖြစ်ပြီး ခေါင်းကိုထိခိုက်သွားတယ်လို့ပြောတယ်နော်၊ ကားမောင်းတုန်းက အရက်တွေဘာတွေများ"

"အမယ်လေး…ကြံကြီးစည်ရာ ဆရာမလေးရယ်၊ မောင်လေးညို့က အပျော်အပါး အသောက်အစားကင်းတဲ့ ကလေးတစ်ယောက်ပါ၊ စီးပွားရေးတစ်ခုကလွဲပြီး ခေါင်းထဲ ဘာမှထည့်

မထားတတ်တဲ့ကလေး၊ မိန်းမကိုလည်း တရားလွန်ချစ်တာ၊ အဲဒီ အချစ်စိတ်တွေကြောင့်ပဲ အခုလိုဘဝမျိုး ရောက်ခဲ့ရတာပါကွယ်"

အချစ်စိတ်ကြောင့်တဲ့။

ဟုတ်ရဲ့လား။

ဇနီးသည်ကို သိပ်ချစ်တယ်ဆိုတဲ့စကားက မှန်ကန်ရဲ့လား။ ဒေါ်နုတို့အမြင်မှာ အခုလိုမြင်တွေ့နေရပေမယ့် တကယ့်လက်တွေ့ ရင်ဆိုင်ကြုံတွေ့ရတဲ့ ညီမလေးယွန်းယွန်းမှာ ချစ်ခြင်းမေတ္တာတွေ ရရှိခဲ့ရဲ့လား။ လူတစ်ယောက်ရဲ့အတွင်းစိတ်ဆိုတာ အင်မတန် မှန်းရ ခက်သားပဲ။

လေးညို့ဆိုတဲ့သူ ရခဲ့တဲ့ဝေဒနာဆိုတာ နည်းနည်းလေးပါ။ ညီမလေးမှာသာ အသက်ကို ပေးဆပ်လိုက်ရတဲ့အထိ ဆုံးရှုံးမှုကြီး ဖြစ်ခဲ့တာ။ ဒါဟာ သိပ်ချစ်လို့တဲ့လား။ ရုတ်တရက် နှလုံးရပ်ပြီး သေဆုံးသွားရတဲ့ ညီမလေးယွန်းယွန်း။

မယုံဘူး။

လုံးဝမယုံဘူး။

ယွန်းယွန်းပြောခဲ့တဲ့စကားတွေထဲမှာ သူ့ယောကျ်ားက သူ့အပေါ် အရမ်းကိုအေးစက်တာဆိုတဲ့ အကြောင်းအရာတွေပဲ ပါနေ





တာလေ။ ရှေ့ပုံပေါ်မှာနေရပေမယ့် သူလုံးဝမပျော်ဘူးဆိုတဲ့ စကား သံက ဘာကြောင့်ထွက်ပေါ်လာရတာလဲ။

ယွန်းယွန်းကိုကြည့်ရတာ အပျော်အပါးမက်တဲ့ ခပ်ပေါ့ ပေါ့လေးဆိုတာတော့ သူမလည်း သတိထားမိပါသည်။ယောကျ်ား က စီးပွားအရှာကောင်းသူမို့လားမသိ အသုံးကြီးတာတော့ သူမ မျက်မြင်ပဲဖြစ်သည်။

ယွန်းယွန်းပုံစံက ကျန်းမာရေးချို့တဲ့နေတဲ့ သူမျိုးလည်း မဟုတ်။ ဒါနဲ့များတောင် နှလုံးရပ်ပြီး ရုတ်တရက်ကြီးသေဆုံးသွား တာကြီးကတော့ အရမ်းကိုထူးဆန်းလွန်းနေသည်။

ပြီးတော့ ယွန်းယွန်းသေဆုံးတဲ့ နေ့နဲ့ ကိုလေးညို့ကား အက်စီးဒင့်ဖြစ်ပြီး ဆေးရုံတက်ရတဲ့နေ့က တစ်ရက်တည်းဖြစ်နေပြန် ပါသည်။

ဒါ သံသယဖြစ်စရာ အကောင်းဆုံးတွေချည်းပဲ ဖြစ်မနေ ဘူးလား။ ခေါင်းမှာ ထိခိုက်မိတဲ့ဒဏ်ရာနဲ့ အတိတ်မေ့သွားတယ်တဲ့ လေ။

"ဒေါက်တာမလေး"

"ဒေါက်တာမလေး"

"ရှင်…ဩော်…အင်း ဒေါ်နု"

"ဒေါက်တာမလေးနာမည်က ပန်းသွန်းနုဒီနော်"

"ဟုတ်ပါတယ်"

"ဒေါက်တာမလေးဆီမှာရော ညီအစ်ကိုမောင်နှမတွေရော ရှိသေးလားဟင်"

"ရှင်…ဟို မရှိပါဘူး၊ ကျွန်မက တစ်ဦးတည်းသောသမီးပါ၊ ဘာဖြစ်လို့လဲဟင် ဒေါ်နု"

"အံ့ဩလို့ပါကွယ်"

"ရှင်"

"ဟုတ်တယ် ဒေါက်တာမလေးရယ်၊ နာမည်တူမရှားလူတူမရှားဆိုတဲ့စကားက အခုတော့ တကယ်ဟုတ်နေပါလားဆိုပြီး ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်လောက်အောင်ကိုပဲ ဖြစ်နေတာပဲ ဒေါက်တာမလေးရယ်၊ ဒေါက်တာမလေးနဲ့ မောင်လေးညို့ရဲ့ဇနီး ဖြူစင်ဟန်က ရုပ်ချင်းခွဲမရအောင်ကိုပဲ တူလွန်းတာများ မသိရင် တစ်ယောက်တည်းလိုပါပဲ၊ အမြွှာပူးညီအစ်မများလား စဉ်းစားမိလို့ပါ"

"အို"





ဒေါ်နုစကားကြောင့် ပန်းသွန်းနုဒီမျက်နှာလေး ကွက်ခနဲ ပျက်သွားရသည်။ ရုပ်ချင်းတူမှာပေါ့လေ။ ဆယ့်ငါးမိနစ်ပဲခြားပြီး မွေးခဲ့တဲ့ အမြွှာပူးညီအစ်မအရင်းတွေပဲဟာ။

ဒါကို ဒေါ်နုသိသွားလို့မဖြစ်သေးပါဘူး။ ဘာရယ်မဟုတ်ဘဲ ဒေါ်နုမေးပေမယ့် သူမငြိမ်နေလိုက်၏။ ဒေါ်နုဆိုတာ ကိုလေးညို့တို့ ဘိုးဘွားလက်ထက်ကတည်းက အတူတူနေလာတဲ့ လူယုံအိမ်ဖော်ကြီးတစ်ယောက်။

ကိုလေးညို့လက်ထက်မှာ အိမ်တော်ထိန်းကြီးအနေနဲ့ ရှိနေတဲ့ ဒေါ်နုကိုလည်း ယုံစားပြီး ရင်ဖွင့်လို့မဖြစ်ပါ။

သူမကိုမြင်တွေ့လိုက်စဉ်အချိန်မှာ ခြံစောင့်ကြီး ဦးမိုက်တီးရဲ့ ပျက်ယွင်းနေတဲ့အမူအရာတွေ။ မုန်းတီးစက်ဆုပ်နေတဲ့ မျက်ဝန်းအကြည့်တွေ။ ဖြူစင်ဟန်လို့ထင်ပြီး သွေးပျက်တုန်လှုပ်ချောက်ချားသွားတာတွေ အားလုံးကလည်း သံသယဖြစ်စရာတွေချည်းပင်။

ဘာကြောင့် အခုလိုဖြစ်သွားရတာလဲ။

အခုကိစ္စမှာ ကိုလေးညို့တစ်ယောက်တည်း မသင်္ကာစရာကောင်းတဲ့ အဓိကလူတစ်ယောက်မဟုတ်ဘူးလား။ ခြံစောင့်ဦးမိုက်တီးကပါ ညီမလေးကိုမုန်းနေတဲ့သူဆိုတော့ သံသယဖြစ်ရမယ့်သူက

နောက်တစ်ယောက်ထပ်တိုးလာသည်။ ညီမလေးသေဆုံးသွားတာက ရုတ်တရက်ကြီးလေ။

ဒေါ်နုကတော့ အေးဆေးပဲ။

သူမကိုမြင်လိုက်တဲ့ အချိန်မှာ အံ့သြသွားတာကလွဲပြီး အမူအရာက တည်ငြိမ်နေသည်။ အေးဆေးစွာပင် ညှော်ခံပြီးစကားပြောဆိုနေ၏။ သို့ပေမယ့် ဒေါ်နုစိတ်ထဲမှာလည်း ညီမလေးနဲ့ပတ်သက်ပြီး ကျေနပ်နှစ်သက်မှုရှိမနေတာတော့ သူမလည်း သတိထားမိသည်။

ကိုလေးညို့လူတွေဆိုတော့ သခင်ဘက်ကပဲ ရပ်တည်ချင်တဲ့ သဘောကလွဲပြီး ညီမလေးယွန်းယွန်းအပေါ်မှာတော့ အငြိုးတကြီးဖြစ်နေဟန်တော့မရှိချေ။

"ဒေါ်နု"

"ပြောပါ ဒေါက်တာမလေး"

"ဖြူစင်ဟန်နဲ့ ကျွန်မ အဲဒီလောက်တောင်ပဲတူသလား"

"အင်း…ချွတ်စွပ်ပဲ"

"အံ့သြစရာပဲ"

"ဒါပေမယ့် ဒေါက်တာမလေးက အေးဆေးတည်ငြိမ်တဲ့





အသွင်ပိုဆောင်ပါတယ်၊ ဖြူစင်ဟန်ကပြောတယ်လေ၊ ခေတ်ရေ့ကို တစ်လံလောက်ကြိုပြေးချင်နေတဲ့ ကလေးမလေ၊ လူကလည်း အရမ်းလှတာကို၊ သူဘယ်လိုအဝတ်အစားပဲ ဝတ်ဝတ် လိုက်ဖက်ပြီး ကြည့်လို့ကောင်းနေတာချည်းပါပဲ၊ ယောကျ်ားလေးတွေ ရင်ခုန်မူးယစ်စရာကောင်းလောက်တဲ့ အလှမျိုးကို သူက ပိုင်ဆိုင်ထားတာ၊ စကားပြောရင်လည်း ချွဲနွဲ့နေတာပဲ၊ မောင်လေးညို့ကလည်း သိပ်ချစ်တာပါ၊ သူဘယ်လောက်ပဲဆိုးဆိုး နောက်ဆုံး ခေါင်းတညိတ်ညိတ်နဲ့ကို ခွင့်လွှတ်လိုက်လျှောလိုက်တာချည်းပဲ၊ တစ်ခါတလေ ဒေါ်နုတို့တောင် မောင်လေးညို့ရဲ့ ချစ်ခြင်းမေတ္တာကို အံ့သြမိတယ်"

"ဒါနဲ့ ကိုလေးညို့ကို မတွေ့ရသေးဘူးနော်"

"အိပ်နေလို့ပါ ဒေါက်တာမလေး၊ သွားနှိုးပေးရမလားဟင်"

"ဟာ…မနှိုးပါနဲ့၊ အိပ်ပါစေ၊ အိပ်ပါစေ၊ မတွေ့မိသေးလို့ မေးလိုက်တာပါ ဒေါ်နု၊ ဘာပဲပြောပြော အိပ်နေတယ်ဆိုလည်း ကောင်းတာပါပဲ၊ အိပ်ရေးဝတော့ လူကအားလည်းရှိမယ်လေ၊ လန်းဆန်းတာပေါ့"

"ဟုတ်ကဲ့ ဒေါက်တာမလေး"

"ကဲ...ကျွန်မလည်း ပင်ပန်းပြီဒေါ်နု"

"အို...ဟုတ်သားပဲ မေ့နေလိုက်တာ ဒေါက်တာမလေး ရယ်၊ လာ...လာ ဒေါက်တာမလေးနေဖို့ အခန်းကို ဒေါ်နုလိုက်ပြမယ်"

"ကျေးဇူးပဲ ဒေါ်နု"

သူမ စကားစကို ဖြတ်လိုက်မိသည်။

ဒီနေ့က ရွှေလိပ်ပြာခြံကြီးထဲကို ရောက်ရှိလာတာ ပထမဦးဆုံးနေ့မဟုတ်လား။ စကားတွေသိပ်ပြောလို့ မကောင်း။

ပြီးတော့ ကိုလေးညို့ဆိုတဲ့လူ။ သူမ အတွေ့ချင်ဆုံးလူက အခုထိ သူမနဲ့ မျက်နှာချင်းဆိုင် မဆုံတွေ့ရသေးချေ။

"ကျွန်မ အဝတ်အစားအိတ်တွေ"

"ထားလိုက် ဒေါက်တာမလေး၊ အိမ်ကကောင်မလေးတွေကို သယ်ခိုင်းလိုက်မယ်၊ ဒေါက်တာမလေး ဒေါ်နုနောက်က လိုက်ခဲ့နော်"

"ဟုတ်ကဲ့ ဒေါ်နု"

ဒေါ်နုဆိုတဲ့ အိမ်တော်ထိန်းကြီးကတော့ မဆိုးပါဘူး။ ဟန်ပန်အမူအရာရော၊ စကားပြောတာဆိုတာကအစ





ချောမွေ့ပြေပြစ်သည်။ မျက်နှာကလည်း အသက်အရွယ်ကြီးရင့်တာ တစ်ခုကလွဲပြီး ကြည်ကြည်မွေ့မွေ့ပါပဲ။ ဒေါ်နုကိုတော့ သူမ ခင်မင်သွားမိသည်။

ရှေ့ကနေ အပြုံးချိုချိုလေးနဲ့ ထွက်သွားတဲ့ ဒေါ်နုနောက်သို့ သူမလိုက်သွားမိသည်။

အပေါ်ထပ်လှေကားထစ်တွေအတိုင်း တက်သွားပြီး အပေါ်ရောက်တော့ စေ့ပိတ်ထားသည့် အခန်းတံခါးပေါက်ဝတစ်ခုရှေ့တွင် ဒေါ်နု ရပ်သွားသည်။

"ဒေါက်တာမလေး၊ လာလေ ဒီအခန်းပဲ"

"ဟုတ်"

ဒေါ်နုက အခန်းတံခါးဖုသီးလေးကို လှည့်ဖွင့်ပြီး အခန်းထဲဝင်သွားသည်။ သူမနောက်ကနေ လိုက်ဝင်သွားလိုက်၏။

မဆိုးပါဘူး။ အခန်းက ကျယ်သားပဲ။ ပြီးတော့ အခန်းထဲမှာ ခုတင်နဲ့ အိပ်ရာအပြင် မှန်တင်ခုံရော၊ အဝတ်အစားဘီဒိုလည်း ရှိသည်။ စာရေးစားပွဲခုံတစ်စုံလည်းရှိ၏။ TV နဲ့ အောက်စက်တစ်စုံ တွဲရှိသည်။ ရေခဲသေတ္တာအသေးစားလေးလည်း ထားပေးထားသေး၏။

"ရေချိုးခန်း အိမ်သာတွဲလျက်ရှိတယ်၊ အထဲမှာတော့ လိုအပ်တာတွေ ထည့်ပေးထားတာပဲ၊ ဒေါက်တာမလေး မနှစ်သက်တာများရှိရင် ဒေါ်နုကိုပြောနော် အားမနာနဲ့၊ ဒေါ်နု ချက်ချင်းပြန်လဲပေးမယ်"

"ရပါတယ် ဒေါ်နု၊ ကျွန်မအတွက် နေထိုင်ဖို့ အဆင်ပြေပါတယ်၊ ဘာမှမလိုတော့ပါဘူး"

"ဒေါက်တာမလေး"

"ရှင်"

"နေ့လယ်စာရော စားလာရဲ့လား၊ မစားရသေးဘူးဆိုရင် ဒေါ်နု သွားပြင်ဆင်ခိုင်းလိုက်မယ်လေ"

"စားလာခဲ့တယ် ဒေါ်နု၊ မလုပ်နဲ့တော့"

"ဒါဆိုလည်း အအေးလေးဘာလေးသောက်ပြီး အမောဖြေ နားလိုက်တော့လေ၊ ရေခဲသေတ္တာထဲမှာ အပြည့်အစုံထည့်ပေးထားတယ် ဒေါက်တာမလေး"

"ဟုတ်ကဲ့ ဒေါ်နု"

"ဒါဆို ဒေါက်တာမလေး နားလိုက်တော့နော်၊ အဝတ်အစားအိတ်တွေသယ်ပြီး ကောင်မလေးတွေလာပို့လိမ့်မယ်"





"ဟုတ်ကဲ့ ဒေါ်နု"

ဒေါ်နုက အခန်းတံခါးညင်သာစွာ ပြန်စေ့ပိတ်ပေးပြီး အခန်းထဲက ထွက်သွား၏။

ဒီတော့မှ ပန်းသွန်းနုဒီလည်း သက်ပြင်းမောကလေးကို ချလိုက်မိတော့သည်။

ယွန်းယွန်းရယ်။

နင့်အတွက် ငါရောက်လာတာပါ။ ငါ့ကို နင်ကူညီရမယ်နော် ယွန်းယွန်း။

◆ ◆ ◆

# အခန်း (၃)

"မောင်လေးညို...ဒါက ဆရာဝန်ကြီး ဦးမြင့်စိုး တာဝန်လွှဲပေးသွားတဲ့ ဒေါက်တာပန်းသွန်းနုဒီဆိုတဲ့ ဆရာဝန်မလေးပဲ၊ ဒီနေ့ လယ်ကမှ ရောက်လာတာ"

ဒေါ်နု မိတ်ဆက်ပေးလိုက်တာနှင့် သူ့မျက်ဝန်းစူးတောက်တောက်တွေက သူမဆီ ဖျတ်ခနဲ ရောက်လာ၏။

အို...။

စူးနင့်သောမျက်ဝန်းအကြည့်ကြောင့် ပန်းသွန်းနုဒီရင်ထဲ စိမ့်ခနဲအေးသွားရသည်။

ကြည်လင်ကာ ချောမွေ့သော မျက်နှာသွင်ပြင်ကို ပိုင်ဆိုင်ထားတဲ့ ယောကျ်ားတစ်ယောက်။ အသားအရေကလည်း ဖြူဝင်း

ဝိုးမိုးစာပေ

နှစ်ကာ စိုလဲ့နေသည်။ အသက်အရွယ်က သုံးဆယ်ဝန်းကျင်ဆိုပေမယ့် ထင်ပင်မထင်ရအောင် သူ့အသွင်က ငယ်နုနေသေးသည်။ ယွန်းယွန်းထက် ငါးနှစ်လောက် အသက်ကွာတယ်ဆိုတော့ သူမနဲ့လည်း အသက်ငါးနှစ်နီးပါး ကြီးတာပဲပေါ့။

"ဟုတ်ကဲ့ဒေါက်တာ၊ ထိုင်ပါခင်ဗျာ"

ညြရှုရှအသံက အေးအေးငြိမ့်ငြိမ့်လေး ဖြစ်နေပြီး နားထောင်ရတာ အင်မတန်မှပင် အဆင်ပြေပါသည်။ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်ဆိုသော အရှိန်အဝါကြောင့်လားမသိ စကားပြောဆိုပုံဟန်ပန်ကအစ တည်ငြိမ်ကာ အေးဆေးနူးညံ့လွန်းနေ၏။

သူ့ရှေ့မျက်နှာတည့်တည့်က ဆိုဖာတွင် သူမ ညင်သာစွာ ဝင်ထိုင်လိုက်မိသည်။

ဒါဟာ အကဲခတ်လို့အကောင်းဆုံး အနေအထားရ အောင်လို့ပါ။ မျက်နှာရိပ်မျက်နှာကဲ ဖမ်းလို့ရအောင် တမင်ပဲ ခုံနေရာကို ရွေးထိုင်လိုက်တာ။

"ကျွန်မ ပန်းသွန်းနဒီပါ ကိုလေးညို့၊ ဒေါက်တာဦးစိုးမြ က်လွှဲပေးခဲ့တဲ့တာဝန်နဲ့ ရောက်လာတာပါ"

"ဟုတ်ကဲ့ခင်ဗျ"





ကြည့်စမ်း သူ့မျက်နှာအမူအရာက တစ်စက်ကလေးမှ မပြောင်းလဲသွားပါ။ တကယ်ဆို အနည်းဆုံးတော့ သူ့ဇနီးဖြစ်ခဲ့ဘူးတဲ့ ဖြူစင်ဟန်နဲ့ သူမက ရုပ်ချင်းခွဲမရအောင်တူနေတာမဟုတ်လား။ သူမမျက်နှာကို မြင်လိုက်တာနှင့် သူ့ဘက်က တစ်ခုခုတော့ဖြစ်သွားသင့်သည်။

အတိတ်မေ့လို့ လူတွေကို မမှတ်မိတော့ဘူး။ ဘာကိုမှလည်း သတိမရတော့ဘူးဆိုပေမယ့် ဒေါ်နုတို့၊ ခြံစောင့်ဦးမိုက်တီးတို့ကိုတောင် သိသိမှတ်မှတ်ပြုထားသေးလျှင် ဖြူစင်ဟန်နဲ့ ပတ်သက်ပြီးလည်း သူသိနေသင့်သည်။

"ဆရာဝန်ကြီးက နိုင်ငံခြားပညာတော်သင်ခရီးစဉ်တစ်ခု ရှိနေလို့ လွှဲခဲ့တာဆိုပေမယ့် လိုအပ်တာမှန်သမျှတော့ ကျွန်မဆီ ဖုန်းဆက်ညွှန်ကြားပေးမှာပါ ကိုလေးညို့"

"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါတယ်၊ ဒေါက်တာကိုလည်း အားကိုးပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အတိတ်ကို အမြန်ဆုံးပြန်သတိရချင်လို့ပါ၊ အရင်က ဘာတွေဖြစ်ခဲ့သလဲ၊ ကျွန်တော် ဘယ်လိုရပ်တည်ရှင်သန်ခဲ့သလဲ၊ အဲဒီပျောက်ဆုံးနေမှုတွေကို အမြန်ဆုံးပြန်ရှာချင်ပါတယ်၊ အခုလိုနေရတာ မပျော်

ဘူးဗျာ၊ လူက အစိမ်းသက်သက်ကြီးလိုဖြစ်နေရတာ စိတ်ပျက်တယ်။ လူဖြစ်ပြီး ကိုယ့်နာမည်ကိုတောင် သူများက ပြန်ပြောပြနေရတဲ့ အခြေအနေကြီးကတော့ အခံရခက်ပြီး သိပ်ဆိုးဝါးတာပဲ ဒေါက်တာရယ်''

ဟင်…တစ်မျိုးပါလား။

သူကပိုပြီးတော့တောင် အတိတ်ကိုပြန်သတိရချင်နေသတဲ့လေ။ စိတ်အားထက်သန်စွာပင် ပြောပြနေသေး၏။

သူ့မျက်နှာကို သေချာစိုက်ကြည့်မိသည်။

ဟန်ဆောင်ကောင်းနေတာလား။

ဒီလိုလည်းမဟုတ်။ သူ့မျက်လုံးတွေက အရမ်းကိုရိုးသားပြီး ဖြူစင်နေတာပါ။ သို့ပေမယ့်လည်း ယုံတော့မယုံနိုင်သေးချေ

''ဖြစ်လာမှာပါ ကိုလေးညို၊ ရှင့်ဆန္ဒတွေ မကြာခင် ပြည့်ဝလာမှာပါရှင်၊ သိပ်လည်း စိတ်မပူပါနဲ့၊ ဒီလိုရောဂါမျိုးက အချိန်လေးတစ်ခု စောင့်စားရတာကလွဲပြီး ပြန်မကောင်းနိုင်စရာမ ပါဘူးရှင်''

''ဟုတ်ကဲ့ ဒေါက်တာ၊ ဆရာဝန်ကြီး ဦးမြင့်စိုးကလည်း အခုလိုပဲ အားပေးပါတယ်၊ စိတ်အားထက်သန်ရင် ဘာမဆိုဖြစ်





တယ်တဲ့လေ''

''ဒါနဲ့ ဖြူစင်ဟန်ဆိုတာကိုရော ရှင်သိလား ကိုလေးညို''

''ဟုတ်ကဲ့၊ ဒေါ်နုပြောပြချက်အရ ကျွန်တော့်ဇနီးဆိုတာတော့သိပါတယ်''

ဒေါ်နု ပြောထားတာဆိုတော့ သူလုံးဝမှသိတော့ဘူးဆိုပါတော့။ ထားပါလေ သူကအတိတ်မေ့နေသူလို့ သတ်မှတ်ထားခြင်းခံရတဲ့သူကိုး။ ဒီလောက်တော့ရှိမှာပေါ့။

ထူးဆန်းတာက ဖြူစင်ဟန်ဟာ ဇနီးမယားတစ်ယောက်ဆိုတာ သိနေပြီး ရုပ်ရည်ကို မမြင်ဘူးတဲ့သူတစ်ယောက်လိုရှိနေတာ ဘာကြောင့်လဲ။

''ရှင် သူ့ကိုရော လုံးဝမမှတ်မိဘူးလား၊ အာရုံထဲမှာ ပုံပေါ်လာပြီး မြင်ယောင်သလိုလိုရှိတာမျိုးတို့လေ၊ ရှင်မခံစားရဘူးလား''

''မမှတ်မိဘူးဗျ၊ ဆေးရုံကနေ ကျွန်တော့်ကို ဒေါ်နုနဲ့ ဒရိုင်ဘာခြစောင့် ဦးမိုက်တီးတို့လာခေါ်ကြတာ၊ အိမ်ရောက်တော့ ကျွန်တော့်အကြောင်းကို ပြောပြကြတယ်၊ လူတွေကို မှတ်မိအောင် ပြန်မိတ်ဆက်ပေးကြတယ်၊ ဇနီးကတော့ နှလုံးရောဂါနဲ့ဆုံးသွားတယ်

ဆိုတာ ကျွန်တော်သိရတယ်၊ သူ့မျက်နှာကိုတောင် ကျွန်တော် စဉ်းစားကြည့်လို့မရဘူးဖြစ်နေတယ်၊ ဓာတ်ပုံရှိလားလို့မေးကြည့်တော့ လင်မယားစကားများကြတုန်းက စိတ်ဆိုးပြီး မီးရှို့လို့ တစ်ပုံမှ မရှိတော့ဘူးတဲ့လေ၊ ဒါကြောင့် သူ့ကိုမမြင်ဖူးတော့ဘူး၊ ဒါပေမယ့် ကျွန်တော့်ရှေ့မှာထိုင်နေတဲ့ ဒေါက်တာကို မြင်ရတော့ တစ်မျိုးပဲဗျာ၊ ဒေါက်တာကို အရင်က မြင်ဖူးသလိုလို၊ သိကျွမ်းဖူးသလိုလို တရင်းတန်းရှိနေတဲ့ ခံစားမှုမျိုးတော့ ဖြစ်နေတယ်၊ ဒါပေမယ့် မသိလည်း မသိသလိုပါပဲလေ၊ စိတ်ထဲထင်နေလို့လည်း ဖြစ်မှာပေါ့၊ ဘာကယ်က ကျွန်တော်မသိပါဘူး"

"အင်း…ရှင် ကျွန်မကို မြင်လိုက်ချိန်မှာ ရင်းနှီးသလိုလို ခံစားရတယ်ဆိုရင်တော့ မဆိုးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ဒီခြံထဲကိုဝင်လိုက်တာနဲ့ ခြံထဲမှာရှိတဲ့ ဦးမိုက်တီးရော၊ အိမ်တော်ထိန်းကြီး ဒေါ်နုကပါ ဖြူစင်ဟန်ပြန်လာတာလားဆိုပြီး အံ့သြနေကြသေးတာပဲ၊ ကျွန်မနဲ့ ရုပ်ချင်းဆင်တယ်လို့ ပြောကြတယ်လေ"

"ဟင်…ဟုတ်လား"

သူ့မျက်ခုံးထူနက်နက်လေး ပင့်ဟက်ကာ ပါးစပ်အဟောင်းသားကလေးနှင့် သူမကို တအံ့တသြကြည့်သည်။





သူလုံးဝမမြင်ဖူးခဲ့တဲ့ မျက်နှာကို သေချာကြည့်နေတဲ့ သူ့မျက်ဝန်းတွေ။

လင်မယားချင်းစကားများလို့ ဓါတ်ပုံတွေတောင် မီးရှို့ပစ်တဲ့အထိဆိုတော့ အိမ်ထောင်ရေးပြဿနာက သာမန်တော့မဟုတ်ချေ။ ဒါဟာ သိပ်ချစ်တယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လုပ်ရပ်တွေတဲ့လား။

"ဆရာမနဲ့တူတယ် ဟုတ်လား ဒေါ်နု"

သူက ဘေးမှာရပ်နေတဲ့ ဒေါ်နုကို ပြန်မေးနေ၏။

"ဟုတ်တယ် မောင်လေးညို့၊ ဒေါက်တာပန်းသွန်းနဲ့ တစ်ပုံစံတည်းပဲ၊ အမြွှာပူးဆို ယုံလောက်တယ်"

ဒေါ်နုကလည်း ဝင်ဖြေပါသည်။

"ဟာ…ဒါကြောင့် ရင်းနှီးသလိုလို၊ မြင်ဖူးသလိုလို ဖြစ်နေတာကို"

သူ့ပုံစံက အေးဆေးပင်။

"ဘာပဲပြောပြော အခုလိုခံစားချက်မျိုး ရှိနေတယ်ဆိုတာတော့ အခြေအနေကောင်းလာတာပါပဲ၊ ကျွန်မရောက်လာရကျိုးနပ်သွားတာပေါ့ရှင်၊ ဆရာက ကျွန်မကိုတာဝန်ပေးထားတာလေ၊

ရှင့်ကို သေချာဂရုစိုက်ကုပေးဖို့ပေါ့"

သူမျက်ဝန်းတွေက သူမမျက်နှာလေးဆီက မခွာချေ။ သူ့ကိုလေးစားတောင့်တနေတဲ့ အရာတစ်ခုကို ရှာရိုလိုက်တဲ့ ကလေးငယ်တစ်ယောက်ရဲ့ ပုံစံမျိုးလိုပါ။ သူ့ဇနီးဓာတ်ပုံတောင် မရှိတော့လို့ မမှတ်မိဘူးဆိုပြီး စိတ်ဓာတ်ကျနေတဲ့သူက အခုတော့ သူ့ဇနီးနဲ့ ရုပ်ချင်းဆင်ပါတယ်ဆိုတဲ့ သူမကို သေချာကိုစိုက်ကြည့်နေသလိုမျိုး။ အဲဒီလိုကျပြန်တော့လည်း သူမ မနေတတ်ပြန်ပါ။

"ကိုလေးညို"

"ဟုတ်ကဲ့ ပြောပါ"

"ရှင် အရင်ကအဖြစ်အပျက်တွေကို ပြန်စဉ်းစားမကြည့်ဘူးလားဟင်"

"စဉ်းစားပါတယ်၊ ဒါပေမယ့် စဉ်းစားလိုက်တိုင်း ခေါင်းတွေတအားကိုက်လာတယ်၊ မရဘူးဗျာ"

"အင်း"

သူမခေါင်းလေးပဲ တဆတ်ဆတ်ညိတ်နေလိုက်သည်။

ဒီလိုပြောမှာပဲလေ။ အတိတ်မေ့နေပါတယ်လို့ ကြွေးကြော်ထားတဲ့လူတစ်ယောက်က ဘယ်လိုလုပ်ပြီး စဉ်းစားလို့ရပြီဆိုပြီး





ဝန်ခံပါ့မလဲ။

ရှင် သရုပ်ဆောင်ကောင်းပြနေတာလား။

ရှင့်ပုံစံကိုကြည့်လိုက်တာနဲ့ ကျောက်ရုပ်တောင် ခေါင်းညိတ်ယုံချင်စရာပဲ။ ခက်တာက ပန်းသွန်းနဒီဆိုတဲ့ ကျွန်မစိတ်ပဲ။ ကျွန်မက ဘယ်အရာကိုပဲဖြစ်ဖြစ် အလွယ်တကူမယုံတတ်တာပဲ။

ပြီးတော့ ပန်းယွန်းနဒီ မတရားသေဆုံးခဲ့ရမှု။

ဒါကို ကျွန်မရအောင်ဖော်ထုတ်မှာ။

ကျွန်မညီမလေး ရုတ်တရက်သေဆုံးတာကို သွေးရိုးသားရိုးလို့ ဘယ်လိုမှကို မသတ်မှတ်နိုင်ဘူး။

တကယ်လို့ ညီမလေးက တကယ်ပဲ သွေးရိုးသားရိုးသေဆုံးခဲ့တာမှန်နေရင်တောင် ကျွန်မညီမရဲ့စိတ်တွေကို အကြီးမားဆုံး ဒုက္ခပေးခဲ့တဲ့ ရှင့်ကို လုံးဝခွင့်မလွှတ်နိုင်ဘူး လေးညို။

တန်ပြန်မှုတစ်ခုတော့ ရှင့်ကို ကျွန်မကပြန်ပေးမှာ သိလား။ ဒါကို ရှင်မြဲမြဲသာမှတ်ထားလိုက်ပါ။

ပန်းသွန်းနဒီတစ်ယောက် ရွှေလိပ်ပြာခြံထဲကို ရောက်ရှိလာခြင်းဟာ ရှင့်အတွက် ကံကောင်းခြင်းဆိုတာ လုံးဝကိုမရှိဘူးဆိုတာပဲ လေးညို။

"ဒေါက်တာ"

"ရှင်"

"ဖြူစင်ဟန်ဟာ ဒေါက်တာနဲ့ တကယ်ပဲတွေ့သလား ဟင်"

"အဲဒါ ကျွန်မမသိဘူးလေ၊ ဒေါ်နုတို့ပြောတာပဲ၊ ဘာဖြစ်လို့လဲ ကိုလေးညို့"

"တော်တော်လှလို့ပါ"

"ရှင်"

"သူဟာ မိန်းမလှလေးတစ်ယောက်ပဲဆိုတာ မြင်တွေ့နေရလို့ပါ၊ ခက်တာက သူဘာကြောင့် နှလုံးရောဂါနဲ့ သေဆုံးသွားရသလဲဆိုတာပဲ"

"သူက အစကတည်းက ရောဂါရှိလို့လား ကိုလေးညို့"

"အဲဒါ ကျွန်တော်မသိဘူး၊ ဒေါ်နုမေးကြည့်မှပဲ ရမယ်ထင်တယ်၊ လုံးဝကို ပြန်စဉ်းစားမရတော့ဘူးလေ"

အဟွန်း…ဟုတ်ရဲ့လား ကိုလေးညို့ရယ်။

ရှင် ဘာမှမသိတော့ဘူးဆိုတာ တကယ်ရောဟုတ်လို့လား။ ထားလိုက်ပါတော့။ ရှင်မသိဘူးဆိုလည်း မသိဘူးပေါ့။ ရှင်ဘယ်





လောက်ထိ သရုပ်ဆောင်ကောင်းကောင်းနဲ့ နေပြမှာလဲ စောင့်ကြည့်ရသေးတာပေါ့ လေးညို့ရယ်။

"ဒေါ်နုပြောပြတဲ့ အကြောင်းအရာတွေထဲမှာရော သူနဲ့ သက်ဆိုင်တဲ့အကြောင်း မပါဘူးလား"

သူမ ခပ်တည်တည်ပဲမေးလိုက်သည်။

"လိုအပ်လို့လား ဒေါက်တာမလေး"

မေးသူက ဒေါ်နု။

လေသံက အနည်းငယ်တင်းမာနေသယောင်ပါ။

"လိုပါတယ် ဒေါ်နု၊ ဘာပဲဖြစ်ဖြစ် ကိုလေးညို့ ပြန်စဉ်းစားလို့ရတာပေါ့၊ ကိုလေးညို့နဲ့ အနီးကပ်ဆုံးနေခဲ့ဖူးတဲ့ သူတစ်ယောက်ပဲလေ"

"အနီးကပ် ဟုတ်လား"

"ရှင်"

"ဒေါက်တာမလေးရဲ့အတွေးက ကောင်းရင်ကောင်းမှာပါ၊ ဒါပေမယ့် ဖြူစင်ဟန်ဟာ မောင်လေးညို့နဲ့ အနီးကပ်ဆုံးလူ တစ်ယောက် မဟုတ်ခဲ့ပါဘူး"

"ရှင်"

"သူ့အကြောင်းပြောရင်လည်း အကောင်းမှမရှိတာ"

အို…။

ဒါ ဘာအဓိပ္ပာယ်တွေလဲ။

လင်နဲ့မယား။ အနီးကပ်ဆုံးလူတွေ မဟုတ်ဘူးတဲ့လား။

ခေါင်းရှုပ်စရာပဲ။

စကားသံတွေက တိခနဲနေအောင်ပင် တိတ်ဆိတ်သွားသည်။ ကိုလေးညို့မျက်ဝန်းအကြည့်တွေက ဒေါ်နုရဲ့မျက်နှာဆီမှ စူးနင့်စွာကျရောက်လို့။

သိချင်နေပါတယ်ဆိုတဲ့ ပုံစံမျိုး။

သူမ ဘယ်လိုနားလည်ရမှန်းပင်မသိတော့။

စိတ်ရှုပ်လိုက်တာ။ အခုမှပဲ ဘဲဥအစရှာသလို ဖြစ်နေရပြီလေ။

◆ ◆ ◆



## အခန်း (၄)

"ဟင်းတွေအားလုံးက အချိုချက်တွေချည်းပဲနော် ဒေါ်နု၊ ကြက်သားကလည်း ပဲငံပြာရည်နဲ့အချိုပဲ၊ အစိမ်းကြော်ကလည်း အချို၊ ပဲနှပ်ကလည်း အချို၊ ခဝဲသီးကြော်ချက်ကလည်း အချို၊ ငါးခြောက်ထောင်းကြော်ကလည်း အချို၊ ဒီအိမ်မှာ အချဉ်ရည်သိပ် မစားကြဘူးထင်တယ်"

စားပွဲပေါ် ပြင်ဆင်ပေးထားတာတွေကြည့်ပြီး ထမင်းစားရမည့် ပန်းသွန်းနုဒီပင် ရင်တစ်ခါတည်းနဲ့ ပြည့်သွားသလိုခံစားလိုက်ရသည်။ သူမက ဟင်းဆို အဆီအစိမ့်တွေ သိပ်မကြိုက်တတ်။ ဟင်းဝိုင်းမှာလည်း ချဉ်ရည်ဟင်းတစ်ခွက်တော့ ပါအောင်ချက်ထား

ဦးမိုးစာပေ

မှ ထမင်းမြိန်စွာစားတတ်တဲ့သူပါ။

မေမေဆိုရင် ပန်းသွန်းနဒီရဲ့အကြိုက်လိုက်ပြီး ဟင်းပွဲကို ပြင်ဆင်ပေးတတ်၏။ မေမေဆုံးသွားပြီးနောက်ပိုင်း သူမတစ်ယောက်တည်း ချက်ပြုတ်စားလျှင်လည်း အချဉ်တစ်ခုခုတော့ ပါအောင် လုပ်စားတတ်သည်။

"ဒေါက်တာမလေးက ဒီဟင်းတွေ သိပ်မကြိုက်လို့လား"

"ဟုတ်တယ်၊ ကျွန်မက ဟင်းပွဲမှာ အချဉ်တစ်ခုခုပါမှ စားဝင်တယ်လေ၊ ချဉ်ရည်ဟင်းဆိုလည်း ကြိုက်တယ်"

ဟင်။

ဒေါ်နုမျက်နှာ ကွက်ခနဲပျက်သွားရ၏။ မျက်လုံးကြီးတွေပြူးကာ ဒေါက်တာမလေးကိုကြည့်မိသည်။ ဒီစကားမျိုးကို ဖြူစင်ဟန့်ဆီကလည်း ဒေါ်နုကြားခဲ့ရတာမဟုတ်လား။ ဟင်းချက်ရင် ချဉ်ရည်ဟင်းတစ်ခွက်တော့ ပါအောင်ချက်ကြနော်။ ကျွန်မ မစားတတ်ဘူးဆိုပြီး လေသံမာမာနဲ့ အသိပေးခဲ့တဲ့ ဖြူစင်ဟန်။

ခုတော့ ဒေါက်တာမလေးနဲ့ ဖြူစင်ဟန်က ရုပ်ချင်းဆင်တူရုံတင်မကဘဲ အကြိုက်ချင်းကပါ တူနေသည်။ ဖြူစင်ဟန့် ဝိဉာဉ်ကပဲ ဝင်ကပ်နေသလား။ ဒေါ်နု ကြည့်နေရင်းမှ ကြက်သီးမွေးညှင်း





တွေပင် ထသွားရ၏။

"ဒေါ်နု"

"ဒေါ်နု"

"ဟင်…ဩော် အင်း ဒေါက်တာမလေး"

"ကျွန်မအတွက် ရှောက်သီးသုပ်လေး တစ်ပန်းကန်စာလောက် သုပ်ပေးနိုင်မလားလို့ မေးနေတာ"

"ဩော်…အင်း ရပါတယ်"

"ဒေါ်နု"

"ရှင်"

"စောစောက ကျွန်မပြောလိုက်တာ ဘာဖြစ်သွားတာလဲဟင်"

"ရှင်"

"ကျွန်မ ချဉ်ရည်ဟင်းကြိုက်တယ်ဆိုတော့ ဒေါ်နု မျက်လုံးကြီးပြူးပြီး အံ့သြသွားတာတွေ့လိုက်လို့ပါ၊ ဘာလဲ ဖြူစင်ဟန်နဲ့ အကြိုက်ချင်းတူသွားပြန်ပြီလား"

"ဟို…အဲ…မဟုတ်…မဟုတ်ပါဘူး"

ဒေါ်နုက ခေါင်းခါယမ်းပြပြီး ငြင်းလိုက်ပေမယ့် အမူအရာ

ပျက်နေတဲ့ ဒေါ်နုပုံစံကတော့ ပန်းသွန်းနဒီ အမိအရတွေ့လိုက်ပါသည်။

ညီအစ်မတွေပဲ။ အမြွာပူးညီအစ်မလေ။

ဒီလောက်တော့ အကြိုက်ချင်းလည်းတူညီမှာပေါ့ ဒေါ်နုရယ်။ သိပ်ပြီးတော့ အံ့သြစရာမရှိပါဘူး။

"ဒေါ်နု"

"ပြောပါ ဒေါက်တာမလေး"

"ကျွန်မကို နဒီလို့ပဲခေါ်ပါ၊ ဒေါက်တာမလေးဆိုပြီးခေါ်နေတာ နားထဲတစ်မျိုးကြီးပဲ"

"ဟုတ်ကဲ့…ဒေါက်တာ၊ အဲ နဒီ"

"အဟင်း…ပြောသာပြောရတာ ဒေါ်နုကိုတော့ မြင်မြင်ချင်းပဲ နဒီခင်တယ်သိလား"

"တကယ်လား"

"တကယ်ပေါ့ ဒေါ်နုရဲ့"

"ဒါဆို မောင်လေးညို့ရဲ့ဝေဒနာကို အမြန်ဆုံးသက်သာအောင် ကုပေးတော့"

"ဟင်…ဘာဖြစ်လို့လဲ၊ ဒေါ်နုကို ခင်ခင်မခင်ခင် ကျွန်မ





လုပ်ရမယ့်အလုပ်က ကိုလေးညို့ကို ကျန်းမာအောင်ကုသပေးရမယ့်တာဝန်ရှိနေပြီးသားလေ၊ တာဝန်ကတာဝန်၊ လူမှုရေးကလူမှုရေး၊ ပုဂ္ဂိုလ်ရေးရာအရ ခင်တွယ်တာသက်သက်ပဲ"

ဒေါ်နုပြောပြီးတော့မှ ပြောမိတဲ့စကား မှားသွားကြောင်းသတိထားမိသည်။ တဖြည်းဖြည်းနဲ့ ဒေါက်တာပန်းသွန်းနဒီကိုကြည့်ရတာ စိတ်ထဲတစ်မျိုးကြီး ခံစားလာရတာလေ။ အပေါ်ယံအဝတ်အစားကွာခြားတာကလွဲပြီး အစားအသောက်ကြိုက်တာတွေ၊ ခွာမြင့်ဒေါက်ဖိနပ်မှ စီးတတ်တယ်ဆိုတာတွေက တစ်ထပ်တည်းတူညီနေ၏။

အတူဆုံးအချက်က အအေးဗူးသောက်တာခြင်းပဲ။ Coca Cola သောက်ပြီးတာနှင့် TV ပေါ်မှာတင်ထားတတ်တဲ့အမူအကျင့်။ ပထမဆုံးနေ့ကတော့ မေ့လျော့ပြီးတင်ထားမိသလားဟုထင်မိပေ မယ့် အခန်းသန့်ရှင်းရေးလုပ်တဲ့ ကောင်မလေးရဲ့ပြောပြချက်အရ အမြဲလိုလိုတင်တင်ထားတတ်သည်ဆိုသည့်အကြောင်းကို ဒေါ်နု သိခဲ့ရသည်။

ဖြူစင်ဟန်မှာလည်း ထိုအကျင့်ရှိသည်။

အအေးသောက်ပြီးတိုင်း TV ပေါ် တင်တင်ထားခဲ့တတ်

သည့်အကျင့်။ ယောကျ်ားဖြစ်သူက ဘယ်လောက်ပြောပြော ထိုအမူ အကျင့်က မပြောင်းလဲချေ။ တင်မြဲအတိုင်း တင်ထားတာပဲ။

အခု ပန်းသွန်းနုဒီဆိုတဲ့ ဒေါက်တာမလေးက ဖြူစင်ဟန့် ပုံစံအတိုင်းဖြစ်နေသည်။ ဖြူစင်ဟန်ရဲ့ နောက်ကြောင်းရာဇဝင်ကို သိထားသမျှ ငယ်စဉ်ကတည်းက အမေသေသွားပြီး ဖခင်ရဲ့ လက်ထဲမှာ ကြီးပြင်းခဲ့ရသည့် တစ်ဦးတည်းသောသမီးဖြစ်ခဲ့တယ် ဆိုတာပဲ။

ဖအေက အပျော်အပါး၊ အသောက်အစားမက်သည်။ လောင်းကစားဝါသနာထုံ၏။ သို့ပေမယ့် သမီးဖြစ်သူကိုတော့ ဘွဲ့ရ ပညာတတ်ကလေးဖြစ်အောင် ပျိုးထောင်ပေးခဲ့သည်။

ဘွဲ့ရတော့ အရက်ကျေးကျွန်ဖြစ်နေတဲ့ ဖအေက လူမမာ ဖြစ်ပြီး အိပ်ရာထဲလဲနေသည်။ ဖြူစင်ဟန်က အလှအပကလည်း မက်၊ ငွေကလည်းမရှိဆိုတော့ ကုမ္ပဏီမှာ အလုပ်ဝင်၏။ မောင်လေးညို့ ကုမ္ပဏီမှာပေါ့။

ရုပ်ကလေးကလည်း မှုန်နေအောင်လှ၊ စကားပြောဆိုတဲ့ နေရာမှာလည်း အညအခရာလေးဆိုတော့ စိတ်ဝင်စားတဲ့ ယောကျ်ားတွေက များမှများ။





ဖြူစင်ဟန်က လည်သည်။ သွက်လက်၏။ သာမန် အဆင့်လောက် ယောကျ်ားတစ်ယောက်ကို စိတ်ကူးထဲပင်မထည့် ချေ။ ခေါင်မှမှန်းတာ။ ကုမ္ပဏီပိုင်ရှင် သူဌေးမောင်လေးညို့ကို ရအောင်ယူပစ်ခဲ့၏။ နေ့ချင်းညချင်း သူဌေးကတော်ဘဝရောက် အောင် ကြိုးစားပစ်ခဲ့သည်။

ဖြူစင်ဟန် ချမ်းသာတော့ သူ့အဖေ မခံစားနိုင်တော့။ အရက်ကြောင့်ပင် ဘဝကို စွန့်ပစ်ခဲ့ရသည်။ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်ဆိုသလိုပါပဲ။ မခံစားရဘူးတဲ့ စည်းစိမ်ချမ်းသာ တွေ ခံစားရတဲ့ ဖြူစင်ဟန်တစ်ယောက် ငါလိုလူ ဇမ္ဗူမှာမရှိတော့ ဘူးထင်ကာ ရမ်းချင်တိုင်းရမ်းတော့၏။

ယောကျ်ားကချစ်တာရော၊ သနားတာရော အစွမ်းကုန် အလိုလိုက်ထားတော့ ပိုပြီးဆိုးသွားသည်။ အိမ်ထောင်ရေးကို သာယာအောင်ထိန်းဖို့ထက် သူငယ်ချင်းအပေါင်းအသင်းတွေနှင့်သာ ပျော်ပါးလည်ပတ်ဖို့သာ စဉ်းစားနေတတ်သည်။

ဒေါ်နုဆို မောင်လေးညို့ပင် လေးလေးစားစားဆက်ဆံ တာ ဖြူစင်ဟန်ကတော့ အိမ်ဖော်တစ်ယောက်လိုပဲ နှိမ်ချကာထား တတ်၏။ အသက်အရွယ်ကြီးတာငယ်တာလည်းမသိ။ စိတ်မထင်

လျှင် ပက်ပက်စက်စက် ပြောဆိုတတ်သည်။

အခုလည်း ဒုတိယဖြူစင်ဟန် ရောက်လာပြန်ပြီ။ သို့ပေမယ့် ဒေါက်တာယန်းသွန်းနဒီက ဖြူစင်ဟန်လောက် မဆိုးပါ။ အနေအထိုင်အေးဆေးသည်။ စကားအပြောအဆို နူးညံ့၏။ ပညာတတ်ပီသစွာပင် နေတာထိုင်တာကအစ စမတ်ကျနကာ လူတိုင်းနှင့်လည်း အလိုက်အထိုက် ဆက်ဆံတတ်သည်။

သို့သော်...

ဒေါ်နု လုံးဝမနှစ်သက်ပါ။

အထူးသဖြင့် ဖြူစင်ဟန်နဲ့ ရုပ်ချင်းခွဲမရအောင်တူနေတာပဲ။ အဲဒီတစ်ချက်တည်းနဲ့ကို မောင်လေးညို့အနားမှာ ရှိနေတာ မလိုလားတာပါ။ တစ်ယောက်နဲ့တင် စိတ်သောကတွေ ခံစားရတာ လုံလောက်ပြီဟု ထင်မိသည်။

သို့ပေမယ့် ထွက်သွားစေချင်တာတောင် နှင်ထုတ်လို့မရတဲ့ အခြေအနေပါ။ မောင်လေးညို့ကို ကုသပေးနေတဲ့ ဆရာဝန်ကြီးက လက်လွှဲပေးခဲ့တဲ့ ဆရာဝန်မလေးမဟုတ်လား။ ဒါကြောင့် မြန်မြန်ဆေးကုသပြီး ပျောက်ကင်းလို့ ဒီရွှေလိပ်ပြာတိုက်ကြီးထဲကနေ ထွက်သွားစေချင်ပြီ။





ဒါမှမဟုတ်ရင်လည်း ဆရာဝန်ကြီး ဦးမြင့်စိုး အမြန်ဆုံး မြန်မာနိုင်ငံ ပြန်လာစေချင်၏။ ဒါမှ ဒေါက်တာယန်းသွန်းနဒီနဲ့ ကင်းရှင်းသွားမှာလေ။ မြန်မြန်ထွက်သွားစေချင်တဲ့စိတ်နဲ့ ပြောမိပြီးမှ မိမိစကားပြောမှားသွားပြီဆိုတာ သတိထားမိသွားရသည်။

မတတ်နိုင်။ ကျုံပြီးသားစကားဆိုတာ ပြန်နုတ်လို့မှမရတာ။

"ဒေါ်နု"

"ပြောလေ နဒီ"

"ဒေါ်နုကိုကြည့်ရတာ ကိုလေးညို့ကို အရမ်းချစ်ပုံပဲနော်"

"ဟုတ်တယ် နဒီ၊ လေးညို့လေးကို ဒေါ်နု အရမ်းချစ်တယ်၊ ဒီကလေးက ဒေါ်နုလက်ထဲမှာပဲ ကြီးပြင်းလာခဲ့တာလေ၊ ဒေါ်နု မမွေးရုံတမယ်ပါပဲကွယ်၊ မောင်လေးညို့မိဘတွေက စီးပွားရေးသမားတွေဆိုတော့ ကလေးကို ဂရုမစိုက်နိုင်ကြဘူး၊ ဒေါ်နုပဲ ထိန်းခဲ့ရတာ"

"အင်းနော်...ဒါကြောင့်လည်း ဒေါ်နု အခုလို ကိုလေးညို့ ဖြစ်နေတာကို ဘယ်ကြည့်ရက်ပါ့မလဲ၊ အမြန်ဆုံးသက်သာပြီး အရင်

ကလို လုပ်ငန်းတွေပြန့်ပြီး ဦးစီးနိုင်တဲ့သူတစ်ယောက်လိုပဲ ဖြစ်ချင်မှာပေါ့၊ ဒေါ်နုခံစားချက်ကို ကျွန်မ နားလည်နိုင်ပါတယ်''

''ဘယ်တတ်နိုင်ပါ့မလဲလေ၊ ကံတရားပေးလာတဲ့အတိုင်းပဲပေါ့၊ လက်ခံရမှာပါပဲ၊ ကဲ နုဒီလည်း မောင်လေးညို့ကို နေ့လည်စာစားဖို့ သွားခေါ်လိုက်လေ၊ ဒေါ်နု ရှောက်သီးသုပ်လေး သုပ်လိုက်ဦးမယ်''

''ဟုတ်ကဲ့ ဒေါ်နု''

ပန်းသွန်းနုဒီ ခေါင်းလေးညိတ်ပြီး အရှေ့ခန်း ပြန်ထွက်လာလိုက်သည်။

ကိုလေးညို့ကို သွားခေါ်ရဦးမှာလေ။

တကယ်တော့ ဆရာဦးမြင့်စိုးက သူမကိုလွှဲခဲ့တာမှန်ပေမယ့် ရွှေလိပ်ပြာမှာ သွားရောက်နေထိုင်မှာကိုတော့ မပြောခဲ့ပါ။ သူမကသာ ထိုတိုက်ထဲမှာနေချင်လို့ ဆရာဝန်ကြီးမှာခဲ့တယ်ဆိုတဲ့အချက်နဲ့ တမင်ဝင်ရောက်ခဲ့ခြင်းပဲဖြစ်သည်။

ဒါမှ အနီးကပ်စုံစမ်းလို့ရမှာကိုး။

သူမ သိခွင့်ရတာတစ်ခုက ညီမလေးဖြူစင်ဟန်ဟာ ရွှေလိပ်ပြာမှာ နေထိုင်ကြတဲ့သူတွေနဲ့ တစ်စက်ကလေးမှ သင့်မြတ်

စိုးမိုးစ၁၆ပ



ခြင်းမရှိဘူးဆိုတာပဲ။ ညီမလေးနဲ့ပတ်သက်ပြီး ချီးမွမ်းခံရတာထက် ကဲ့ရဲ့ရှုံ့ချပြီး မုန်းနေကြတဲ့သူက များပြားနေသည်။

တချို့က ဟန်ပင်မဆောင်နိုင်ကြ။ တချို့ကတော့ မုန်းပေမယ့် အတွင်းကြိတ်ပဲရှိကြသည်။ ထုတ်ဖော်မပြောကြချေ။

အထူးသဖြင့် ဒေါ်နုပေါ့။ ရင်ထဲမှာပဲ မျိုသိပ်ထား၏။

သူမ အပေါ်ထပ်သို့တက်ခဲ့လိုက်သည်။ လှေကားထစ်ထိပ်အရောက်…

''ဟာ''

''အို…အမေ့''

ထင်မထားဘဲ အပေါ်ထပ်ကဆင်းလာတဲ့ ကိုလေးညို့နဲ့ တိုက်မိကာ ခန္ဓာကိုယ် ဟန်ချက်ပျက်သွားပြီး လှေကားထစ်မှ နောက်ဘက်သို့ လန်ကျမလို ဖြစ်သွားသည်။

ထိုစဉ် သန်မာမြဲမြံသောလက်တစ်စုံက သူမခန္ဓာကိုယ်လေးဆီ ရစ်ဖွဲ့သိုင်းလာပြီး တင်းကြပ်စွာပင် ထိန်းမတ်ပေးသွား၏။ ကြောက်ရွံ့စိတ်နှင့်အတူ သူမကိုယ်တိုင်လည်း မိမိရရပင် ပြန်လည်ဖက်တွယ်ထားလိုက်မိသည်။

ရှင်းသန့်လတ်ဆတ်သော မွှေးရနံ့နဲ့အတူ နွေးမြသော

စိုးမိုးစ၁၆ပ

ရင်ခွင်တစ်ခုထဲ သူမရောက်ရှိသွား၏။ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ စိုးရိမ်မှုလွှမ်းကဲနေသော ညို့မျက်ဝန်းတစ်စုံကို ရင်ဆိုင်လိုက်ရသည်။

အဖြစ်အပျက်က သိပ်ပြီးမြန်ဆန်လွန်းတာမို့ နှစ်ဦးသား မှင်သက်နေမိရာမှ စတင်၍ သတိဝင်သွားသူက ပန်းသွန်းနဒီရယ်ပါ။

"လွှတ်ပါ"

ပြောလိုက်သံလေးက တိုးလျလျတုန်ယင်ယင်။

"ဆောရီး"

သူကလည်း သတိထားမိကာ သူမခန္ဓာကိုယ်လေးဆီ ရစ်သိုင်းထားသော သူ့လက်တွေကို ပြန်ရုပ်သိမ်းပြီး ခပ်တိုးတိုး တောင်းပန်၏။

"ရှင့်ကို ထမင်းစားဖို့လာခေါ်တာ၊ ဆေးသောက်ရဦးမှာဆိုတော့ အချိန်နဲ့စားတာ ကောင်းတယ်လေ ကိုလေးညို့"

"ကိုယ်လည်း အခုလေးတင်ပဲ စားဖို့ဆင်းလာတာပါ"

"အင်း"

သူမခေါင်းလေးပဲညိတ်ပြပြီး သူ့မျက်နှာချောချောကို





မကြည့်ရဲတော့ဘဲ အောက်ထပ်ဆီသို့ ခြေလှမ်းသွက်သွက်နှင့် ပင် ပြန်ဆင်းခဲ့လိုက်မိတော့သည်။

◆ ◆ ◆

## အခန်း (၅)

"ကိုယ်တို့ခြံထဲဆင်း လမ်းလျှောက်မလား"

ညနေစောင်းလေးတွင် သူကပဲ စတင်၍ခေါ်ပါသည်။ အိမ်ထဲမှာချည်း အောင်းနေရတာ ဒီနေ့နဲ့ပါဆိုရင် လေးရက်မြောက် ရှိနေပြီမို့ အနည်းငယ်တော့ ပန်းသွန်းနုဒီလည်း ငြီးငွေ့နေပြီဖြစ်သဖြင့် ခြံထဲဆင်းလမ်းလျှောက်ဖို့ အဖော်ခေါ်နေတဲ့ သူ့နောက်လိုက်သွားဖို့ ဆုံးဖြတ်လိုက်မိသည်။

"ကောင်းသားပဲ၊ သွားရအောင်လေ၊ ရှင်လည်း လေကောင်းလေသန့်လေးရှူတော့ ကျန်းမာရေးအတွက် ပိုကောင်းတာပေါ့၊ ဒါမှ စိတ်ကြည်လင်လန်းဆန်းမှာ"

"ဒါဆို သွားရအောင်လေ ဒေါက်တာ"

"ဟုတ်ကဲ့ရှင့်"

ပန်းသွန်းနုဒီတစ်ယောက် လေးညို့ဦးဆောင်ထွက်သွားရာနောက် လိုက်သွားမိသည်။ တိုက်ပေါက်ဝ ကျွန်းတံခါးချပ်ကြီးကိုဖွင့်ပြီး နှစ်ယောက်သား ခြံထဲထွက်ခဲ့လိုက်ကြ၏။

ဝေ့ခနဲ တိုက်ခတ်လိုက်တဲ့ လေနုအေးအေးကြောင့် သူမခန္ဓာကိုယ်လေး အေးမြကာ စိတ်ထဲကြည်လင်လန်းဆန်းသွားရသည်။

“ခြံကြီးက အကျယ်ကြီးပဲနော်”

“ဟုတ်တယ် ဒေါက်တာ”

“ပန်းပင်တွေကလည်း စုံနေတာပဲ၊ တကယ်ပဲ မြင်ရတဲ့မြင်ကွင်းက ကြည်နူးဖို့ကောင်းတယ်”

“အဟွန်း”

သူမစကားကြောင့် သူက သဲ့သဲ့ပြုံး၏။

“ဘာလဲ…ကျွန်မပြောတဲ့စကားထဲမှာ အမှားပါသွားလို့လား”

“မပါပါဘူး၊ ဒီခြံထဲကိုဝင်လာတဲ့ လူစိမ်းတစ်ယောက်အတွက်တော့ ဒီမြင်ကွင်းက လှပပြီး ကြည်နူးစရာဖြစ်ချင်ဖြစ်မှာလေ၊ ကျွန်တော့်အနေနဲ့ကတော့ အမြဲမြင်တွေ့နေရပါများလို့ ရိုးနေ





ပြီလို့ပဲ ခံစားရတယ်၊ ဒီရောဂါရကတည်းက အိမ်မှာချည်းပဲ အမြဲနေခဲ့ရတာကို”

“ဒါနဲ့ ရှင်က ကားအက်စီးဒင့်ဖြစ်ပြီး ဒဏ်ရာရတယ်လို့ ပြောတယ်နော် ကိုလေးညို့”

“ဟုတ်တယ် ဒေါက်တာ၊ ကိုယ်သတိရတော့ ဆေးရုံပေါ်မှာလေ၊ ဘယ်လိုကြောင့်ရောက်လာသလဲဆိုတာတော့ သတိမရပါဘူးဗျာ၊ ဒါပေမယ့် ကိုယ် ဆေးရုံပေါ်ရောက်နေတာတော့ သိတယ်”

“ဒါဆို ရှင်ဟာ ဒီရွှေလိပ်ပြာခြံမှာနေတဲ့သူလို့ ဘယ်လိုလုပ်ပြီးသိတာလဲ”

“ဆရာဝန်ကြီး ဦးမြင့်စိုးပြောတာ၊ ဆရာဝန်ကြီးက ကျွန်တော့်ကိုသိနေတယ်လေ၊ ဖေဖေတုန်းကလည်း ဆရာဝန်ကြီးနဲ့ ဆေးကုဖူးတော့ ရင်းနှီးနေတယ်၊ မောင်လေးညို့လို့ နာမည်ကိုခေါ်တော့ ကိုယ်တောင်ကြောင်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ်တိုင်တောင် နာမည်က ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ၊ ဘာအလုပ်လုပ်လဲဆိုတာတောင် စဉ်းစားမရဘဲရှိနေတဲ့ အချိန်ကိုး။ ဒါကြောင့် မောင်လေးညို့ သတိရပြီလားမေးတော့ ကိုယ်

ကြောင်အအ ဖြစ်နေခဲ့တာ၊ ကျွန်တော့်နာမည်က လေးညှို့လားလို့ ပြန်မေးတော့မှ ကိုယ့်အခြေအနေကို ဆရာဝန်ကြီး ဦးမြင့်စိုးက ရိပ်မိသွားတာလေ၊ သူ့မေးခွန်းတွေ ပြန်ထုတ်တော့ ကိုယ်ဘာမှမဖြေနိုင်တော့ဘူး၊ လုံးဝကို စဉ်းစားကြည့်လို့မရတော့တာဗျ"

"သြော်…ဒါဆို ရွှေလိပ်ပြာခြံကို ပြန်ရောက်တာ ဆရာကြီး ဦးမြင့်စိုးကြောင့်ပေါ့"

"ဟုတ်တယ်၊ သူပဲအကြောင်းကြားပေးတာလေ၊ ဒီတော့မှ ဦးမိုက်တီးနဲ့ ဒေါ်နုတို့ ဆေးရုံကိုလိုက်လာကြတာ၊ ခေါင်းကဒဏ်ရာမကျက်မချင်းတော့ ဆေးရုံကမဆင်းရသေးဘူးပေါ့ဗျာ၊ ချုပ်ရိုးဖြည်ပြီးမှ ဆင်းရတယ်၊ ဒေါ်နုနဲ့ ဦးမိုက်တီးပဲ ဒီကိုခေါ်လာကြတာ၊ ကိုယ့်သတင်းကြားတော့ ကိုယ့်ကုမ္ပဏီက မန်နေဂျာရောက်လာတယ်လေ၊ အခုလက်ရှိ လုပ်ငန်းတွေ သူနဲ့ပဲလွှဲထားတယ်၊ ကိုယ်ဘာမှမသိတော့တာ ဒီအတိုင်းပဲ ဖြစ်ထားရတာပေါ့၊ ဒါပေမယ့် ကိုယ့်လက်ထောက်က ယုံကြည်စိတ်ချရပါတယ်၊ သစ္စာလည်းရှိတယ်လေ၊ လုပ်ငန်းအတွက်တော့ စိတ်မပူရဘူးပေါ့ဗျာ"

"ရှင့်ဇနီးကိုရော လုံးဝမမှတ်မိတော့ဘူးလား၊ သူနဲ့ပတ်သက်တဲ့အကြောင်း ရှင့်ကုမ္ပဏီကလူတွေကရော ပြောမပြကြဘူး





လားဟင်"

"ပြောပြပါတယ်၊ ကိုယ့်ဇနီးဖြူစင်ဟန်က ကိုယ့်ကုမ္ပဏီမှာ အရင်ကဝန်ထမ်းလုပ်ခဲ့ဖူးတာကို၊ အားလုံးနီးနီးပြောပြလို့ သိတာတယ်၊ ခက်တာက သူ့မျက်နှာကို ပုံဖော်လို့မရတာပဲ၊ မင်္ဂလာပွဲတုန်းက ဓာတ်ပုံတွေရောဆိုပြီး ဒေါ်နုဆီမှာမေးဖူးတယ်၊ သူ့ကို ကိုယ်က သိပ်ချစ်ခဲ့တာဆိုတော့ သူသေသွားပြီဆိုတာသိပေမယ့် မြင်တော့ မြင်ဖူးချင်တယ်လေ၊ ဒါပေမယ့် အဲဒီဓါတ်ပုံတွေအားလုံး ဖြူစင်ဟန်က ကိုယ်နဲ့စကားများစိတ်ဆိုးပြီး မီးရှို့လိုက်ပြီဆိုတာနဲ့ မြင်တောင်မမြင်ဖူးတော့ဘူး"

"သူက ကျွန်မနဲ့ ရုပ်ချင်းဆင်တယ်လို့ ပြောတယ်လေ၊ ကျွန်မကိုမြင်တော့ ရှင်တစ်ခုခုကို ပြန်သတိရမိသလိုမျိုး ခံစားရလား"

သူ့အသံတိတ်သွား၏။ လျှောက်နေတဲ့ခြေလှမ်းက တုန့်ခနဲရပ်တန့်ကာသွားသည့် သူ့မျက်နှာဆီ မော့ကြည့်တော့ သူ့မျက်ဝန်းအကြည့်နှင့် ရင်ဆိုင်ဆုံသွားရ၏။

"ပြောပါ၊ ကျွန်မသိချင်လို့ပါ"

"အမှန်အတိုင်းဝန်ခံရရင်တော့ ဒေါက်တာကို မြင်လိုက်ရ

တဲ့အချိန်မှာ ကိုယ့်စိတ်တွေ တအားလှုပ်ရှားသွားတယ်၊ ပြီးတော့ ကိုယ့်ရင်ခုန်သံတွေ တအားမြန်လာတယ်၊ ဒီမျက်နှာလေးနဲ့ ရင်းနှီးနေသလိုကို ခံစားရတယ်''

အို။

သူ့အဖြေကြောင့် ရှက်သွေးလေးဖြာကာ အကြည့်လေးတွေ ရှေ့လိုက်မိသူက ဒေါက်တာမလေး ပန်းသွန်းနဒီရယ်ပါ။

''ဒေါက်တာ''

''ဟုတ်ကဲ့…ပြောပါ ကိုလေးညို''

''ကိုယ်အဖြေကို စိတ်ဆိုးသွားလား''

''မဆိုးပါဘူး၊ ကျွန်မက ရှင့်အမျိုးသမီးနဲ့ ရုပ်ချင်းအရမ်းဆင်နေတာကို၊ ရှင့်စိတ်ထဲ အခုလိုမျိုး ခံစားရမှာပဲလေ''

သူမစကားစကို ဒီမှာပဲရပ်ကာ ခြေလှမ်းကို ရှေ့ဆက်လှမ်းတော့ နံဘေးကနေ သူလည်း အတူတူလိုက်ပါလာသည်။

ဟယ်။

သူမမျက်လုံးတွေက ပြာလဲ့နေသော ရေကူးကန်လေးဆီ ရောက်သွားတော့ အုံ့သြစွာပင် ထိုနေရာလေးဆီသို့ ဦးတည်ပစ်လိုက်မိ၏။ ရေကူးခြင်းကို ဝါသနာပါသော သူမအတွက် ထိုရေကူးကန်





လေးက စိတ်ပါဝင်စားအောင်ပင် စွဲဆောင်အားကောင်းလှပါသည်။

ကြွေပြားပေါ် ခွာမြင့်ဒေါက်နှင့် နင်းတက်တော့ ဖိနပ်သံတဒေါက်ဒေါက်က ထွက်ပေါ်လာ၏။

''ငါရေမကူးတတ်ဘူး သွန်းသွန်းရာ၊ အိမ်မှာ ရေကူးကန်ရှိပေမယ့် ငါတစ်ခါမှကို မကူးဖူးဘူး၊ သင်တော့သင်ချင်ပါရဲ့၊ ရေနစ်မှာ ရေမွန်းမှာကို မခံစားနိုင်လို့ မသင်ဖြစ်ဘူး၊ ဒါတောင်ရေကူးကန်ထဲ ငါကျဖူးတယ်သိလား၊ ကန်ဘောင်ကနေ ရပ်ကြည့်နေတုန်း ဒေါက်ဖိနပ်ယိုင်ပြီး ရေထဲကျသွားတာ၊ တော်သေးတာပေါ့ ငါ့အနားမှာ သူရှိနေလို့၊ မဟုတ်ရင် ရေနစ်ပြီးငါသေပြီ''

သူမနားထဲ ယွန်းယွန်းပြောခဲ့တဲ့စကားသံကို ပြန်လည်၍ကြားယောင်လိုက်မိသည်။ စကားပြောလို့ ဆက်စပ်ပြီး သူမတို့ရေကူးသည့်အကြောင်း ပြောကြရင်းမှ ယွန်းယွန်းပြောပြခဲ့တဲ့ အကြောင်းအရာလေးလေ။

ပန်းသွန်းနဒီ ခဏတော့စဉ်းစားလိုက်သည်။

ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်၏။

''အမေ့''

''ဗွမ်း''

သူမခန္ဓာကိုယ်လေးက အေးစိမ့်နေသော ရေပြင်နှင့် ချက်ချင်းပင် ထိတွေ့သွား၏။ ပထမဆုံးအရှိန်ကြောင့် အောက်သို့ မြုပ်ကျသွားသည်။ ကိုယ်ဖော့လိုက်တော့ ရေပေါ်ပြန်ရောက်သွား၏။

"အား…ကိုလေးညို၊ ကယ်ပါဦး…ကယ်"

လက်လေးထောင်ယမ်းပြီး နောက်တစ်ကြိမ် ပြန်နစ်သွား ပြန်သည်။

"ဗွမ်း"

ရေထဲ တစ်ခုခုပြုတ်ကျသံကြားရပြီး သိပ်မကြာ သန်မာ လက်တွေက သူမခန္ဓာကိုယ်ဆီ ရောက်လာပြီး အပေါ်ဆွဲတင်ခြင်း ခံလိုက်ရ၏။

"ဖူး…ဖရူး"

ရေပေါ် မျက်နှာပေါ်သည်နှင့် ပါးစပ်ထဲဝင်နေသော ရေအား သူမ မှုတ်ထုတ်လိုက်သည်။

"မကြောက်နဲ့ဒေါက်တာ၊ ကိုယ်ရှိတယ်၊ ကိုယ့်ပခုံး ကိုင်ထား၊ ဟုတ်ပြီ၊ အပေါ်တက်တဲ့တန်းကို ကိုင်ပြီးတက်"

သူက ချက်ချင်းပင် ကန်ဘောင်ဆီကူးကာ သူမ အရင်ဆုံး ကန်ဘောင်ပေါ်ရောက်အောင် တွန်းပို့သည်။

စိုးမိုး၈၁၄၀



ပြီးမှ သူတက်၏။

ကန်ပေါ်ရောက်တော့ ရေစိုနေသော သူနဲ့သူမ ကြွက်စုတ် လေးတွေလိုပင် ဖြစ်နေသည်။

သူ အတော်လေးမောလျှသွားဟန်ရှိ၏။ ရင်ဘတ်ကြီး နိမ့်တုန်မြင့်တုန်ဖြစ်ကာ အသက်ကို ရှူရှိုက်နေသည်။

"ကျေးဇူး"

သူမခပ်တိုးတိုးပဲပြောတော့ သူက သူမကို စိုးရိမ်စိတ် လွှမ်းကဲသော မျက်ဝန်းအကြည့်တွေနှင့် ကြည့်၏။

"တော်သေးတာပေါ့ ကိုယ်ရှိနေလို့၊ မင်းဒေါက်ဖိနပ်နဲ့ ခြေချော်သွားတာလေ၊ ရေမကူးတတ်ဘူးမဟုတ်လား၊ နောက်ဆို ရေကူးကန်နား လုံးဝမသွားနဲ့၊ အန္တရာယ်များတယ်"

"ကိုလေးညို"

"ဗျာ"

"ရှင် ရေကူးတော်တော်ကျွမ်းကျင်တာပဲ"

"ဒီကန်က ကိုယ့်ငယ်ငယ်လေးကတည်းက ကူးလာတဲ့ ကန်ပဲလေ"

"ဘယ်အရွယ်ကတည်းကလဲ ကိုလေးညို"

စိုးမိုး၈၁၄၀

သူမအမေးကြောင့် သူ မျက်ခုံးတွေ တွန့်ခနဲကြုံ့ကာ စဉ်းစားသလိုရှိ၏။ သူမလိုချင်သည့်အဖြေတစ်ခု ထွက်လာမလား ဆိုပြီး ပန်းသွန်းနဒီ စောင့်စားနေမိသည်။

"အဲဒါတော့ ကိုယ်လည်းမသိဘူး ဒေါက်တာ၊ ဒီရေကူး ကန်နဲ့တော့ အကျွမ်းဝင်နေတယ်"

"ကျွန်မကိုကယ်လိုက်တယ်နော်၊ အခုလိုပဲ ရေမကူးတတ် တဲ့သူ ဒီကန်ထဲ ဘယ်နှစ်ယောက်လောက်ကျဖူးသလဲ၊ ရှင်ကယ်ဖူး တာရောရှိလား"

သူပြန်စဉ်းစားနေပြန်သည်။

ရေပြင်ကို စူးစူးနှင့်နှင့်လေး စိုက်ကြည့်နေ၏။ သူ့မျက်ဝန်း တွေ တော်တော်လေးကစားနေသည်။

"ကျဖူးတယ်ထင်တယ်"

ဟယ်။

ဒါဆို သူမှတ်မိနေတယ်ပေါ့။

သူ့ဖနီးလည်း ရေကူးကန်ထဲကျဖူးတယ်လေ။

"မကျဖူးဘူးလားမသိဘူး ဝေဝေဝါးဝါးပဲ၊ ဒီတစ်ခါ ကယ်ဖူးတာပဲသိတော့တယ်ဗျာ၊ ဒေါက်တာ့ကို ကယ်လိုက်တာ





လေ"

ဟွန်း…ရှင်တမင်လုပ်တာပဲ။

အတိတ်ကို သတိရရဲ့သားနဲ့ ဟန်ဆောင်ပြီး ပြန်လှော့ချ ခဲ့လိုက်တာ။ အဲဒါ ကျွန်မရိပ်မိတယ် ကိုလေးညို့။

"ဒေါက်တာ"

"ရှင်"

"တိုက်ထဲပြန်ဝင်ကြရအောင်၊ အဝတ်အစားအမြန်လဲမှဖြစ် မယ် ဒေါက်တာ၊ တော်ကြာ အအေးပတ်နေဦးမယ်"

"သြော်…အင်း"

"ကဲ…ထ"

"ရပါတယ်၊ ကျွန်မ ထရပ်လို့ရပါတယ်"

"ကိုယ်ထူပေးတော့လည်း ဘာမှဖြစ်တာမှမဟုတ်တာ၊ လက်ကမ်းလိုက်ပါ"

သူကထရပ်ပြီး လက်လှမ်းပေး၏။ သူမကမ်းပေးဖို့ တွန့်နေမိသည်။ ဒါကို ကလေးဆိုးကြီးတစ်ယောက်လိုပင် ထပ်ပြီး တောင်းဆိုလိုက်တာမို့ သူမဘာမှဆက်မပြောမနေတော့ဘဲ သူ့လက် ကို ပြန်ကမ်းပေးလိုက်တော့ သူက အလိုက်သင့်ပင် ဆုပ်ကိုင်ကာ

ဆွဲမပေးသည်။

သူမထရပ်လိုက်တော့မှ အပြုံးနုနုလေးတွေနှင့် စူးလက်စွာစိုက်ကြည့်၏။

သူ့မျက်ဝန်းတွေကို မသိဟန်ဆောင်ကာပင် ရှေ့ကနေဦးအောင်ထွက်ခဲ့လိုက်သည်။

ပြီးမှ နောင်တရသွား၏။

ရေစိုဝတ်တွေ ချပ်ကပ်နေလို့ သူမခန္ဓာကိုယ်လေးက ကောက်ကြောင်းလှလှလေးက ထင်မြင်အောင် ပေါ်လွင်နေတာလေ။

သူက သူမအနောက်မှာ။

◆ ◆ ◆



## အခန်း (၆)

"ရေ…ရေကူးကန်ထဲ ခြေချော်ကျတယ်၊ ဟုတ်လား ကိုမိုက်တီး"

"အေး…ဟုတ်တယ် မနု"

"ဘယ်လိုဖြစ်ပြီး ပြုတ်ကျတာလဲ ကိုမိုက်တီး"

"ဒေါက်ဖိနပ်ယိုင်ကျပြီး ရေထဲပြုတ်ကျသွားတာ၊ မောင်လေးညို့ ဆင်းကယ်သွားတယ်လေ"

ဘုရား…ဘုရား။

ဒါက တိုက်ဆိုင်တာပဲလား။

ဖြူစင်ဟန်တုန်းကလည်း ဒေါက်ဖိနပ်ယိုင်ပြီး ရေထဲကျူးသေးသည်။ မောင်လေးညို့ အဆယ်မြန်တာကြောင့်ပဲ ရေမနစ်

တာ။

အခု ဒေါက်တာပန်းသွန်းနဒီ။

ရေကူးကန်ထဲ ခြေချော်ကျလို့တဲ့။

သေချာပါပြီ။ ဒီဒေါက်တာမလေးရဲ့ ခန္ဓာကိုယ်ထဲမှာတော့ တစ်ခုခုက ဝင်ပူးနေတာ သေချာနေပြီ။

ဒေါ်နု စိတ်တွေအချောက်ချားကြီး ချောက်ချားနေရ၏။ ဖြူစင်ဟန် ပြန်လာနေတာလားဆိုသည့် သံသယကြောင့် ရင်တစ်ခုလုံး မီးလောင်တိုက်ထဲ အသွင်းခံနေရသလို ပူလောင်လာရသည်။

"မနု"

"ဟင်"

"ဒီဒေါက်တာမက ဘယ်တော့ပြန်မှာလဲ"

ကိုမိုက်တီးအမေးကို ဒေါ်နု မဖြေနိုင်။

"ငါတော့ ရင်ပူနေပြီနော် မနု၊ မောင်လေးညို့မျက်ဝန်းတွေကို ငါတော့ သိပ်သဘောမကျတော့ဘူး၊ ဒေါက်တာမအပေါ် ဆက်ဆံရေးက တစ်မျိုးကြီးကိုဖြစ်နေတာဟ၊ ငါကတော့ စိတ်ရှင်းတယ် မနု၊ အဲဒီဒေါက်တာမကို လုံးဝကြည့်မရဘူး၊ ဖြူစင်ဟန်နဲ့ တစ်ပုံစံတည်းတူနေတာကိုပဲ အမြင်ကတ်ပြီးမုန်းနေတာ၊





တစ်ယောက်က ဒုက္ခပေးလို့မှ လူကနလန်မထူသေးဘူး နောက်တစ်ယောက်က ပုံစံတူလာပြန်ပြီ၊ ဒီတစ်ခါတော့ သင်းကို အရှင်မထားဘူး၊ ကြိုးစင်တက်ရရင်တက်ရပါလေ့စေ မောင်လေးညို့ကိုတော့ ကာကွယ်ရမှာပဲ"

"အမလေး…ကိုမိုက်တီးရယ် တိုးတိုးပြောပါ၊ ကြားသွားမှ ရှင့်ကို ပြဿနာရှာနေပါဦးမယ်"

"ကြား…ကြားဟာ၊ ဘယ့်နှယ် လွန်လွန်းနေပြီ၊ ဒီမျက်နှာနဲ့ တစ်ယောက်ပြီးတစ်ယောက် ဒုက္ခလာပေးနေကြတယ်"

"တော်ပါတော့ရှင်…ဒီစကား ဒီမှာပဲရပ်ပါတော့၊ ဘာပဲပြောပြော ဆရာဝန်ကြီးဦးမြင့်စိုးက သူ့ကို လူနာစောင့်ရှောက်ဖို့ လွှဲအပ်ထားခဲ့တာရှင့်၊ စိတ်ရှည်ရှည်ထားပါ ကိုမိုက်တီးရယ်"

"တောက်"

ဦးမိုက်တီးက အံကြိတ်ပြီး တောက်ခေါက်၏။ ဒေါ်နုလည်း သက်ပြင်းမောကို ကြိတ်ချရသည်။ မောင်လေးညို့ရဲ့စိတ်ကို အတန်အသင့်တော့ မိမိကိုယ်တိုင်လည်း သိနေသည်လေ။

ဖြူစင်ဟန်အပေါ် ဘယ်လောက်တောင် မြတ်နိုးခဲ့သလဲဆိုတဲ့ မောင်လေးညို့ရဲ့ ချစ်ခြင်းမေတ္တာတွေက မိမိတို့မျက်မြင်

ကိုယ်တွေ့ပဲဟာ။ ဖြူစင်ဟန် ဘယ်လိုပဲနေနေ အပြစ်တစ်ချက်ကလေးမှမပြော။ အနေအထိုင်မဟုတ်လို့ တိုင်တန်းတာကိုပင် မယုံခဲ့ပေ။

မိန်းမပြောသမျှပဲ ယုံကြည်၏။ စီးပွားရေးကောင်းမှ မိသားစုအနာဂတ်အတွက် အေးချမ်းမှာဆိုပြီး ခေါင်းထဲ စီးပွားရေးပဲ နှစ်ထားသည်။ ဇနီးကို ဘယ်လိုတာဝန်ကျေရမလဲပဲ စဉ်းစားနေတတ်သူ။ ငွေရှာနေတဲ့ယောကျ်ားကို ကျေးဇူးတင်ရမှာကိုပင် အေးစက်စက်နိုင်လွန်းသည်ဆိုပြီး ဝေဖန်ပြစ်တင်နေတတ်တဲ့ ဖြူစင်ဟန်။ ကောင်လေးတွေ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး အပြင်တွေပဲ ထွက်လည်နေတတ်၏။

သတင်းတွေက ထွက်လွန်းမက ထွက်တော့ လင်မယားချင်း စကားများကြသည်။ ရှင့်အနားမှာနေရတာ ပျင်းတယ်တဲ့။ ဖြူစင်ဟန်ပြောခဲ့တဲ့စကား။ အိမ်ထောင်ရေးအဆင်မပြေလို့ တစ်ခါမှ မသောက်ခဲ့ဘူးတဲ့ အရက်တွေပင် သောက်ကာ စိတ်ဆင်းရဲနေတဲ့ မောင်လေးညို့။

ယောကျ်ားဘာပြောပြော ဖြူစင်ဟန်က ဂရုမစိုက်။ နေမြဲတိုင်းနေကာ လည်မြဲတိုင်းလည်ပတ်သည်။ ယောကျ်ားကို ရှိနေ





သည်ဟုပင် မသတ်မှတ်။ တစ်ခါတလေ ညအိပ်ပင် ပြန်မလာတတ်ချေ။

ဂုဏ်သိက္ခာတွေ၊ အရက်တရားတွေကြောင့် အိမ်ထောင်ရေးကို ထိန်းချုပ်နေတဲ့ မောင်လေးညို့ရဲ့ ခံစားချက်ကို အသိဆုံး အနားလည်နိုင်ဆုံးက ဒေါ်နုရယ်ပါ။ တည့်ထောင်ထားတဲ့ အိမ်ထောင်တစ်ခုကို အလွယ်တကူ မဖျက်ဆီးချင်တဲ့စိတ်အခံနဲ့ ဖြူစင်ဟန် ဆိုးတေသမျှဒဏ်ကို ကြိတ်ခံသည်။ ပတ်ဝန်းကျင်မှာ ရအောင်ကာကွယ်ဖို့ ကြိုးစား၏။

ဒါကို ဖြူစင်ဟန်က ကောင်းကောင်းအခွင့်အရေးယူကာ အသုံးချသည်။ အပျော်အပါး အသုံးအဖြုန်းကြီးတာ ထားပါတော့။ ယောကျ်ားရှိနေပါလျက်နဲ့ အိမ်ထောင်ရေးဖောက်ပြန်တာ။

မျက်မြင်ကိုယ်တွေ့သာ မထုတ်ပြနိုင်တာ သတင်းကတော့ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ရောက်လာတာချည်းပါပဲ။ ပြောလျှင်လည်း ဘူးခံငြင်းသည်။ တားဆီးတော့လည်း လက်မခံ။ အိမ်ထောင်ရေးပြဿနာ မီးတောက်က တစ်စထက် တစ်စ ပိုပြီးအရှိန်မြင့်လာ၏။

အခုလည်း ဖြူစင်ဟန့်ကိုယ်ပွား ဒေါက်တာပန်းသွန်းနဒီ

ရောက်လာပြန်ပြီ။ မောင်လေးညို့ရဲ့ စိတ်တွေက ဒေါက်တာမ လေးအပေါ် ယိုင်နဲ့ချင်နေ၏။ ဒါကို ပန်းသွန်းနဒီ မရိပ်မိဘူးဆိုတာ တော့ လုံးဝမဖြစ်နိုင်ပါ။

"မနု"

"ဟင်…ဘာလဲ ကိုမိုက်တီး"

"အခုကိစ္စကို နင် ဒီအတိုင်းပဲ လက်ပိုက်ဆက်ကြည့် နေမှာလား"

"ဘာကိစ္စလဲ"

"မောင်လေးညို့နဲ့ ဒေါက်တာမကိစ္စ"

"ရှင်ထင်သလောက် မဆိုးသေးပါဘူးရှင်"

"မကြာခင် ဆိုးလာတော့မယ့် အရိပ်အခြည်တွေ မြင်နေ ရပြီမဟုတ်လား၊ မောင်လေးညို့က ပုံမှန်စိတ်မဟုတ်ဘူးနော်၊ သူက အတိတ်ကို မေ့နေတဲ့သူ၊ သတိရရင် ဒီဒေါက်တာမကို ဖြူစင်ဟန် နဲ့တူလို့ ဘယ်လိုဆုံးဖြတ်မလဲမသိဘူး၊ အခုအချိန်က ဘာမှအမှတ် ရနေတဲ့အချိန် မဟုတ်ဘူးဟ၊ ဒါကြောင့် ငါတော့ စိတ်ပူတယ်"

"ဒေါက်တာပန်းသွန်းနဒီကို ကြည့်ရတာ အသိတရားရှိ မယ့်ပုံပါရှင်၊ ဒီလို အတိတ်မေ့ဝေဒနာသည်ကို စိတ်ကူးပါ့မလား၊





တော်ကြာ အတိတ်ကိုပြန်သတိရပြီး သူ့ကိုမေ့သွားမယ့်ဥစ္စာ၊ ဘယ်သူက မိုက်မဲတဲ့အလုပ်ကို လုပ်ပါ့မလဲ"

"အချစ်မှာ မျက်စိမရှိဘူးဟ၊ ဒီစကားက အလကား ပြောခဲ့တာမဟုတ်ဘူး၊ ရှေးထုံးကိုမပယ်နဲ့ မနု"

"ကျုပ် သေချာစောင့်ကြည့်ပါ့မယ်တော်"

"ငါတော့ စိတ်ကိုမရှည်ဘူး"

"ကဲပါ ထားလိုက်ပါတော့၊ ရှင်လည်း ရှင့်အလုပ်ရှင် သွားလုပ်တော့၊ ကျုပ်လည်း တိုက်ထဲဝင်တော့မယ်၊ ညနေစာ စီစဉ်ရဦးမယ်လေ၊ ကောင်မလေးတွေက အသစ်တွေဆိုတော့ သိပ်ပြီး စိတ်ချလက်ချနဲ့ လွှတ်ထားလို့မရဘူး၊ ကျုပ်ရှိနေမှ မရှိတာ နဲ့ ရေသာခိုဖို့စဉ်းစားနေတဲ့ သူတွေချည်းပဲ၊ ကဲ ကျုပ်သွားတော့ မယ် ကိုမိုက်တီး"

ပြောပြီးတာနှင့် ဒေါ်နုတစ်ယောက် တိုက်ထဲပြန်ဝင်ခဲ့ သည်။ ဒေါက်တာမလေးက အနွေးအင်္ကျီပါးလေးဝတ်ပြီး အောက် ထပ်ဆင်းလာတာ တွေ့လိုက်ရ၏။

မနေ့က ရေကူးကန်ထဲ ကျတဲ့ဒဏ်နဲ့ အအေးမိသွားပုံရ သည်။ အနွေးအင်္ကျီပင် ထပ်ဝတ်ထားတာတွေ့ရ၏။

"နဒီ နေမကောင်းဘူးလား"

"ကောင်းပါတယ် ဒေါ်နု"

"မနေ့က ရေကူးကန်ထဲခြေချော်ကျလို့ဆို"

"ဟုတ်တယ် ဒေါ်နု၊ ဒေါက်ဖိနပ်ယိုင်ပြီး ရေကူးကန်ထဲ ပြုတ်ကျသွားတာ"

"ဒါနဲ့ နဒီလေးက ရေမကူးတတ်ဘူးလား"

"မကူးတတ်ဘူး ဒေါ်နု"

သူမ ဒေါ်နုကို ညာလိုက်သည်။

ကူးတတ်တယ်လို့ ဝန်ခံလိုက်လျှင် ကိုလေးညို့ကို ဘာကြောင့် ဆင်းဆယ်နိုင်းရတာလဲဆိုတဲ့ နောက်ဆက်တွဲမေးခွန်းက ထွက်လာနိုင်၏။ သူမက အတိတ်ကိုသတိရအောင် လုပ်တာပါလို့ ပြောလျှင်လည်း အခုလိုလုပ်ဖို့ ဘယ်လိုကြောင့် စိတ်ကူးရသလဲ။ ဖြူစင်ဟန်လည်း ရေကူးကန်ထဲကျဖူးတယ်ဆိုတာ သိနေလို့ လုပ်ကြည့်တာလား။

စတဲ့ သံသယမေးခွန်းတွေ အများကြီးရှိလာနိုင်သည်။ ရေမကူးတတ်ဘူးဆိုတဲ့ အဖြေကသာလျှင် အကောင်းဆုံးအကြောင်းပြချက်မို့ ထုတ်သုံးပစ်လိုက်မိတော့သည်။ ဘာပဲပြောပြော ဒေါ်နု





သံသယမဝင်သွားဖို့ပဲ။

ဖြူစင်ဟန်နဲ့ ရုပ်ချင်းဆင်တာတွေ၊ အကြိုက်ချင်းတူတာတွေ၊ ပြုမူနေထိုင်ခြင်းတူတာတွေကိုကြည့်ပြီး အမြွှာညီအစ်မများလားဆိုပြီး ယူဆထင်မြင်ချင်နေတာလေ။ မသိမသာ စကားထဲထည့်ပြောပြီး အစ်မေးတတ်သေးတဲ့ အိမ်ဖော်ထိန်းကြီးဒေါ်နု။ ဒီအကြောင်းတွေ ကိုလေးညို့ကိုလည်း ဒေါ်နုသွားပြောပြထားမှာပါပဲ။ ကိုလေးညို့ကို သူမ လုံးဝမယုံချင်။ အတိတ်မေ့ချင်ဟန်ဆောင်နေတာဟုပဲ သူမထင်သည်။ သင်ကြားထားတဲ့ ပညာပိုင်းဆိုင်ရာနှင့်ရော အတွေ့အကြုံအရရော သူဟာ ဘယ်နည်းနဲ့မှ အတိတ်မေ့ဝေဒနာခံစားနေရသည့်သူတစ်ယောက် မဖြစ်နိုင်ပါချေ။ ဟန်ဆောင်နေခြင်းသက်သက်ပဲ။ ဘာကြောင့် သူ အခုလိုလုပ်ချင်နေရတာလဲ။ ဘာကိုမသိစေချင်လို့ အခုလိုနေပြတာလဲ။ တစ်ခုခုကို ဖုံးကွယ်ထားချင်လို့ သရုပ်ဆောင်ကောင်းပြနေတာ မဟုတ်လား။

"နဒီ"

ခေါ်သံကြောင့် တွေးလက်စအတွေးက ရပ်တန့်သွား၏။ ဒေါ်နုဆီ အကြည့်လေးတွေ ပြန်ရောက်သွားသည်။

"ဪ…အင်း ပြောလေ ဒေါ်နု"

"ဒေါက်တာမလေးနဲ့ ဖြူစင်ဟန်က ရေမကူးတတ်တာချင်းလည်း တူတာပဲနော်"

"ရှင်"

"ဟုတ်တယ်၊ ဝတ်တဲ့အဝတ်အစားနဲ့ နေထိုင်မှုကွာခြားတာကလွဲပြီး အစားအသောက်ကြိုက်တာချင်းတွေ၊ အမှတ်မထင်လုပ်တတ်တဲ့ အမူအကျင့်လေးတွေ၊ အခု ရေမကူးတတ်တာခြင်းပါ တစ်ထပ်တည်းပဲ၊ ဖြူစင်ဟန်ရဲ့ ရုပ်အလောင်းသာ မီးသဂြိုလ်စက်ထဲအထိ ဝင်သွားတာမမြင်ခဲ့ဘူးဆိုရင် ဖြူစင်ဟန်ပြန်ရောက်လာတယ်လို့ပဲ သတ်မှတ်မိမှာ"

"ဒါဆိုရင် ဒေါ်နုက နဒီကို အခုလိုကြိုဆိုသလို ကြိုဆိုညှို့ခံမှုမျိုး လုပ်နိုင်ပါ့မလား၊ ဖြူစင်ဟန်အပေါ်မှာလေ၊ နွေးထွေးလှိုက်လှဲမှုနဲ့ ကြိုဆိုတာမျိုးနဲ့"

"အင်း…မကြိုဆိုလည်း သူကအိမ်ရှင်သခင်ပဲလေ၊ နေပိုင်ခွင့်အပြည့်ရှိနေတဲ့သူပဲ၊ ဒေါ်နုဆိုတာ ဒီရွှေလိပ်ပြာက အလုပ်သမားပါ၊ တာဝန်ဆိုတာကိုတော့ သိကြရမှာပါပဲ၊ ဖြူစင်ဟန်ဆိုးတဲ့ကိစ္စ ဒေါ်နုတို့နဲ့မှ မဆိုင်တာ"

"ဒါပေမယ့် ဦးမိုက်တီးကို ကြည့်ရတာတော့ ဒေါ်နုလို





စိတ်ထားမျိုး မထားနိုင်ဘူးထင်တယ်၊ ဖြူစင်ဟန်ကို တော်တော်လေးမုန်းတီးနေပုံပဲ"

"ဟုတ်တယ်၊ ကိုမိုက်တီးက ဒေါသထွက်လွယ်တယ်၊ စိတ်ဆတ်တယ်၊ လူတစ်ယောက်ကို မုန်းပြီဆိုလည်း နာနာကြည်းကြည်းပဲ၊ ဟန်မဆောင်တတ်ဘူး"

"ဖြူစင်ဟန်က အဲဒီလောက်တောင်ပဲ မုန်းစရာကောင်းအောင် ဆိုးသွမ်းခဲ့ဖူးတာလားဟင်"

ဒေါ်နု မဖြေ။

ဒီလောက်ဆို ပန်းသွန်းနဒီ ရိပ်မိလိုက်သည်လေ။

"ဒါနဲ့ ဖြူစင်ဟန်ဆုံးတဲ့နေ့နဲ့ ကိုလေးညို့ ကားအက်စီးဒင့်ဖြစ်ပြီး ဆေးရုံရောက်ရတဲ့နေ့က တစ်နေ့တည်းပဲနော်"

"မဟုတ်ဘူးဒေါက်တာ၊ ကားအက်စီးဒင့်ဖြစ်ပြီး ဆေးရုံရောက်ချိန်က ညဆယ့်နှစ်နာရီဖြစ်ပြီး ဖြူစင်ဟန်ဆုံးတာကိုသိတဲ့အချိန်က နောက်နေ့နံနက်ဆယ်နာရီမှာ"

ဒေါ်နုက သေဆုံးချိန်အမှန်ကိုမပြောချေ။ တကယ်ဆိုညကတည်းက ဆုံးသွားသည်ဟု ဆေးစစ်ချက်ရပြီးသား။

"အမောဖောက်ပြီးဆုံးတာလား ဒေါ်နု၊ ဒေါ်နုတို့လက်ထဲ

မှာ ဆုံးတာလား"

"မဟုတ်ဘူး နဒီ၊ အခန်းထဲဝင်ကြည့်တော့ ဆုံးတာ ကြာနေပြီ၊ ဘယ်အချိန်ကတည်းကလည်းတော့မသိဘူးကွယ်၊ ဒေါ်န ဆို အဲဒီအချိန်က မောင်လေးညို့ အိမ်ပြန်မလာလို့လည်း စိတ်ပူ ဖြူစင်ဟန်ဆုံးလို့ အံ့သြပြီး စိတ်မကောင်းလည်းဖြစ်ရနဲ့ ရူးတော ရူးချင်သွားရတယ်၊ ဒေါ်နအပေါ်မှာ ဖြူစင်ဟန်က ဘယ်လိုဆက်ဆ မှုနဲ့ပဲ တုံ့ပြန်ခဲ့ပါစေ အခုလိုတွေ့ရတော့လည်း ရင်ထဲမကောင်းပ ဘူးကွယ်"

"အင်းပေါ့လေ…ဘာပဲပြောပြော တစ်မိုးအောက်တည် မှာ အတူတူနေခဲ့ကြတဲ့သူတွေပဲ၊ ဒီလိုတော့ရှိမှာပဲလေ၊ ကဲ ဒေါ်န နဒီကိုခွင့်ပြုဦး၊ ကိုလေးညို့ကို ဆေးတိုက်ချင်လို့ မိုင်လိုလေ တစ်ခွက်လောက် လာဖျော်တာ"

"မောင်လေးညို့ နေမကောင်းလို့လား"

"ကိုယ်နည်းနည်းနွေးနေလို့ ဆေးတိုက်မလို့၊ အဟင ရယ်စရာတော့ကောင်းသားပဲ ရေကန်ထဲကျသူနဲ့ ဆယ်သူ ရေစိုတ ချင်းအတူတူ ကျတဲ့နဒီက ကြောက်ဖျားမဖျားရဘူး ဆယ်တဲ့သူက လန့်ပြီးဖျားနေပြီ"





"ဟုတ်လား…ကဲ ဒါဆိုလည်း မိုင်လိုသွားဖျော်တော့လေ နဒီ"

"ဪ…ဟုတ်သားပဲ မေ့လို့၊ သွားပြီနော် ဒေါ်န"

"အေး…အေး"

ပန်းသွန်းနဒီတစ်ယောက် ဒေါ်နရှေ့မှနေ ထွက်လာခဲ့လိုက်သည်။ သူမ ခြေလှမ်းတွေရဲ့ဦးတည်ရာက အိမ်နောက်ဘက်မီးဖိုခန်းလေးဆီသို့သာ။

◆ ◆ ◆

## အခန်း (၇)

"ရှင်နဲ့နော် ဒီလောက်လေးရေစိုတာနဲ့ ဖျားရတဲ့အထိ ဖြစ်ရတယ်လို့"

စသလိုနောက်သလိုပြောရင်း နဖူးပြင်လေးဆီ သူမလက်ကလေးနှင့် စမ်းလိုက်၏။ သူက အိပ်ရာထက်မှာ ငြိမ်သက်စွာလဲလျောင်းနေရာမှ သူမဆီ စူးစူးနင့်နင့်လေး စိုက်ကြည့်နေသည်။

ဘာမှလည်း ခွန်းတုံ့မပြန်ချေ။

ငြိမ်သက်တိတ်ဆိတ်မြဲပင်။

"ကဲ...ထ မိုင်လိုလေးသောက်ရအောင် ကိုလေးညို့၊ ဒါမှ ရှင့်ကို ကျွန်မဆေးတိုက်လို့ရမှာ၊ အဖျားရှိနေတယ်ဆိုတော့ အစာမှာမာလည်း မကျွေးချင်ဘူးလေ၊ နွေလယ်စာကို ကြက်သား

မြူခွပ်လေးလုပ်ပေးဖို့ တစ်ခါတည်းမှာထားခဲ့တယ် သိလား''

ပြောပြီး သူ့အိပ်ရာနားကခွာကာ စားပွဲပေါ်တင်ထားသည့် မိုင်လိုခွက်လေးကို သွားယူမည့်အပြု မြန်ဆန်သောလက်တစ်ဘက်က သူမလက်ကောက်ဝတ်လေးဆီ ဆုပ်ကိုင်ကာ တားဆီးခြင်းခံလိုက်ရသည်။

ခြေလှမ်းတွေက တုန့်ခနဲရပ်သွားရပြီ။

''ဘာလဲ ကိုလေးညို့ ဘာပြောစရာရှိလို့လဲ''

သူက ဘာမှမပြောဘဲ သူမလက်ကို အားအပြည့်နှင့် ဆွဲလိုက်ရာ ခန္ဓာကိုယ်လေး ယိုင်နဲ့သွားပြီး ခုတင်လေးပေါ် အိပ်စက်နေတဲ့ သူ့အပေါ် လဲပြိုကျသွားရသည်။

''အို''

''အမေ့''

ရုတ်တရက်မို့ ပန်းသွန်းနဒီ ဘာမှမတတ်နိုင်ခဲ့။ လဲပြိုသွားတဲ့ သူမကိုယ်ခန္ဓာလေးကို ခါးကနေ ထိန်းပွေ့ဖက်ကာ သူ့ရဲ့လက်ဝဲဘက်သို့ ဆွဲချလိုက်ခြင်းခံလိုက်ရသည်။ ပူနွေးသောအတွေ့တစ်ခုက သူမခန္ဓာကိုယ်လေးဆီ ကူးစက်လာ၏။

''ကိုလေးညို့...ရှင်...ရှင် ဒါဘာလုပ်တာလဲ၊ ဖယ်





တော်နော်၊ လွှတ်''

အသိစိတ်ဝင်ဝင်ချင်း သူမ ဖွတ်အတင်းပင် ရုန်းကန်မိသည်။ ကြောက်ရွံ့စိတ်တွေရော၊ ရှက်ရွံ့စိတ်တွေပါ သူမရင်ထဲ အလုံးအရင်းနှင့် စုပြုံတိုးဝင်လာကြသည်။ ခန္ဓာကိုယ်တစ်ခုလုံး ရှုပုကာ မျက်နှာဝင်းနုစ်နုစ်လေးမှာလည်း ပန်းရွှေရောင်နီရဲလာသည်။

''ကိုလေးညို့...ဖယ်နော်...လွှတ်''

''လွှတ်နော်''

သူမကရုန်းလေ သူက တင်းသထက်တင်းအောင် ပွေ့ဖက်လေလေမို့ ကြာတော့ အားအင်တွေက လျော့ကျချင်လာ၏။

သူ့မျက်နှာကြီးက သူမမျက်နှာလေးအနီးမှာ ဝဲနေသည်။ ခေါင်းလေးကို ဘယ်ညာယမ်းခါပြီး သန်မာမြဲမြံလွန်းတဲ့ လက်တစ်စုံကြားမှ လွှတ်မြောက်နိုင်အောင်ပင် ကြိုးစားနေမိ၏။

မှားပြီ။ သူမအမှားကြီးမှားသွားပြီ။ ရွှေလိပ်ပြာခြံကြီးထဲကို မဆင်မခြင်တိုးဝင်ခဲ့မိသည်။ သူမရဲ့ဆုံးဖြတ်ချက်တစ်ခုတော့ သူမဘဝကို အောက်ဆုံးအထိ ဆွဲနစ်မြုပ်ဖို့ ဖြစ်နေရပြီလေ။

"အဟင့်...ဟင့်"

"ဟင့်"

ငိုရှိုက်သံလေးတွေက သူမနှုတ်ခမ်းလေးထက်မှ ထွက်ကျလာခဲ့သည်။ မျက်ရည်စီးကြောင်းကြီးတွေက မျက်ဝန်းထောင့်မှ တစ်ဆင့် နားထင်လေးကို ဖြတ်ကျော်ကာ ဆံနွယ်လေးတွေဆီ နစ်မျောသွားသည်။

မတတ်နိုင်တော့ပါ။ မတားဆီးနိုင်တော့ပါ။ မျက်နှာလေးမှတစ်ဆင့် လည်တိုင်ကျော့ကျော့လေးဆီ ကျရောက်လာတဲ့ အနမ်းပွင့်များအောက်တွင် သူမရဲ့စိတ်အစဉ်သည် ပြန်လည်၍ ဖမ်းဆုပ်မရနိုင်တော့စွာပင် လွင့်မျောလွတ်ထွက်သွားတော့သည်။

"ချစ်တယ် နဒီရယ်၊ ကိုယ် မင်းကိုသိပ်ချစ်တယ်"

အခါးသီးဆုံးစကားသံက သူမနားထဲ သံရည်ပူပူတွေလောင်းချခံလိုက်ရသလိုပင် တိုးဝင်လာပါသည်။

မကြားချင်ဘူး။ လုံးဝမကြားချင်ဘူး။ မုန်းတယ်။ ရှင့်ကိုအရမ်းမုန်းတယ် လေးညို့။

ကျွန်မအနာဂတ်တစ်ခုလုံးကို ရစရာမရှိအောင် နင်းချေခဲ့တဲ့ ရှင့်ကို သေလောက်အောင်မုန်းတယ်။





သူ့မျက်နှာကို မကြည့်ချင်တော့လောက်အောင် ခါးသီးသွားမိ၏။

သွားပြီလေ။ မျှော်လင့်ချက်ရောင်ခြည်တွေအားလုံး ကင်းမဲ့ကာသွားကြပြီ။ ဘာဆက်လုပ်ရမလဲ။ လေးညို့။ တစ်နည်းအားဖြင့်သေဆုံးသွားတဲ့ ညီမငယ်ဖြူစင်ဟန်ရဲ့ခင်ပွန်း။

ပြီးတော့ ဒီလူက ညီမငယ်လေးကို ရက်ရက်စက်စက်သတ်ခဲ့တဲ့သူ။ နှလုံးရောဂါနဲ့ သေဆုံးအောင် ဘယ်လောက်များတောင် စိတ်ဆင်းရဲမှုတွေ ဖန်တီးခဲ့သလဲ။

လုပ်ချင်တာတွေလုပ်ပြီး အတိတ်မေ့သည်ဟု ဟန်ဆောင်ကာ အရာအားလုံးကို ဖုံးကွယ်ဖို့ကြိုးစားနေတဲ့ ဒီလိုလူမျိုးရဲ့ လက်ထဲမှာ သူမရဲ့ဘဝလေး ပုံကြွေခဲ့ရတာ ဘယ်လောက်များတောင် စက်ဆုပ်ရွံရှာဖို့ကောင်းပါသလဲ။

"နဒီ"

ခေါ်သံက တိုးတိုးလေးရယ်ပါ။

သို့သော် သူမကြားလိုက်တာကတော့ အင်မတန် ပြင်းထန်စွာပေါက်ကွဲသွားတဲ့ ဗုံးတစ်လုံးနှယ်။

"နဒီရယ် ခွင့်လွှတ်ပါကွာ၊ ကိုယ် မင်းကိုသိပ်ချစ်မိသွား

လို့ပါ နဒီရယ်၊ လုံးဝမတရားဘူးဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ်အရမ်းကြောက်တယ် နဒီ၊ မင်းနဲ့ဝေးရမှာ မင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ၊ မင်းချန်ရစ်ထားခဲ့မှာကို တွေးမိတိုင်း သွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေလို့…ကိုယ်"

"တော်ပါတော့…ဆက်မပြောနဲ့တော့၊ ကျွန်မ မကြားချင်ဘူး"

သူမနားနှစ်ဘက်ကို လက်ဝါးလေးနှင့် တင်းနေအောင် ဖိပိတ်ကာပင် အော်ဟစ်တားဆီးပစ်လိုက်မိသည်။

ရှက်စရာကောင်းလိုက်တဲ့အဖြစ်။

ဘာဆက်လုပ်ရတော့မလဲ။

ဘယ်လမ်းကို သူမအကောင်းဆုံးဖြစ်အောင် ရွေးချယ်ပြီး လျှောက်လှမ်းရတော့မလဲ။

မသိဘူး။ လုံးဝမသိတော့ဘူး။ သူမသိတာတစ်ခုပဲရှိသည်။ အဲဒါ သေချင်တာ။

ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်ချင်တာလေ။

"နဒီရယ် ကိုယ့်ကို အရမ်းမုန်းတီးနာကြည်းသွားပြီလား ကွာ"





သူ့အသံက အားငယ်စိုးရွံ့မှုအပြည့်။

ပြီးတော့ ချစ်ခြင်းမေတ္တာတွေနဲ့ ပြည့်လျှံနေတဲ့ ညှို့မျက်ဝန်း တွေ။

ဟင့်အင်း ကျွန်မ မမြင်ချင်ဘူး။ သူမ အိပ်ရာလေးထက် ကနေ လူးလဲထတော့ သူက သူမလက်မောင်းလေးကို တင်းနေ အောင်ဆုပ်ကိုင်ပြီးတားသည်။ မုန်းတီးလွန်းသဖြင့် သူ့မျက်နှာကို ႏုးနေအောင်စိုက်ကြည့်ကာ လက်တွေကို ခပ်ကြမ်းကြမ်း ဆွဲဖယ် ပစ်လိုက်သည်။

"နဒီ"

သူမ ဆတ်ခနဲထရပ်တော့ သူပါ ဗျာဗျာသလဲ ခုတင် လေးပေါ်ကဆင်းပြီး ထရပ်ကာ သူမရှေ့ကနေ ပိတ်ကာထားသည်။

"ရှင်…ဖယ်နော်"

"လက်ထပ်ရအောင် နဒီ"

"ဘာ"

"ကိုယ့်ကိုလက်ထပ်ခွင့်ပြုပါ၊ အခုကိစ္စက ကိုယ့်ဘက်က ပြီး ကျူးလွန်ခဲ့တာဆိုတော့"

"ဘာလဲ…တာဝန်ယူတယ်ဆိုတဲ့ သဘောလား

ကိုလေးညို"

"ချစ်တာပါ၊ မင်းကိုစတွေ့လိုက်တဲ့နေ့ကစပြီး ချစ်ခဲ့တာပါ၊ ဒါပေမယ့် မဖြစ်သင့်ဘူးဆိုပြီး ကိုယ့်စိတ်တွေကို ထိန်းချုပ်ခဲ့ပါတယ် နဒီရယ်၊ ဒါပေမယ့် မင်းနဲ့အနေနီးလေ မင်းရဲ့စိတ်ဓာတ်လေးနဲ့ ကြင်နာနွေးထွေးမှုကို ခံယူနေရလေလေ ကိုယ်ပိုပြီး ပိုင်ဆိုင်ချင်လာလေလေပဲ နဒီရယ်"

"နွေးထွေးမှု ဟုတ်လား၊ ဒါက ဆရာဝန်နဲ့လူနာကြားက ဆက်ဆံမှုတစ်ခုပဲ ကိုလေးညို၊ ရှင့်စိတ်တွေ ယိုင်နဲ့လာအောင် ဖြားယောင်းခြင်းမဟုတ်ဘူးရှင့်"

"သိပါတယ်၊ မင်းဘက်က တာဝန်အရလုပ်ဆောင်နေတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ကိုယ်ကတော့ အဲဒါလေးကိုပဲ ကြိတ်ပြီး မက်မောတွယ်တာနေခဲ့တာပါ နဒီရယ်"

သေလိုက်ပါလား လေးညိုရယ်။

လဲသေလိုက်ပါလား။

"နဒီ"

"ရှင်ဖယ်ပါ၊ ကျွန်မသွားပါရစေတော့၊ တောင်းပန်ပါတယ်ရှင်၊ ကျွန်မသွားပါရစေတော့"





"သွားခွင့်ပြုမှာပါ၊ ဒါပေမယ့် ကိုယ်နဲ့အဝေးဆုံးကိုတော့ မဟုတ်ဘူးနော်၊ နဒီ မင်းထားခဲ့တာကို ကိုယ်လုံးဝလက်မခံနိုင်ဘူး"

ပန်းသွန်းနဒီ ဘာမှပြန်မဖြေနိုင်။

အခုချိန်မှာ သူ့ကိုမမြင်နိုင်မယ့် နေရာလေးတစ်ခုကိုပဲ သူမက ထွက်ခွာသွားချင်နေတာပါ။

ဘယ်သူနဲ့မှ စကားမပြောချင်။

သူ့ရင်ဘတ်ကို ဆောင့်တွန်းဖယ်ခဲ့ကာ အခန်းထဲကနေ ပြေးထွက်ခဲ့မိသည်။

အခန်းတံခါးဝမှအထွက် အပေါ်ထပ်သို့ တက်လာခဲ့သော ဒေါ်နုနှင့် မျက်နှာချင်းဆိုင်ဆုံ၏။ ပန်းသွန်းနဒီ ရှောင်ဖယ်ကာ သူမအခန်းလေးထဲ ပြေးဝင်ပြီး တံခါးလော့ခ်ကိုချကာ အိပ်ရာလေးဆီ ပြေးပြီး ခုတင်ပေါ်မှောက်လျက်အိပ်ချကာ ခေါင်းအုံးပေါ် မျက်နှာလေးအပ်ပြီး အားပါးတရပင် ငိုရှိုက်လိုက်မိတော့သည်။

မုန်းတယ်။

ရှင့်ကို အရမ်းမုန်းတယ်။

လေးညို။

◆ ◆ ◆

## အခန်း (၈)

"ဘယ်လို...ဘယ်လို မောင်လေးညို၊ နဒီနဲ့လက်ထပ်တော့မယ် ဟုတ်လား"

"ဟုတ်တယ် ဒေါ်နု၊ နဒီကို ကျွန်တော်ချစ်တယ်၊ ကျွန်တော့်ဘဝမှာ သူမရှိလို့မဖြစ်အောင် လိုအပ်တယ် ဒေါ်နု"

"နဒီက လက်ခံလိုက်ပြီလား"

"ဟင့်အင်း"

ခေါင်းလေးကို သွက်နေအောင်ခါယမ်းပြတဲ့ မောင်လေးညိုကိုကြည့်ပြီး ဒေါ်နုပင် မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရသည်။

"လက်မခံဘဲနဲ့ ဘယ်လိုလုပ်ပြီးဖြစ်မှာလဲ၊ မောင်လေးညိုရယ်၊ အခု ဘာတွေဖြစ်နေတာလဲကွယ်၊ ဒေါ်နုကိုလည်း သေချာရှင်း

ပြပါဦး''

ဘာကိုရှင်းပြရမှာလဲ။

သူ့ရင်ထဲက ဖြစ်ချင်နေတဲ့ဆန္ဒက ရှင်းရှင်းလေးလေ

ပန်းသွန်းနဒီကိုချစ်တယ်။ သူ့ကိုပိုင်ဆိုင်ချင်တယ်။

''မောင်လေးညို့''

''ကျွန်တော် သူ့ကိုတကယ်ချစ်တာ၊ သူထွက်သွားမှာ

မလိုလားဘူး၊ ပိုင်ဆိုင်ထားချင်တယ် ဒေါ်နု''

မောင်လေးညို့ရယ်။ တကယ်ချစ်တာတဲ့လား။ ထင်ေ

ထင်ထားပြီးသားပါပဲ။ ပန်းသွန်းနဒီဆိုတဲ့ ဒေါက်တာမလေး

တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ချစ်သွားလိမ့်မယ်ဆိုတာေ

ပန်းသွန်းနဒီက ဖြူစင်ဟန်နဲ့ အရမ်းတူတာကို။ ဖြူစင်ဟန့်ကိုတေ

ဒီလောက်ချစ်တာ ဖြူစင်ဟန်နဲ့တူတဲ့ ပန်းသွန်းနဒီကိုတွေ့ေ

သူ့စိတ်ထဲ ရင်းနှီးသလို ခံစားနေရမှာပေါ့လေ။

မင်းက အတိတ်မေ့နေတဲ့ ဝေဒနာသည်တစ်ယော

မဟုတ်လား။ ဖြူစင်ဟန်ရဲ့ ဆိုးတေမှုတွေကို သတိမှမရ

အတိတ်မှာကျန်နေခဲ့တာကို သတိမရတဲ့သူဆိုတော့ လက်တွေ့မြ

ရတဲ့ ပန်းသွန်းနဒီကို ချစ်နေမှာပေါ့။





အစကတည်းက အချစ်အရင်းခံစိတ်က ရှိနေတာပဲဟာ။

ပေမယ့် ဒေါ်နုကတော့ လုံးဝလက်မခံနိုင်တော့ဘူး

ာင်လေးညို့။ မင်းကိုဒုက္ခပေးခဲ့တဲ့ ဖြူစင်ဟန်နဲ့ ရုပ်ချင်းဆင်နေ

ဒီမိန်းကလေးနဲ့လည်း လုံးဝမပေးစားချင်ဘူး။

မင်းခံစားရမှာ။

တစ်နေ့နေ့မှာ မင်း အကြီးအကျယ်နာကျင်ခံစားရမှာ။

ဖြူစင်ဟန့် ဝိဉာဉ်တွေ ပူးကပ်နေတဲ့မိန်းကလေး။ အဲဒါ

ေါ်နုသိနေတယ် မောင်လေးညို့။

''မောင်လေးညို့''

''ဗျာ''

''မင်းတကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား၊ ဒေါက်တာပန်း

ွန်းနဒီကို လက်ထပ်မယ်ဆိုတာလေ''

''ဟုတ်ကဲ့''

''သူကလက်မခံဘူးဆို''

''လက်မခံပေမယ့် ကျွန်တော်ကတော့ ရအောင်လက်ထပ်

ာပဲ''

''ဘယ်လိုကွဲ့''

ဒေါ်နု မျက်လုံးတွေပြူးသွား၏။

''ဟုတ်တယ် ဒေါ်နု''

''သူ့ကိုပိုင်ဆိုင်ချင်တယ်လို့ ပြောပြီးပြီလေ''

ဒုက္ခပါပဲ။ ဒီကောင်လေးကတော့ လုပ်ပြန်ပြီ။

စိတ်ထင်ရာအတိုင်း လုပ်ဖို့ချည်းပဲ တစ္ဆတ်ထိုးဆုံးဖြ

နေတာကတော့ စိတ်ညစ်စရာပါ။ တားဆီးဖို့ဆိုတာကလည်း

က အိမ်တော်ထိန်းတစ်ယောက်ဖြစ်နေသည်။

ဖြူစင်ဟန်တုန်းကလည်း လက်ထပ်ပြီး အိမ်ပေါ်တ

တည်းခေါ်တင်လာ၏။ အလုပ်သမားတွေအားလုံးကို ဒါဟာ သူ

ဖြူစင်ဟန်ပါဆိုပြီး မိတ်ဆက်ကာ အိမ်ကြီးရှင်တစ်ယောက်နေရာ

ပေးအပ်ခဲ့သည်။

ရန်ကုန်မြို့ရဲ့ နာမည်အကြီးဆုံး ဟိုတယ်ကြီးတ

တင့်တောင်းတင့်တယ် မင်္ဂလာအခမ်းအနားကျင်းပခဲ့သည်။ ည

စားပွဲကိုလည်း နာမည်ကြီးစားတော်ဆက်တစ်ခုတွင် အလျှ

ကျွေးမွေးကာပင် ဧည့်ခံခဲ့၏။

ဆင်းရဲတဲ့ဇနီးကို သူ့အရှိန်အဝါတွေနှင့် အလေးအနက်

ကာ မြှင့်တင်ပေးခဲ့သည်။ သူ့ရဲ့တစ္ဆတ်ထိုးလုပ်ရပ်တွေကြောင့်



ဖြူစင်ဟန်က မိုးမမြင်လေမမြင်ဖြစ်ကာ ဘဝမေ့ပြီး အောက်ခြေလွတ်

တော့၏။

ခုလည်း ပန်းသွန်းနုဒီဆိုတဲ့ ဒေါက်တာမလေးကို ပိုင်ဆိုင်

ချင်တယ်တဲ့လေ။ တစ်ပင်လဲလို့ တစ်ပင်ထူတာတော့ ပြောစရာမရှိ

ပါ။ ဖြူစင်ဟန်လည်း ဆုံးသွားပြီပဲဟာ။

ဒေါက်တာက ပန်းသွန်းနုဒီဆိုတဲ့ ဒေါက်တာမလေးကလည်း

ဖြူစင်ဟန်နဲ့ ရုပ်ချင်းခွဲမရအောင်ပင် တူလွန်းလှသည်။ ပြီးတော့

ဒီဒေါက်တာမလေးမှာ သံသယဝင်စရာအချက်တွေ အများကြီးရှိနေ

သည်။ ဒေါ်နုကို မသိမသာ ဖြူစင်ဟန်နဲ့ပတ်သက်တဲ့အကြောင်း

အရာတွေ စကားပြောသည့်အခါတိုင်း ထည့်ထည့်မေးနေတတ်တာ

လေ။

တကယ်ဆို ဒေါက်တာမလေးနဲ့ ဘာမှမသက်ဆိုင်ဘူးလေ။

ဘာကြောင့် သူက အဲဒီလောက်တောင် စိတ်ဝင်စားရတာလဲ။

ဒါဟာ ထူးခြားမနေဘူးလား။ သိချင်တာတစ်ခုခုကို ဖော်ထုတ်

ချင်သလို စုံစမ်းစစ်ဆေးနေတဲ့ ဒေါက်တာပန်းသွန်းနုဒီလုပ်ရပ်တွေ

က သံသယဝင်စရာတွေ ဖြစ်ဖြစ်လာသည်။

မောင်လေးညို့ကတော့ ဘာသိမှာလဲ။

အတိတ်မေ့နေတဲ့သူကို။

သူသိနေတာ အခုလက်ရှိ အခြေအနေတွေပဲဖြစ်သည်။

"မောင်လေးညို"

"ပြော…ဒေါ်နု"

"ဒေါက်တာပန်းသွန်းနုဒီဟာ ဖြူစင်ဟန်နဲ့ ရုပ်ချင်းဆင်တယ်လို့ ဒေါ်နု ပြောထားတယ်နော်"

"အင်း"

"မင်း မလန့်ဘူးလား"

"ဘာကိုလဲ ဒေါ်နု"

"ဖြူစင်ဟန်နဲ့ ပတ်သက်တဲ့အကြောင်းတွေ ပြောပြလို့ မင်းလည်းသိနေသလောက် သိနေပြီပဲဟာ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ ဒေါ်နု"

ဒေါ်နုစကားလောက်နဲ့တော့ ဖြူစင်ဟန် ဆိုးသွမ်းတယ်ဆိုတာ လက်မခံချင်။

"ပန်းသွန်းနုဒီဆိုတဲ့ ဒေါက်တာမလေးက ဖြူစင်ဟန်နဲ့ ရုပ်ချင်းဆင်ရုံမကပဲ အမူအကျင့်ရော၊ အကြိုက်ချင်းတွေပါ တစ်ထပ်တည်းတူနေတာ မောင်လေးညို"





"ဗျာ"

"ဟုတ်တယ် မောင်လေးညို၊ ပန်းသွန်းနုဒီကို ဒေါ်နု စောင့်ကြည့်နေတာကြာပြီ၊ သိပ်ပြီးမှမမှန်ချင်ဘူးလေ၊ ဖြူစင်ဟန်နဲ့ အကြောင်းတွေလည်း မသိမသာ မေးမြန်းတတ်သေးတယ်၊ ဒေါ်နု အထင်ကိုပြောရမယ်ဆိုရင် အမြွာပူးညီအစ်မတွေများ ဖြစ်နေမလား ညို"

"ဟာဗျာ မဖြစ်နိုင်ပါဘူး"

"ဘာပဲပြောပြော ဒေါ်နုကတော့ အချိန်ယူပြီး ထပ်စဉ်းစားချင်သေးတယ်ကွယ်၊ ဒေါ်နုက မောင်လေးညို့အတွက်ပြောတာပါ၊ မောင်လေးညို့ကို ဒေါ်နု ဘယ်လောက်ချစ်တယ်ဆိုတာ မောင်လေးအသိဆုံးပါပဲကွယ်၊ ဒါကြောင့် အိမ်ထောင်ရေးအပူသောကတွေ နောက်တစ်ကြိမ်ခံစားရမှာ သိပ်စိုးရိမ်တယ်၊ ဖြူစင်ဟန်တုန်းကလို အဖြစ်မျိုးတွေ ကြုံတွေ့လာရင် ဘယ်နှယ့်လုပ်ရပါ့မလဲဆိုတဲ့ ပူပန်မှုကို မင်းက အတိတ်မေ့နေတဲ့သူဆိုတော့ ဘယ်နားလည်ပါဦးမလဲ၊ ဒေါ်နုကတော့ မင်းအနာဂတ်အတွက် ရင်တစ်ခုလုံး ပူလောင်နေရတယ် မောင်လေးညို့ရယ်၊ မောင်လေးညို့ဆိုတာ ဒေါ်နု မမွေးရုံတမယ်ပဲ ထိန်းခဲ့ရတဲ့သူပါ၊ ဒါကြောင့် ဒေါ်နု စေတနာမေတ္တာ

ကို အသိအမှတ်လေးပြုပြီး အချိန်ယူပါနော်၊ မင်းကို ဒုက္ခမရောက်စေချင်တော့ဘူး''

''ကျွန်တော် ဒေါ်နုစေတနာကို နားလည်ပါတယ်ဗျာ၊ အသိအမှတ်လည်းပြုပါတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့အတိတ်မှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာ ကျွန်တော်မသိဘူး၊ သိလည်းမသိချင်ဘူးလေ၊ လက်ရှိမှာ ဒေါက်တာယန်းသွန်းနဒီကို ကျွန်တော်ချစ်မိနေပြီ၊ သူ ကျွန်တော့်ကို မချစ်ဘူးဆိုတာ သိနေပါရက်နဲ့တောင် ပိုင်ဆိုင်ထားချင်နေတဲ့ ကျွန်တော့်စိတ်ကို ဘယ်လိုတားဆီးရမလဲဗျာ''

မောင်လေးညို့ရယ်။

ဒေါ်နုတစ်ယောက် ခံစားချက်တွေ တနင့်တပိုးနဲ့ ရင်ဖွင့်ပြနေတဲ့ လေးညို့ဆိုတဲ့ ကောင်လေးကို ဘယ်လိုနားချရမှန်းပင်မသိတော့ချေ။

ဘယ်တတ်နိုင်တော့မလဲ။

ချစ်နေပြီဆိုတော့ ဘယ်တတ်နိုင်ပါတော့မလဲလေ။

သူက အိမ်ကြီးရှင်သူဌေးလေး မဟုတ်လား။

ဒေါ်နုတို့ဆိုတာ မှီခိုကပ်နေကြတဲ့ အလုပ်သမားတွေ စိတ်ထင်သလိုသာလုပ်တော့ပေါ့။

• • •



## အခန်း (၃)

''ဟင်…ရှင်…ရှင် ကျွန်မအခန်းထဲကို ဘာဖြစ်လို့ဝင်လာတာလဲ၊ သွား အခုထွက်သွား''

ယန်းသွန်းနဒီက နှင်ထုတ်နေသလောက် သူ့အသွင်ကတော့ အေးဆေးပါပဲ။ ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲကာ အသားလေးတွေပင် တဆတ်ဆတ်တုန်နေသည့် သူမအနီးသို့ပင် ခပ်တည်တည်နှင့် ချဉ်းကပ်လာနေသေးတော့သည်။

''ရှင်နော် ပြောနေတာမရဘူးလား''

''ကိုယ် မင်းနဲ့ဆွေးနွေးစရာရှိလို့''

''ဘာ…ဘာပြောတယ်၊ ဆွေးနွေးစရာဟုတ်လား၊ ရှင်နဲ့ကျွန်မကြားမှာ ဘာဆွေးနွေးစရာမှမရှိဘူး၊ ကျွန်မ ဒီကနေ့ပဲ ဆရာဝန်

ကြီး ဦးမြင့်စိုးဆီ ဖုန်းနဲ့ဆက်သွယ်ပြောပြီးသွားပြီ၊ ရှင့်ကိုဆေးကုသ
ပေးနေတဲ့အလုပ်ကို ရပ်နားတော့မယ်လို့၊ တခြားလူတစ်ယောက်
ပြောင်းပြီး တာဝန်လွှဲဖို့ ခွင့်တောင်းထားပြီးပြီ ကိုလေးညို့"

သူမစကားကြောင့် သူ့မျက်ခုံးတွေ ဆတ်ခနဲ တွန့်ကြ
သွား၏။ မျက်နှာလေး ကွက်ခနဲပျက်သွားသည်။ စူးရှသော
မျက်ဝန်းတောက်တောက်တွေနှင့် စိုက်ကြည့်ကာနေပြီး…

"မင်း ဒီကနေထွက်သွားတော့မယ်ဆိုတဲ့ သဘောလာ
ပန်းသွန်းနဒီ"

"ဟုတ်တယ်၊ ရှင့်လိုလူမျိုးနဲ့ ရေ့ဆက်ဖို့ဆိုတာ ဘယ်လို
မဖြစ်နိုင်တာ၊ ကျွန်မ အလုပ်ထွက်တော့မယ်"

"ရမလား"

"ဘာရှင့်"

"မင်းလုပ်ချင်တိုင်း လုပ်သွားလို့ရမလားလို့ပြောတာ"

"ဘာဖြစ်လို့မရရမှာလဲ၊ ဒါက ကျွန်မရဲ့ဆန္ဒအပေါ်မှာ
မူတည်တာ"

"ရွှေလိပ်ပြာခြံကနေ မင်းတကယ်ထွက်သွားချင်လို့လား
ပန်းသွန်းနဒီ"

"ဘာ"

သူ့အမေးကြောင့် ပန်းသွန်းနဒီ မျက်ဝန်းတွေ ပြူးဝိုင်း
သွားရသည်။ သူဘာမေးလိုက်တာလဲ။ ဒီမေးခွန်းရဲ့ အဓိပ္ပာယ်က
ဘယ်လိုသဘောသက်ရောက်လဲ။

"ကိုယ်မေးတာဖြေလေ ပန်းသွန်းနဒီ၊ မင်းတကယ်ပဲ
ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပြီလားလို့"

ဟင့်အင်း ထွက်မသွားချင်ပါဘူး။

ကျွန်မညီမလေး ယွန်းယွန်းအတွက်နဲ့ ဒီရွှေလိပ်ပြာခြံကြီး
ဆီကို ကျွန်မ ရောက်လာခဲ့တာပဲဟာ။ အလွယ်တကူနဲ့တော့ ကျွန်မ
လက်လျှော့ပြီး မသွားနိုင်ပါဘူး။

ဒါပေမယ့် ကျွန်မ ရှင့်ကိုအရမ်းမုန်းတယ် ကိုလေးညို့။

ကျွန်မဘဝထဲကို ဆိုးဝါးတဲ့ကံကြမ္မာကို ဖန်တီးပေးခဲ့တဲ့
ရှင့်ကို အရမ်းမုန်းတယ်။ ရှင့်မျက်နှာကို ကျွန်မ လုံးဝမကြည့်ချင်
ဘူး ကိုလေးညို့။ အခုအချိန်မှာ ကျွန်မစိတ်တွေ တအားရှုပ်ထွေး
နေတယ်။ ကျွန်မဘာဆက်လုပ်ရမလဲဆိုတဲ့ အဖြေတစ်ခုကို ကျွန်မ
ကိုယ်တိုင်တောင် ရှာမတွေ့သေးဘူး။

"ပန်းသွန်းနဒီ"

"ကိုယ်မင်းကိုသိပ်ချစ်တယ်၊ အရင်က ကိုယ်ဘာတွေဖြစ်ခဲ့သလဲဆိုတာ ကိုယ်မသိဘူး၊ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ကိုယ့်ဘဝထဲက ထွက်သွားမှာ သေလောက်အောင်ပဲ ကြောက်နေခဲ့တာပါကွာ၊ မင်းယုံပါ"

ဖြစ်နိုင်ပါတယ်။

ရှင်အခုလို ခံစားနေရတယ်ဆိုတာ ဟန်ဆောင်ပြနေတာမဟုတ်ဘူးဆိုတာတော့ ကျွန်မလည်း မျက်နှာအရိပ်အကဲ ဖတ်လို့ရပါတယ်။

ဒါပေမယ့် ရှင်က အတိတ်မေ့ဝေဒနာရှင်တစ်ယောက်လေ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင် အတိတ်ကို ပြန်သတိရသွားရင် ဒီကနေ့ဖြစ်ရပ်တွေအားလုံးကို ရှင်မေ့ချင်မေ့သွားနိုင်တာမဟုတ်လား။ ကျွန်မနဲ့ ပတ်သက်မှုတွေကသာမန်ပဲ ဖြစ်သွားမှာ။

ပြီးတော့ ရှင်က ဖြူစင်ဟန်ဆိုတဲ့ ရှင့်မိန်းမကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနာကြည်းနေတဲ့ သူတစ်ယောက်။ အဲဒီလိုလူက ကျွန်မဟာ ဖြူစင်ဟန်နဲ့ ရုပ်ချင်းတစ်ပုံစံထဲ ဖြစ်နေတာမြင်သွားရင် ဘယ်လိုဆုံးဖြတ်မလဲ။ သတ်ပစ်ချင်လောက်အောင်ပဲ ရှင့်စိတ်ထဲမှာ ဖြစ်ဦးမှာပဲလေ။





"ပန်းသွန်းနဒီ"

"ပြောပါ"

"ဟိုနေ့ကကိစ္စ"

"ကျွန်မမေ့လိုက်ပြီ"

ဟင်။

မျက်နှာလေးလွှဲပြီး ပြောလိုက်တဲ့စကား။

မေ့လိုက်ပြီတဲ့။

ဒါ မိန်းကလေးတစ်ယောက် ပြောရမယ့်စကားလား။

ပန်းသွန်းနဒီ မင်း ဦးနှောက်မှကောင်းသေးရဲ့လား။ တကယ်ဆို မိန်းကလေးဖြစ်တဲ့ မင်းဘက်က ပိုပြီးတော့တောင် အလေးအနက်ထားသင့်တာလေ။

"မင်းတကယ်မေ့လို့ရရဲ့လား ပန်းသွန်းနဒီ"

"အို...ရှင် ဘာတွေလာမေးနေတာလဲ"

တွေ့လား။ ဒီလိုကျတော့ ခေါင်းလေးပင် ပန်းသွန်းနဒီက မဖော်ရဲတော့။ သူ့ကိုမုန်းတီးတဲ့စိတ်တစ်ခုတည်းနဲ့ပဲ ဘုဘောက်ပြန်ပြောနေတာ။ သူမကလေး ဘယ်လောက်တောင် ရှက်ရွံ့နေသလဲဆိုတာ လေးညို့ ခံစားသိရှိနေသည်။

ကလေးဆန်လိုက်တာ ပန်းသွန်းနဒီရယ်။

မင်းရဲ့စိတ်ဓာတ်ကလေးက မာကျောမလိုလိုနဲ့ ထင်မထား လောက်အောင်ပဲ ပျော့ပြောင်းနူးညံ့နေတာပါလား။

"ကိုယ်ကတော့ရှင်းတယ်နော် လုံးဝမမေ့ဘူး"

"ရှင်နော်"

"အမှန်အတိုင်းဝန်ခံတာလေ၊ မင်းကအလုပ်ထွက်မယ်ဆို ရင်တောင် ကိုယ်ကထွက်ခွင့်ပြုမှာမဟုတ်ဘူး"

"အမယ်…ရမလား၊ ရှင်နဲ့ကျွန်မက ဘာဆိုင်တာမှတ်လို့၊ ကျွန်မစိတ်နဲ့ ကျွန်မကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိတယ်"

"ကိုယ်က မင်းနဲ့မဆိုင်ဘူးလား ပန်းသွန်းနဒီ"

"ဘာဖြစ်နေတာလဲ ရှင်နော်"

"ပန်းသွန်းနဒီ"

"အို…ဒါဘာလုပ်တာလဲ၊ ရှင်နော် ကျွန်မအသားကို မထိနဲ့"

သူ့လက်တွေက သူမပခုံးလေးဆီ တင်းကြပ်စွာ ဆုပ်ကိုင် ဖို့ ကြိုးစားနေ၏။ ပန်းသွန်းနဒီ ခြေလှမ်းတွေကို နောက်ဆုတ်ပစ် လိုက်သည်။ သူ့မျက်နှာကိုလည်း ရွံရှာစက်ဆုပ်စွာပင် ကြည့်ပစ်





လိုက်၏။

"နဒီ"

သူ့အသံက နုညက်လို့။

မျက်ဝန်းလေးတွေထဲမှာ ချစ်ရိပ်လေးတွေက လျှံတက်နေခဲ့ သည်။ ပန်းသွန်းနဒီ အကြည့်တွေကို လွှဲပစ်လိုက်မိ၏။

"ကိုယ့်ကိုလက်ထပ်ပါ နဒီ၊ ကိုယ်တောင်းပန်ပါတယ် ကွာ၊ ကိုယ့်အနားကနေ ဘယ်မှထွက်မသွားပါနဲ့ နဒီရယ်"

သူမ မဖြေမိပါ။

အသိတရားတွေက နောက်ဆုတ်ချင်နေတဲ့ သူမခြေလှမ်း တွေကို တားဆီးနေပြီလေ။ ဘဝတစ်ခုလုံး ဖျက်မရတဲ့အမဲစက် အထင်ခံပြီးမှ သတ္တိကြောင်ပြီး ရှောင်ပြေးတော့မလားဆိုတဲ့ မေးခွန်း က သူမနားစည်ထဲမှာ ပဲ့တင်ထပ်နေခဲ့သည်။

ညီမလေးရဲ့မျက်နှာကို ပြန်မြင်ယောင်မိပြန်တော့လည်း ရင်ထဲမှာ တဆစ်ဆစ်နာကျင်လာရပြန်ပါသည်။ အားကိုးတကြီးနဲ့ ဖုန်းဆက်ခဲ့တဲ့ ညီမလေးရဲ့ ကြောက်ရွံ့ထိတ်လန့်နေတဲ့အသံလေး။

ဘယ်သူလုပ်တာလဲ။

ညီမလေး အခုလိုအဖြစ်ဆိုးမျိုးကြုံရအောင် ဖန်တီးခဲ့တဲ့

တရားခံအစစ်က ဘယ်သူလဲ။

ဒါကိုသိချင်လို့ ဒီရွှေလိပ်ပြာခြံကြီးထဲကို ပန်းသွန်းနဒီက ဝင်လာခဲ့တာလေ။ ခုတော့ သူမကိုယ်တိုင် စိတ်ဓာတ်တွေ အကြီးအကျယ်ကျပြီးတော့ ရှောင်ခွာဖို့စဉ်းစားနေရပြီ။

မဖြစ်ဘူး။ ဒီလိုပုံစံမျိုးနဲ့ ရပ်တန့်လိုက်လို့မဖြစ်ဘူး။ ရှုံးနိမ့်မှုတွေ၊ ပေးဆပ်ခြင်းတွေက တစ်ပုံတစ်ပင်ပဲလေ။

အတွေးလေးကြောင့် ပန်းသွန်းနဒီမျက်ဝန်းလေးတွေ စိမ်းတောက်သွား၏။ နှုတ်ခမ်းဖူးဖူးလေးက တင်းတင်းစေ့သွားသည်။ ကြောက်စိတ်၊ ရှက်ရွံ့စိတ်၊ အားငယ်စွာရှောင်ပြေးလိုက်ချင်စိတ်တွေ နေခဲ့တဲ့နှင်းထုနယ် ပြယ်လွင့်သွားကာ ခေါင်းလေးက ဆတ်ခနဲ နေအောင်ပင် ပြန်ပြီးထောင်မတ်သွားတော့၏။ ယိမ်းယိုင်ချင်နေသော စိတ်တွေကို ပြန်တင်းထားလိုက်သည်။

"နဒီ"

"ဒီမှာ ကိုလေးညို့၊ ရှင်ကမေးတယ်နော် ရွှေလိပ်ပြာခြံထဲကနေ တကယ်ပဲထွက်သွားချင်သလားဆိုတာ၊ ကျွန်မလေ ရှင်းမှာ နာကြည်းမုန်းတီးလွန်းလို့ တကယ်ပဲ ပြေးထွက်သွားချင်တယ်လေ လား၊ ဒါပေမယ့် ခုတော့ ကျွန်မရဲ့ဆုံးဖြတ်ချက်တွေကို ကျွန်မ ပြန်ပြင်လိုက်ပြီ ကိုလေးညို့၊ ကျွန်မ ရွှေလိပ်ပြာခြံမှာပဲ ဆက်နေတော့မယ်ဆိုတာလေ၊ ရှင့်ကို ဘယ်လောက်မုန်းမုန်း အရှုံးနဲ့တော့ ကျွန်မထွက်မသွားတော့ဘူး ကိုလေးညို့"



ဟင်။

လေးညို့မျက်လုံးလေးတွေ ပြူးဝိုင်းသွားကာ မယုံကြည်နိုင်သလိုပင် ဒေါက်တာပန်းသွန်းနဒီကို ကြည့်လိုက်သည်။

ဒါဟာ သူ့ကို လက်ထပ်ပါတော့မယ်လို့ ခေါင်းညိတ်လက်ခံလိုက်တာပဲမဟုတ်လား။ ပန်းသွန်းနဒီရဲ့ဆုံးဖြတ်ချက်က ရှင်ခုန်လှုပ်ရှားစရာပါ။

ခုချိန်မှာတော့ ပန်းသွန်းနဒီဆီက ချစ်ခြင်းမေတ္တာတွေထက် အမုန်းအငြိုးတွေကိုသာ ရရှိခံစားရဦးမယ်ဆိုတာ သူသိပြီးသားပါ။ အတ္တကြီးစွာနဲ့ သူမအနာဂတ်ကို သိမ်းပိုက်ခဲ့တာကို။ ပန်းသွန်းနဒီ အလွယ်တကူနဲ့ ဘယ်လိုလုပ်ပြီး ခွင့်လွှတ်နိုင်ပါ့မလဲ။ နာကြည်းနေမှာပဲလေ။

ဒါကို စိတ်ရှည်ရှည်နဲ့ ပြေပျောက်အောင် ကြိုးစားဖြေဖျောက်ရမှာက လေးညို့ရဲ့တာဝန်ပါ။

ရပါတယ် နဒီရယ်။ ကိုယ့်ကို မင်း အမုန်းတွေနဲ့ပဲ

လက်ထပ်ပါ။ မင်းဆီက ပြန်ပေးအပ်လာမယ့် အမုန်းတွေကို ခံယူရင်းနဲ့ မင်းရဲ့အနားမှာ ထာဝရအဖော်အဖြစ် ကိုယ် ကျေကျေနပ်နပ်ကြီး နေပေးပါ့မယ် နဒီရယ်၊ မင်းစိတ်တွေ ပြေလျော့တဲ့အထိ ကိုယ်ပြန်ပေးဆပ်ပါ့မယ်။

ကိုယ်ကချစ်တဲ့သူကို။ မင်းလေးကိုမှ မြင်မြင်ချင်းစွဲစွဲလမ်းလမ်း ချစ်သွားမိတာကို။ ဘယ်တတ်နိုင်မလဲ နဒီ။ အားနည်းချက်ရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုပေမယ့် အဲဒါက ကျူးရစ်ခဲ့တဲ့ ကိုယ့်ရဲ့အတိတ်လေ။ ကိုယ်ဘာမှမမှတ်မိတော့ဘူး။ ကိုယ်သိနေတာ လက်ရှိပစ္စုပ္ပန်ပဲ။ လောလောလတ်လတ် ခံစားနေရမှုပဲ။ ကိုယ်မခံယူရဲလောက်အောင် ဖြစ်ခဲ့ရတာ။

မင်းကိုမှ ပိုင်ဆိုင်ချင်နေတဲ့ ကိုယ့်စိတ်ကို ဘယ်လိုတားဆီးထိန်းချုပ်ရမလဲကွာ။ ကိုယ့်ရင်ထဲက ချစ်ခြင်းမေတ္တာတွေကို မင်းက ဘယ်နားလည်ပါ့မလဲ နဒီရယ်။

မင်းက အရှုံးတွေနဲ့ ထွက်မသွားချင်ဘူးလို့ပြောတယ်နော်။

တကယ်တော့ အချစ်မှာ အနိုင်ပိုင်းမှုဆိုတာ မရှိသလို ရှုံးနိမ့်ခြင်းဆိုတာလည်း မရှိပါဘူးနဒီရယ်။ အချစ်ဆိုတာ အတ္တတစ်ရ လို့ဆိုရင်တောင် နူးညံ့တဲ့အတ္တလေးပါကွာ။ ဒါကို ချစ်တတ်တဲ့





သူတိုင်းက နားလည်နိုင်ကြမှာပါ။

"နဒီ…ဒါ…ဒါဆိုရင် မင်း ကိုယ့်ကို"

"ဟုတ်တယ် လေးညို၊ ကျွန်မ ရှင့်ကိုလက်ထပ်မှာပါ"

"ဟာ"

"ဒီမှာ ရှင်သိပ်ပြီးဝမ်းသာမသွားနဲ့ဦး၊ ကျွန်မစကားမဆုံးသေးဘူး"

"ပြော…ပြောလေ နဒီ၊ ဘာပြောချင်လို့လဲ ကိုယ်နားထောင်နေတယ်လေ"

"ရှင့်ကို လက်ထပ်မယ်လို့ ကျွန်မဆုံးဖြတ်ခဲ့တာ မတတ်သာလို့ပါ၊ ရှင့်ကို ကျွန်မ နာကြည်းနေတုန်းပဲ ကိုလေးညို၊ ရှင့်ရဲ့လုပ်ရပ်ကိုလည်း ကျွန်မ လုံးဝခွင့်မလွှတ်ဘူး၊ ရှင့်ကို အမုန်းတွေနဲ့ပဲ ကျွန်မကလက်ထပ်တာ၊ ရှင် အဲဒီစကားကိုတော့ မြဲမြဲကြီးမှတ်ထားလိုက်ပါ လေးညို၊ ကျွန်မ ရှင့်ကိုလုံးဝမချစ်ဘူး"

နဒီရယ်။ ပြောရက်လိုက်တာကွာ။ ကိုယ့်အပေါ်မှာ အဲဒီလောက်တောင်ပဲ မုန်းတီးနေတယ်တဲ့လားကွယ်။

ရပါတယ် နဒီ။ မင်းမုန်းပါ။ မင်းကိုယ့်ကို မုန်းသင့်ပါတယ်။

မင်းရဲ့အနာဂတ်လေးကို ပျော်ရွှင်မှုတွေကင်းဝေးအော
ဖန်တီးခဲ့တယ်ဆိုတဲ့ အတွေးတွေနဲ့ ရှင်သန်နေတုန်းပဲဆိုတော့ မ
မုန်းတီးနေတာမှန်ပါတယ် နဒီရယ်။

"ရပါတယ် နဒီ၊ အမုန်းတွေနဲ့ပဲ မင်းလက်ထပ်
ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အနားမှာ မင်းရှိနေပေးတယ်ဆိုရ
ကိုယ်ကျေနပ်ပါပြီ နဒီရယ်၊ ကျေးဇူးတင်ပါတယ်ကွာ"

အေးစက်မာကျောနေသော မျက်ဝန်းအကြည့်တစ်ခု
သူ့ဆီ ဒိုင်းခနဲရောက်လာ၏။ နှုတ်ခမ်းလေးတွေမှာ မဲ့ပြုံးလေးတ
တွယ်ခိုနေသည်။

နဒီရယ် ကိုယ်မင်းကိုချစ်တယ်။

မင်းဟာ ကိုယ့်ရဲ့ဇနီး ဖြူစင်ဟန်နဲ့ ရုပ်ချင်းခွဲမရအော
တူတယ်ဆိုတဲ့ အချက်ကြောင့်များ မင်းကိုတွေ့တွေ့ချင်း ရင်ခု
တလားဆိုတဲ့ အကြောင်းအရာကို သေချာမဆုံးဖြတ်နိုင်ခဲ့ပေမ
မင်းနဲ့ဝေးကွာသွားရမှာကိုတော့ ကိုယ်ဘယ်လိုမှကိုပဲ မခံစား
အောင် ဖြစ်နေရတယ်ကွာ။

ကိုယ်ပိုင်ဆိုင်ထားချင်တယ်။

အနားမှာပဲရှိနေစေချင်တယ်။





ဒါကြောင့် ကိုယ်ကြိုးစားခဲ့ခြင်းကို နားလည်ပေးပါ နဒီရယ်။

◆ ◆ ◆

## အခန်း (၁၀)

ရင်နာလိုက်တာ။ ကမ္ဘာပေါ်မှာ ယုံကြည်မှုတစ်စက်က လေးမှမရှိခဲ့ဘူးတဲ့သူ။ နာကျင်မုန်းတီးမှုတွေနဲ့ ရှိနေခဲ့တဲ့သူ။ ဒီလိုလူ တစ်ယောက်ကိုမှ ပန်းသွန်းနဒီဆိုတဲ့ သူမက လက်ထပ်ခဲ့ရသတဲ့ လား။

ဟွန်း…စိတ်ပျက်လိုက်တာ။

ဒေါက်…ဒေါက်။

တံခါးခေါက်သံလေးကြောင့် တံခါးချပ်ဆီ မျက်ဝန်း အကြည့်တို့ ရောက်သွားသည်။

"နဒီရှိလားဟင်၊ ဒေါ်နုပါ ကလေး"

"ဝင်ခဲ့ ဒေါ်နု၊ နဒီအထဲမှာရှိတယ်"

ဒေါ်နုက အခန်းထဲဝင်လာ၏။

"ဘာကိစ္စရှိလို့လဲဟင် ဒေါ်နု"

"ဟို…ဟို ဘာကိစ္စမှမရှိပါဘူး၊ မေးစရာလေးတစ်ခုရှိလို့ပါ နဒီရယ်"

"မေးလေ ဒေါ်နု"

"ဟိုလေ…မောင်လေးညို့ဆီက အခုလေးတင် သတင်းကြားခဲ့တာ၊ နဒီက လက်ထပ်ခွင့်ပြုလိုက်ပြီဆိုပြီး ပျော်ရွှင်ဝမ်းသာနေတာလေ၊ ဒါ တကယ်လားဟင် နဒီလေး၊ နဒီလေးသေချာဆုံးဖြတ်လိုက်ပြီလား"

"ဟုတ်တယ် ဒေါ်နု၊ ဆုံးဖြတ်လိုက်ပြီ၊ ကိုလေးညို့ကို ကျွန်မလက်ထပ်မှာ"

ဟင်။

ပြတ်သားတဲ့ အဖြေကြောင့် ဒေါ်နုရင်တစ်ခုလုံး စိုးရိမ်စိတ်များနှင့် ပြည့်နှက်သွားရတော့သည်။

နဒီမျက်ဝန်းလေးတွေက နာကြည်းမှုတွေနဲ့ စိုလက်နေတာမဟုတ်လား။ ချစ်ခြင်းမေတ္တာရိပ်တွေဆိုတာ စိုးစိမျှပင်မထင်ဟပ်။ ဒါဟာ အနာဂတ်ကို အတွေးတွဲပြီး လျှောက်မယ်လို့ ဆုံးဖြတ်ချက်





ိုက်တဲ့သူတဲ့လား။

မောင်လေးညို့အတွက် ရင်လေးစရာပဲ။

ဒုတိယဖြူစင်ဟန် ပြန်လာပြီလေ။

ဘုရား…ဘုရား ကြောက်စရာကောင်းလိုက်တာ။

ငြ်ကြွေးတွေလား။

ပေးဆပ်စရာက အခုချိန်ထိတောင် မကုန်ဆုံးနိုင်သေးဘူးလား။

မင်း ဘာကြောင့်များ ဒီမိန်းကလေးကို ပိုင်ဆိုင်ချင်ရတာကွယ်။ မင်းကို သူမလုံးဝမချစ်ဘူးဆိုတာ သေချာနေတာပဲဟာ

"ဒေါ်နု"

"ဟင်"

"ဒေါ်နုမေးချင်တာ ဒါပဲလား"

"ဟေ"

"ကျွန်မကို ဒီအကြောင်းမေးဖို့လာတာဆိုရင်တော့ စောကဖြေခဲ့တဲ့အတိုင်းပဲလေ ဒေါ်နု၊ ကျွန်မပြောခဲ့တဲ့စကားတိုင်းပဲလုပ်မှာပါ၊ သိပ်ပြီးစိတ်ပူမနေပါနဲ့လို့ ကိုလေးညို့ကို

ပြောလိုက်ပါ ဒေါ်နု''

''နဒီ''

''ရှင်''

''ပြောလိုက်တဲ့စကားကြီးက တစ်မျိုးပဲကွယ်၊ မောင်လေးညို့နဲ့ လက်ထပ်မှာကို နဒီ မလိုလားဘူးလားဟင်''

''အဟွန်း''

နှုတ်ခမ်းလှလှလေးကို မဲ့ကွေးစွာပင် ပြုံးလိုက်မိသည်။

''ဟုတ်တယ် ဒေါ်နု ကျွန်မက အမုန်းတွေနဲ့ သူ့ကို လက်ထပ်မှာ''

''ဟင်''

နာနာကြည်းကြည်းလေး ပြောလာတဲ့ နဒီကိုကြည့်ပြီး ဒေါ်နု မျက်လုံးပြူးရပြီ။

''ဘာပဲပြောပြော နဒီက မိန်းကလေးတစ်ယောက်ပါ၊ ဆုံးရှုံးနစ်နာစရာရှိရင် မိန်းကလေးဘက်ကပဲ နစ်နာရတာလေ၊ အ လိုဆုံးဖြတ်ခဲ့တာ နဒီသိပ်မှားတယ်လို့ ဒေါ်နုပြောချင်တယ်ကွယ် ဒေါ်နုကတော့ ဘေးလူတစ်ယောက်ပါ၊ မောင်လေးညို့ကို ငယ်ငယ် လေးကတည်းက စောင့်ရှောက်ခဲ့ရလို့ သံယောဇဉ်ရှိတာရော နဒီ





ည်း လေးစားမှုနဲ့ ခင်မင်နေမိတာကြောင့် ကလေးတို့နှစ်ယောက် င့်မြတ်နေတာကိုပဲ လိုလားတယ်၊ ဘဝနှစ်ခုကို ပေါင်းစပ်ပြီး ရှေ့ဆက်လျှောက်မယ်ဆိုရင်လည်း အေးအေးချမ်းချမ်း ပျော်ပျော်ရွှ င်နဲ့ပဲ ရှေ့ဆက်စေချင်တယ် နဒီရယ်၊ ဒါ ဒေါ်နုရဲ့ စိတ်ခံစားချက် အမှန်ပါပဲ''

မဖြစ်နိုင်တော့ ဒေါ်နု။

ဒေါ်နုရဲ့ဆန္ဒအတိုင်း လုံးဝမပြည့်ဝနိုင်တော့ဘူး။

အမုန်းဆုံးပဲ။

ကျွန်မရင်ထဲမှာ အမုန်းဆုံးလူက လေးညို့ဆိုတဲ့သူပဲလေ။

''နဒီ''

''ရှင်…ဒေါ်နု''

''ဒေါ်နုပြောတာ ကြားရဲ့လားဟင်''

''ကြားပါတယ် ဒေါ်နု၊ နဒီအပေါ် စေတနာနဲ့ သတိပေး တာကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒေါ်နုဖြစ်စေချင် သလိုပုံစံမျိုး ကျွန်မတို့နှစ်ယောက်ကြားမှာ ဘယ်သောအခါမှ ရှိလာ မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့သူကြားမှာ ချစ်ခြင်း မေတ္တာဆိုတာ မရှိခဲ့လို့ပဲ၊ သူ့ကို ကျွန်မမချစ်ဘူးဒေါ်နု၊ ကျွန်မကို

အတင်းသိမ်းပိုက်ခဲ့လို့လည်း သူ့ကိုကျွန်မ မုန်းတယ်''

အို။

မုန်းစကားကိုသာ တွင်တွင်ဆိုနေတဲ့ ဒေါက်တာပန်းသွန်းနဒီပါလား။ မောင်လေးညို့ တည်ဆောက်မယ့် အိမ်ထောင်ရေးကရင်လေးစရာ။ အမုန်းတွေနဲ့ လက်ထပ်မှာတဲ့လေ။

မျက်ဝန်းလေးတွေမှာ စိမ်းသက်ခြင်းတွေကအပြည့်။ ဒေါနဘယ်လိုတားဆီးရမလဲ။ မောင်လေးညို့က ရှေ့ဆက်တိုးဖို့ချည်းပဲစိတ်အားထက်သန်နေသည်။

ပိုင်ဆိုင်ချင်တယ်တဲ့လေ။

နဒီ့ဆီက ဘယ်လိုပေးဆပ်မှုတွေပဲရရ ကျေကျေနပ်နပ်ခံယူပါ့မယ်တဲ့။ အစွဲအလမ်းကြီးလိုက်တဲ့ကလေး။ ဆုံးဖြတ်ပြီးလျှင်လည်း ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ပြန်မပြင်ဆင်တတ်တဲ့သူ။ ခေါင်းမာတဲ့နေရာမှာ နှစ်ယောက်မရှိတဲ့ ဒီကလေးမှာမှ ကံဆိုးမိုးမှောင်ကျတဲ့ ချစ်ခြင်းတွေက ကျရောက်ရသတဲ့လား။

သိပ်ချစ်တတ်တာပါ။

အိမ်ထောင်ရေး၊ မိသားစုအနာဂတ်လေးအတွက်ချည်းပဲခေါင်းထဲထည့်ပြီး ရိုးသားကြိုးစားကာ စီးပွားရှာတတ်တဲ့ ကောင်





း။

ဇနီးဖြစ်တဲ့ ဖြူစင်ဟန်အပေါ်မှာလည်း လိုလေသေးမရှိ
ည့်ဆည်းပေးတာများ ဘေးကမြင်ရသူတောင် အမြင်ကတ်စရာ။
ရာရာတိုင်း မိန်းမသဘော၊ မိန်းမရဲ့ဆန္ဒအတိုင်းပဲ ဖြစ်စေ၏။

လင်ယောကျ်ားက ချစ်မှန်းသိတော့ ဖြူစင်ဟန်က ဆိုး
ည်။ ထိုဒဏ်ကိုခံရတာက လေးညို့။ မြင်ရသူတွေက စိတ်မချမ်း
စရာပါ။

ခုလည်း လာပြန်ပြီ။ ဖြူစင်ဟန်လို နောက်တစ်ယောက်။

ရုပ်ချင်းကလည်းဆင်။ အမူအကျင့်ခြင်းကလည်း တစ်ပုံစံ
ည်း။

အကြိုက်ချင်းကလည်း တူရုံတင်မက မောင်လေးညို့ကို
ခြင်းမေတ္တာတွေမရှိဘဲ လက်ထပ်ကြတာချင်းကပင် တူနေသေး
တော့သည်။

ဖြူစင်ဟန်က ငွေမက်လို့လက်ထပ်တာပဲလေ။ အချစ်တွေ
မလာ။ အခုပိုင်းကတော့ ဟုတ်မလိုလိုနှင့် အိမ်ထောင်ကျပြီး
စ်လကျော်ကာလ အတိုင်းအတာမှာပဲ ဟန်ဆောင်ဖုံးထားသမျှ
တွေက တစ်စစပေါ်လာ၏။

မတွေးချင်ဘူး။ သင်းရဲ့ဆိုးသွမ်းမှုတွေကို ပြန်မတွေးချင်ဘူး။

"နဒီ"

"ရှင်"

"နောက်ဆုတ်လိုက်ပါလားကွယ်"

"ရှင်"

"မောင်လေးညို့နဲ့ လက်ထပ်ဖို့ကို နဒီဘက်က ပြန်ပြင်ဆင်တဲ့အနေနဲ့ ရှောင်လိုက်ရင် ပိုကောင်းမယ်လို့ ဒေါ်နုထင်တယ်"

"ဘာလဲ…ဒေါ်နု ဒေါ်နုက ကိုလေးညို့ထိခိုက်ခံစားရမှာကို မမြင်ချင်တာနဲ့ အမုန်းခံပြီး နဒီကို တားဆီးနေတာလား"

ဒေါ်နု မဖြေချေ။

နဒီသိပါတယ်လေ။ ကိုလေးညို့ဆိုတာ ဒေါ်နုလက်ပေါ်မှာပဲ ကြီးပြင်းခဲ့တာမဟုတ်လား။ သံယောဇဉ်ကြီးရှာမှာပေါ့လေ။

ခက်တာက နဒီရဲ့စိတ်။ သူ့ကို ခွင့်လွှတ်နားလည်ပေးဖို့ဆိုတာ စဉ်းစားလို့ပင်မရပါ။ ရင်ထဲမှာ သူ့နဲ့ပတ်သက်ပြီး အမုန်းတွေပဲရှိနေသည်။ ညီမလေးအပေါ် ရက်စက်မှုတွေပေးစွမ်းခဲ့တဲ့ ယောကျ်ားတစ်ယောက်။





"ဒေါ်နုစေတနာကို နဒီ ဘာကြောင့်အထင်လွဲချင်တာလဲကွယ်၊ နဒီက ခေတ်ပညာတတ်မိန်းကလေးတစ်ယောက်ပါ၊ မောင်လေးညို့ရဲ့ ကျန်းမာရေးကို ဒေါ်နုသိတာထက် ဒေါက်တာမလေးက ပိုပြီးသိမှာပါလေ၊ တစ်နေ့နေ့တစ်ချိန်ချိန် သူ့အတိတ်ကို သတိရသွားရင် နစ်နာဆုံးရှုံးမှုတွေ ခံစားရမှာက နဒီလေ၊ ဒေါ်နုအခုပြောနေတာတွေအားလုံးက နဒီ့အတွက်ပါ"

ဟင့်အင်း ကျွန်မ မသိဘူး။ သိလည်းမသိချင်တော့ဘူး။

ခုချိန်မှာ ကျွန်မဘက်က အဆုံးမဲ့ပေးဆပ်ခြင်းတွေနဲ့ ရှိနေခဲ့ရတာ။ ကိုယ့်ဘက်က ဒီလောက်ကြီး ခေါင်းငုံ့ခံထားပြီးမှ ဘာတစ်ခုမှ ပြန်မရဘဲ လက်ချည်းသက်သက်နဲ့ ဒီရွှေလိပ်ပြာခြံထဲကနေ ပြန်ထွက်သွားရမှာလား။

အဟွန်း…လုံးဝမဖြစ်နိုင်ဘူး ဒေါ်နု။

ညီမလေးရဲ့သေဆုံးမှုကို ခပ်ပေါ့ပေါ့လေး မဖျောက်ဖျက်နိုင်ဘူး။ ထိုက်သင့်တဲ့ ပြစ်ဒဏ်တစ်ခုကိုတော့ လေးညို့ဆိုတဲ့သူ ခံစားစေရမယ်။ အတိတ်ကို အမြန်ဆုံးပြန်သတိရစေရမယ်။ ဒါမှ ရင်ဆိုင်လို့ ပိုပြီးကောင်းသွားတာပေါ့ ဒေါ်နု။ ကျွန်မက ကိုယ့်အတွက်ထက် ညီမလေး အလူးအလဲခံလိုက်ရတဲ့ မတရားခြင်းတွေ

အတွက်ပဲ ရောက်လာခဲ့တဲ့သူလေ။

အစကတည်းက ကိုယ်နဲ့ပတ်သက်တာကို မစဉ်းစား ခဲ့သူဆိုတော့ အရှုံးဆိုတာလည်း ကျွန်မ ခံယူမနေချင်တော့ပါ ရှင်။

အရေးကြီးတာက အမှန်တရားပဲ။ ညီမလေးသေဆုံး အမှန်တရားပဲ။

ကျွန်မ ရှာဖွေရမယ်။ နောက်မဆုတ်နိုင်ဘူး ဒေါ်နု

"နဒီ"

"ပြောပါ ဒေါ်နု"

"ဒေါ်နုပြောတာ ဘယ်လိုသဘောရလဲဟင်"

သူမ ခေါင်းလေးကို သွက်နေအောင်ပင် ခါယမ်း ငြင်းပယ်လိုက်သည်။

"မဖြစ်နိုင်ဘူး ဒေါ်နု၊ ဘယ်လိုပဲဖြစ်ဖြစ် နဒီ သူ့ လက်ထပ်မှာပဲ၊ အတိတ်မေ့လို့ပဲဖြစ်ဖြစ်၊ သတိပြန်ရလို့ပဲဖြစ် ကျွန်မက သူ့ရဲ့တရားဝင်ဇနီးတစ်ယောက်အဖြစ်နဲ့ပဲ နေမှာ၊ ကျွန် သူတကာကို ရန်စတတ်တဲ့သူမဟုတ်ပါဘူး၊ ရန်စခံရပြီဆိုရင် ခေါင်းငုံ့ငြိမ်ခံနေတတ်တဲ့သူ မဟုတ်ဘူး ဒေါ်နု"





"ဒုက္ခပါပဲကွယ်၊ ဒေါ်နုတော့ လူငယ်တွေကြား ဘယ်လို အကြံဉာဏ်ပေးရမလဲတောင် မသိတော့ပါဘူးကွယ်"

ဒေါ်နု ခပ်ညည်းညည်းလေးသာဆိုပြီး အခန်းလေးထဲကနေ ပြန်ထွက်လာခဲ့လိုက်သည်။

အခန်းတံခါးလေး ပြန်စေ့ပိတ်လိုက်ပြီးချိန်မှာတော့ ဒေါ်နု ရဲ့မျက်နှာထားက တည်တင်းသွား၏။ မျက်ဝန်းတွေထဲမှာ စိမ်းသက် မှုအရောင်တွေက တောက်ပလာကြသည်။

မိနဒီ။ ညည်းလေးက တော်တော်ခေါင်းမာတာပါလား။

ဘာတဲ့ အမုန်းတွေနဲ့ပဲ လက်ထပ်မှာတဲ့။

အဟင်း...ဟင်း။

ဟင်း။

ဒေါ်နုတစ်ယောက် အံလေးတင်းတင်းကြိတ်ကာ စိတ်ထဲ ကနေသာ အော်ဟစ်ရယ်မောနေမိတော့သည်။

• • •

## အခန်း (၁၁)

"ဒီအခန်းမှာနေမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ ဒီအခန်းက ဒီတိုက်ထဲမှာ အကျယ်ဆုံးပဲလို့ပြောတယ်၊ ပြီးတော့ ကျွန်မ ဒီကိုရောက်လာတဲ့နေ့ကတည်းက ပိတ်ထားတာချည်းပဲမြင်တယ်၊ ဘယ်သူမှနေတာမဟုတ်တဲ့ အခန်းလွတ်ပဲဟာ၊ ကျွန်မနေမှာပေါ့"

သူမစကားကြောင့် သူ့မျက်နှာမှာ အနည်းငယ်စိတ်ရှုပ်ထွေးဟန်နှင့် ညစ်တူးသွားသည်။

သိနေတယ်လေ။ ဒီအခန်းမှာ နဒီကို သူမနေစေချင်ဘူးဆိုတာပေါ့။ ဒီအခန်းက သူနဲ့ဖြူစင်ဟန်တို့ မင်္ဂလာအခန်းဆိုတာ ပန်းသွန်းနဒီက သိနေပြီးသားလေ။ ဒီအခန်းထဲမှာ တစ်ချိန်က ဖြူစင်ဟန်နေခဲ့သည်။

အိမ်အကူကောင်မလေးတွေရဲ့ ပြောစကားအရ ဒီအခန်းက ပိတ်ထားတာကြာပြီတဲ့။ သူမတို့ရောက်တဲ့ အချိန်ကစပြီး ပိတ်ထား တာတဲ့လေ။ အခန်းကိုလည်း ဝင်ပြီး သန့်ရှင်းရေးမလုပ်နိုင်းဘဲ ဒီအတိုင်းပဲ ချိတ်ပိတ်ထားတာတဲ့။

ဒေါ်နုပြောတာတော့ မဖြူစင်ဟန်နေခဲ့တဲ့အခန်းတဲ့။ သူသေပြီးနောက်ပိုင်းကစပြီး ဒီအခန်းကို ပိတ်ထားခဲ့တာတဲ့လေ။ အစ်ကိုလေးညို့ကလည်း အတိတ်မေ့ဝေဒနာစွဲကပ်ပြီး ကျန်းမာရေး မကောင်းတာနဲ့ စိတ်ရှုပ်ထွေးမှာစိုးလို့ ဒီအခန်းမှာမနေစေတော့ဘဲ ပစ်ထားလိုက်တာတဲ့။

"နဒီ"

"ပြော"

"တခြားအခန်းကိုရွေးပါလားကွာ၊ မင်းစိတ်တိုင်းကျတဲ့ အထိ ကိုယ်ပြင်ဆင်ပေးပါ့မယ်၊ ဒီအခန်းမှာတော့ မနေပါနဲ့ကွာ"

"ဘာဖြစ်လို့လဲ ကိုလေးညို့၊ ရှင်နဲ့လက်ထပ်ထားတဲ့ ရှင့်ဇနီး ပန်းသွန်းနဒီဆီမှာ အဲဒီလောက်တောင် ရွေးချယ်ပိုင်ခွင့်မရှိ တော့ဘူးလား၊ ကိုယ်နေချင်တဲ့နေရာ၊ ကိုယ်လုပ်ချင်တဲ့အလုပ်၊ ကိုယ့် ဆန္ဒဆိုတာ မရှိဘူးလားဟင်"





"မဟုတ်ဘူး နဒီ၊ ကိုယ်ပြောတာက ဟိုလေ ဒီအခန်း အရင်က ကိုယ်နဲ့ဖြူစင်ဟန်တို့ရဲ့ မင်္ဂလာအခန်းဆိုလို့ပါ၊ ဒေါ်နု တ်မကောင်းလို့ မနေစေချင်ဘူးတဲ့နဒီ၊ ကိုယ်လည်း အဲဒီလိုပဲ ဆတယ် နဒီ၊ ဒါကြောင့် တခြားအခန်းမှာပဲပြင်ပါကွာ"

သူမ ခေါင်းလေးကိုသာ တွင်တွင်ခါယမ်းမိသည်။

သူမအတွက်တော့ ညီမလေး ရှင်သန်နေထိုင်ခဲ့ဖူးတဲ့ န်းက စိတ်ဝင်စားစရာ အကောင်းဆုံးသော နေရာလေးတစ်ခုပဲ သည်။ နမိတ်မကောင်းဘူးလို့ ဘာကြောင့် ယူဆရမှာလဲ။ အခွင့်အရေးလေးရရှိဖို့ဆိုတာ ဘယ်လောက်ထိတောင် ရှားပါး ဲဆိုတာ သူတို့မှမသိကြတာ။

"ဟင့်အင်း ကိုလေးညို့၊ ကျွန်မ ဒီအခန်းမှာပဲနေချင် ယ်၊ ကျွန်မ မကြောက်တတ်ပါဘူး၊ အယူအဆဆိုးတွေလည်း ဘူး၊ ဒီအခန်းကို ကျွန်မရွေးချယ်ခဲ့တာ ကျွန်မမှာ အကြောင်းပြ က်ကောင်းကောင်း ရှိပါတယ်၊ အဲ့ဒါ ကျွန်မဘက်က စိတ်ရှင်း လိပ်ပြာလုံလုံနဲ့ရှိဖို့အတွက်ပဲလေ၊ ကျွန်မက ရှင့်ကို တရားမျှ ာနဲ့ ရယူခဲ့ခြင်းဖြစ်တယ်ဆိုတာ သူ့ဝိညာဉ်သာရှိနေတယ်ဆိုရင် င်သွားအောင်ပါ၊ ကျွန်မဘက်က ဘာဖြားယောင်းမှုမှ မရှိခဲ့ဘူး

ဆိုတာ သူသိစေချင်တာ၊ သူသာ တကယ်ပဲရှိနေခဲ့တယ်ဆိုရင်

လေ''

နဒီရယ်။

မင်းဒီအကြောင်းကို ရင်ထဲမှာ နာကြည်းမှု

သိမ်းဆည်းထားတုန်းပဲလားကွာ။

ဟုတ်ပါတယ်။

မင်းပြောခဲ့သလိုပါပဲ။ ကိုယ့်ဘက်ကသာ မင်းကို ပိုင်

နိုင်အောင် ကြိုးစားခဲ့တာပါ။ မင်းရဲ့စိတ်မပါဘူးဆိုတာ သိပါ

နဒီရယ်။ ဒီအကြောင်းတွေကို မင်းနှုတ်ဖျားကနေ အထပ်

အခါခါ မရေရွတ်စမ်းပါနဲ့ နဒီရယ်။ ကိုယ် မခံစားနိုင်လို့ပါ

''နဒီ''

''ဘာလဲ''

ထူးသံကခပ်တင်းတင်း။

လေးညို့တစ်ယောက် ဒေါက်တာပန်းသွန်းနဒီ

ကောင်မလေးကိုကြည့်ပြီး သက်ပြင်းလေးသာ ငွေ့ငွေ့ချမိသ

သူ ဘာကြောင့် ဒီလောက်တောင် ချစ်မိနေခဲ့ရ

သူမဘက်က ဘယ်လိုပဲ ဆက်ဆံပြောဆိုနေနေ နာ





လွှတ်ချင်နေမိသည်။ သူမဆန္ဒအတိုင်း အရာအားလုံး လိုက်လျော

ချင်တာ သူ့စိတ်ရင်းအမှန်ပါပဲ။

ခက်တာက ဖြူစင်ဟန်နေခဲ့တဲ့ အခန်းကိုမှ သူမက နေချင်

ည်တဲ့လေ။ မရမကတောင်းဆိုနေတဲ့ သူမဆန္ဒကို ဘယ်လိုဖြည့်

ည်းပေးရမလဲ။

တကယ်တမ်းပြောရရင် သူကိုယ်တိုင်လည်း ထိုအခန်းမှာ

နေစေချင်တာ အမှန်ပဲဖြစ်သည်။ အရာတိုင်းကို မေ့နေမယ့်အတူတူ

ထားလိုက်ချင်ပါပြီ။ အတိတ်က အဖြစ်အပျက်တွေက အကောင်း

ဘူးဟု ဒေါ်နုကပြောခဲ့ဖူးသည်။ ဘယ်လောက်ထိတောင် အခြေ

နေတွေက ဆိုးဝါးခဲ့သလဲ။

တစ်ခါတလေ သူကိုယ်တိုင် စိတ်ဝင်တစားသိချင်ပေမယ့်

ါက်တာ ပန်းသွန်းနဒီနဲ့ တွေ့ဆုံခဲ့ပြီးနောက်မှာတော့ အနာဂတ်ကို

လုပဆုံးပဲ ရှေ့ဆက်လျှောက်လှမ်းချင်သည့် အတွေးများကသာ

စိုးလာခဲ့တော့သည်။

ဒါကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ရမည့် အရာ

အား ရှောင်စေချင်မိတော့၏။

''ကိုယ်က မင်းကို စိတ်ရှင်းရှင်းလေးနဲ့ နေစေချင်လို့ပါ၊

ဘာတွေ အတွေးလွန်ပြီး မင်းစိတ်တွေကို ညှင်းဆဲနေတာလဲ
ရယ်၊ အတိတ်ကအရိပ်တွေ ဖုံးလွှမ်းပြီး ဒီ ဒို့ပဲ အတွေးတွေ
ရှင်သန်နေတော့မလို့လား''

''နေစမ်းပါဦး၊ ကျွန်မ ဒီအခန်းမှာနေမှာကို ရှင် ဘာဖြ
လို့ အခုလို အကြောက်အကန် တားဆီးနေရတာလဲ၊ ရှင်ပြောထ
တယ်နော်၊ ရှင့်ကိုလက်ထပ်ရင်ပဲ ကျေနပ်ပါပြီ၊ ကျွန်တော ကျွ
စိတ်တိုင်းကျ အရာအားလုံး ဖြစ်စေရပါ့မယ်ဆိုတာလေ၊ ဘာ
ရပြီးပြီဆိုတော့ ရှင့်စိတ်တွေက ပြောင်းလဲသွားတဲ့သဘောလ
ကိုလေးညို''

''ဟာ…မဟုတ်ပါဘူး နဒီရယ်၊ ကိုယ်က''

''အို ဘာမှမပြောနဲ့တော့ ကျွန်မ ဒီအခန်းမှာပဲနေမ
အခန်းတံခါးသော့ဖွင့်ပေး''

''နဒီ''

တားဆီးသံက အထိတ်တလန့်။

သူဘာတွေစိုးရိမ်နေတာလဲ။

ဒီအခန်းထဲကိုဝင်ရမှာ အဲ့ဒီလောက်တောင်ပဲ သူဘက်
ဝန်လေးနေသတဲ့လား။





ဘာကြောင့်လဲ။

ရှင်စိတ်မလုံတာလား ကိုလေးညို။

သူ့မျက်ဝန်းတွေကို စူးနစ်နေအောင်ပင် စိုက်ကြည့်ပစ်
လိုက်သည်။ ပြောင်းလဲမှုတစ်ခုခုကို တွေ့လို့တွေ့ငြားပေါ့။

သို့ပေမယ့် သူ့အသွင်က လေးနက်တည်ကြည်နေ၏။
မျက်ဝန်းလေးတွေက ပကတိတည်ငြိမ်နေသည်။ သံသယဖြစ်စရာ
တစ်ချက်မှ မတွေ့ရ။ ဟန်ဆောင်သိပ်ကောင်းနေတာကြောင့်ပဲလား။
သူ့ကို ဘယ်လိုမှ အကဲခတ်လို့မရပါ။

''နဒီ''

''ဘာလဲရှင့်''

''တခြားအခန်းမှာနေပါကွာ၊ မင်းစိတ်တိုင်းကျ ကိုယ်
ပြင်ဆင်ပေးမှာပါ၊ ဒီအခန်းကတော့ ကိုယ်လည်း နေရတာ သိပ်
စိတ်မသန့်ဘူး''

''ဘယ်လို''

''ဟုတ်တယ် နဒီ၊ ကိုယ် လုံးဝမဝင်ချင်ဘူးကွာ''

''ရှင်ကြောက်နေတာလား''

''ဘာ''

''တစ်ခုခုကို သတိရလိုက်မလားဆိုပြီး ရှင့်စိတ်တွေ ချောက်ချားနေတာလားမေးတာပါ''

''ကိုယ်က ဘာကိုသတိရမှာလဲ''

''အတိတ်ကို''

ဟင်။

အတိတ်ကိုတဲ့။

သူမအမေးကို ချက်ချင်းပြန်မဖြေနိုင်။ ဖြစ်နိုင်နေတာပဲ လေ။ အခုအချိန်မှာ သူ ဘာကိုမှ မမှတ်မိချင်တော့။ ကောင်းတာ ကိုပဲဖြစ်ဖြစ် ဆိုးတာကိုပဲဖြစ်ဖြစ် မေ့နေလက်စနှင့် မေ့ထားလိုက် ချင်မိသည်။

''ကိုလေးညို့''

''ပြောလေ နဒီ''

''ကျွန်မမေးတာဖြေလေ၊ ရှင်ကြောက်နေတာလားလို့''

''ဟုတ်တယ် နဒီ၊ ကိုယ်ကြောက်တယ်၊ ကိုယ်သိပ် ကြောက်နေတယ် နဒီ''

''ရှင်''

''ကိုယ်ဝန်ခံပါတယ်၊ အတိတ်မေ့လက်စနဲ့ ဆက်ပြီး





မေ့ထားလိုက်ချင်တယ် နဒီ၊ အရင်က ကိုယ်ဟာ ဘယ်လိုပဲရှင် သန်ခဲ့ပါစေ၊ ထားရစ်ခဲ့ချင်ပြီကွာ၊ မင်းကို ကိုယ်သိပ်ချစ်တယ် ဒီ၊ မင်းဟာ ဖြူစင်ဟန်ဆိုတဲ့ ကိုယ့်ဇနီးနဲ့တူလို့ အခုလို ခံစား ချက်မျိုးဖြစ်တာလို့ သူများတွေပြောပြော၊ ကိုယ် မင်းကိုချစ်တာ တော့ တကယ့်အမှန်တရားပါပဲ၊ အဲ့ဒီခံစားမှုလေးကို မပြောင်းလဲ စေချင်လောက်အောင်ပဲ ကိုယ် မက်မောပါတယ် နဒီ၊ ကိုယ် မင်းကို မေ့မသွားချင်ဘူးနဒီ၊ မင်းဘက်က ဘယ်လိုပဲတုံ့ပြန်မှု တွေပဲပေးပေး၊ ကျေကျေနပ်နပ်ခံယူရင်း မင်းအနားမှာပဲ ကိုယ်နေ ချင်တယ် နဒီ၊ အတ္တသိပ်ကြီးတဲ့သူလို့ပဲ မင်းထင်ချင်ထင်ပါ၊ မင်းကို ချစ်နေရတဲ့ အချစ်လေးတွေနဲ့ပဲ ကိုယ် ရှင်သန်နေပါရစေ နဒီရယ်''

အို။

သူဆီမှ နည့်သော တောင်းဆိုဟန်လေးကြောင့် ပန်းသွန်း ပေါ်ပင် ငိုင်စင်းသွားသည့်အထိ မှင်သက်ကာ မျောပါသွားရတော့ သည်။

ဘာကြောင့်လဲ။

ဒီစကားလေးနဲ့တင် သူမရဲ့စိတ်တွေက ယိုင်နဲ့သွားချင် တာလဲ။ တကယ်ဆို ဒီလူဟာ သူမစိတ်ထဲမှာ သံသယအဝင်မိ

ဆုံး လူတစ်ယောက်လေ။ ညီမလေးဖြူစင်ဟန်ခေါ် ပန်းယွန်းနန္ဒ
ရဲ့ သေဆုံးမှုမှာ အဓိကအားဖြင့် မသက်သေစရာကောင်းတဲ့
သူတစ်ယောက်လေ။

ဒါကို ပန်းသွန်းနန္ဒီက မေ့ထားလိုက်ရတော့မလား။

"နန္ဒီ"

"ပြော"

"ကိုယ်သိပ်ကြောက်တာ အတိတ်ကို သတိပြန်ရမှာထက်
နန္ဒီကို လက်ရှိပစ္စုပ္ပန်နဲ့အတူ မေ့သွားမှာကိုပါကွာ၊ ဒါပေမယ့်
မင်းကမှ နေချင်တယ်လို့ ဆန္ဒရှိနေရင်လည်း ကိုယ်မတားဆီးတော့
ပါဘူး နန္ဒီ၊ မင်းစိတ်ချမ်းသာသလိုသာနေပါကွာ၊ ကိုယ် အားလုံး
ဖြည့်ဆည်းပေးပါ့မယ် နန္ဒီ"

လေသံနုညက်ညက်လေးနှင့်ပင် သူ့ဘက်က အလျှော့
ပေးသွားချေပြီ။

ပန်းသွန်းနန္ဒီ ကျေနပ်သွားရ၏။

နေချင်တယ်လေ။

ညီမလေးနေခဲ့ဖူးတဲ့ အခန်းလေးထဲမှာ ညီမလေးရဲ့ အငွေ့
အသက်ကလေးတွေကို ရယူခံစားရင်းနဲ့ ပန်းသွန်းနန္ဒီ နေချင်တာ





ပါ။

ဒါမှလည်း ပန်းသွန်းနန္ဒီရဲ့ ရည်ရွယ်ချက်တွေ မပျောက်
မပျက်ဘဲ ထင်ကျန်နေရမှာပေါ့လေ။

ရှင့်ကို လုံးဝ အလွတ်မပေးနိုင်ဘူး လေးညို့။

အတိတ်ကိုမေ့နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရှင်
ဘယ်အချိန်ထိ ဖုံးကွယ်ထားမှာလဲ။

စောင့်ကြည့်နေပါ။ ကျွန်မက အမှန်တရားကို ရအောင်
ဖော်ထုတ်ပြမှာ။

"နန္ဒီ"

"ဘာလဲရှင့်"

"မင်းတကယ်ပဲ ဒီအခန်းမှာနေဖို့ ဆုံးဖြတ်ပြီးပြီလား"

"အင်း"

လေးညို့ နန္ဒီကို ဆက်ပြီး စိတ်မညစ်စေချင်တော့ပါ။
သူမဆန္ဒအတိုင်းသာ ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်မိသည်။
ချစ်တယ်လေ။ နန္ဒီကို ထင်မထားလောက်အောင်ပဲ ချစ်သွား
မိတာကိုး။

"ကောင်းပြီလေ ဒါဆိုလည်း မင်းစိတ်ချမ်းချမ်းသာသာနဲ့

သာနေတော့၊ မင်းဆန္ဒအတိုင်းပဲ ကိုယ် ဖြည့်ဆည်းပေးမယ်၊ ဒေါ်နု ဆီကနေ *သော့သွားတောင်းပေးမယ် နဒီ*"

"ဟင် သော့က ရှင့်ဆီမှာမဟုတ်ဘူးလား"

"မဟုတ်ဘူး နဒီ၊ ဒီတစ်တိုက်လုံးရဲ့သော့တွေကို အိမ်တော်ထိန်း ဒေါ်နုပဲ ကိုင်ထားတာ"

"ဩော်"

"နဒီ"

"ရှင်"

"ကျေနပ်ပြီမို့လားဟင်"

သူမမျက်ဝန်းလေးတွေဆီ စူးနစ်နေအောင် စိုက်ကြည့်ပြီး မေးလိုက်တဲ့ လေးညို့ရဲ့ အကြင်နာစကားသံလေး။

သူမ ငေးခနဲဖြစ်သွားပေမယ့် အသိစိတ်လေးနှင့် ထိန်းချုပ်ကာ မျက်ဝန်းအကြည့်ကို လွှဲပစ်လိုက်သည်။

"မကျေနပ်ပါဘူး သော့မှ ကျွန်မလက်ထဲကို ရောက်မလာသေးတာ၊ သွားတောင်းပေးဦးလေ"

"အေးပါကွာ အေးပါ၊ သွားတောင်းပေးပါ့မယ်၊ မင်းရဲ့ လက်ထဲ ရောက်ကိုရောက်စေရမယ်၊ စိတ်သာချ"





ပြောပြီး ချာခနဲနေအောင် လှည့်ထွက်သွားတဲ့ သူ့နောက် ကျောကို ကြည့်ကာ မျက်စောင်းလေး ဒိုင်းခဲ့နေအောင် ထိုးလိုက် မိသူက ဒေါက်တာပန်းသွန်းနဒီပဲဖြစ်တော့သည်။

◆ ◆ ◆

# အခန်း (၁၂)

''ဒီကောင်မလေးက ဘယ်လိုဖြစ်လို့ ဖြုစင်ဟန်နေခဲ့တဲ့ ...ခန်းမှာမှ နေချင်ရတာလဲ မနု''

ကိုမိုက်တီးအမေးကိုမဖြေနိုင်။

စိုးရွံ့စိတ်တွေနှင့်သာ အသားတွေ တဆတ်ဆတ်တုန်ကာ ...င်တွေနေမိသည်။

''ဟဲ့...မနု မနု''

''ရှင်...ဟင် ဘာ ဘာလဲ၊ ကိုမိုက်တီး''

''သူက ဘာဖြစ်လို့ ဖြုစင်ဟန်သုံးခဲ့တဲ့ အခန်းကိုမှ ...သာအခန်းအဖြစ် အသုံးပြုချင်ရတာလဲလို့မေးတာ၊ နင်ဘာဖြစ်နေ ...ာလဲ မနု၊ အသားတွေလည်း တဆတ်ဆတ်တုန်လို့ပါလား''

''ကျုပ်...ကျုပ် အရမ်းစိတ်ပူနေတယ်''

"ဘာကိုလဲ မနု ဘာကိုစိတ်ပူတာလဲ"

"သူ သူဟာ ဖြူစင်ဟန်ရဲ့ ဝိဉာဉ်တွေနဲ့ နောက်တစ်ကြိ
မောင်လေးညို့ကို ဒုက္ခလာပေးနေပြီလားဆိုတဲ့စိတ်နဲ့ပေါ့ ကိုမို
တီး၊ သူ့ရုပ်ရည်၊ သူ့အမူအရာတွေက ကြာလေလေ မှုမမှန်
တော့လေပဲ၊ ဟုတ်တယ်၊ ကျွန်မတွေးထားတဲ့အတိုင်း မှန်ကန်
တယ်၊ သူ သူက ကျိန်းသေပေါက် စိတ်ဆင်းရဲမှုတွေကို ဖန်
တော့မှာ"

"ပြောသားပဲ အစကတည်းက နင့်ကို သေချာ သတိ
ထားသားပဲ မနု၊ သေချာစောင့်ကြည့်ထားပါ၊ သူတို့နှစ်ယော
အခြေအနေက သိပ်ပြီးမဟုတ်တော့ဘူးလို့ နင့်ကိုပြောသားပဲ"

"ကျုပ်လည်း သတိထားတာပဲ၊ ဒါပေမယ့် ဘယ်
မတတ်နိုင်ဘူးလ၊ မောင်လေးညို့ဆန္ဒတွေကို ကျုပ်မှ ဆန့်ကျင်
ဆန့်လို့မရတာ"

"ထင်တယ် ထင်တယ်၊ ဒီမိန်းကလေးကို မြ
နေ့ကတည်းက တစ်နေ့နေ့တစ်ချိန်ချိန်ကြရင် ဒီ ရွှေလိပ်ပြာ
ထဲမှာ ပြဿနာတစ်ခုတော့ ဖြစ်ဦးမယ်ဆိုတာကိုပေါ့၊ အ
ဖြစ်လာပြီ မနု၊ ဘယ်လိုဆက်လုပ်ကြမလဲ၊ စိတ်ရှုပ်စရာ





လိုက်တာဟာ၊ ငါတော့ လုံးဝ စိတ်မရှည်နိုင်တော့ဘူးနော် မနု၊
သည်းညည်းလည်း မခံနိုင်တော့ဘူး၊ အရင်တစ်ယောက်လို ပုံစံမျိုး
ဖြစ်လာရင်တော့ အသေဆိုးနဲ့ သေသွားအောင်ကို သတ်ပစ်မှာ"

"အို ကိုမိုက်တီး၊ ရှင်ကလည်းလေ ပါးစပ်က အာချောင်
လိုက်တာ မပြောပါနဲ့တော့၊ စကားနောက်တ[illegible]ပါရှင့်၊ ကိုယ့်
အသက်အရွယ်လည်း ကိုယ်ကြည့်ပါဦး၊ ထောင်နန်းစံရင် အသက်ပါ
ပျောက်သွားမှာရှင့်"

"ဟ ပျောက်လည်းဘာဖြစ်လဲ မနု၊ ငါ ဒီအသက်အရွယ်
ဒီ ရွှေလိပ်ပြာမိသားစုဝင်တွေရဲ့ အမိုးအရိပ်မှာ မှီခိုစားသောက်လာ
တာလေ၊ ဘာမှ ကျေးဇူးပြန်မဆပ်နိုင်သေးဘူး၊ လူလေး
မောင်လေးညို့ဆိုတာ ရွှေလိပ်ပြာခြံပိုင်ရှင် မိသားစုတွေရဲ့ နောက်ဆုံး
ဆက်၊ မောင်လေးညို့ဘဝ အေးချမ်းသာယာအောင် စောင့်ရှောက်
မှာ ငါတို့နှစ်ယောက်ရဲ့တာဝန်ပဲ၊ မမကြီးက သူတို့ရဲ့မြေးလေးကို
စိတ်မချနိုင်ဖြစ်ပြီး နင်နဲ့ငါရဲ့လက်ထဲ သေချာအပ်ခဲ့ကြတာဟ"

"ဟုတ်ပါတယ် ကိုမိုက်တီးရယ်၊ ဒါကြောင့်လည်း ကျုပ်
လို ခံစားနေရတာပေါ့ရှင်၊ ဖြူစင်ဟန်ကြောင့် မောင်လေးညို့
ယ်လောက်တောင် စိတ်ဆင်းရဲခဲ့ရသလဲ၊ အိမ်ထောင်ရေးသာယာ

မှုဆိုတာတောင် ဘာမှန်းမသိခဲ့ရလောက်အောင် ဖြစ်ခဲ့ရတာ အခုလည်း ဖြူစင်ဟန်လိုမျက်နှာနဲ့ ဖြူစင်ဟန်အချိုးမျိုးနဲ့ ပန်းသွန်းနဒီက မောင်လေးညို့ဆီ ရောက်လာပြန်ပြီလေ၊ အဆိုးဝါးဆုံးက မောင်လေးညို့ကို လုံးဝမချစ်ဘဲ လက်ထပ်ခဲ့တာပဲ ကိုမိုက်တီးရယ်"

"ဘာ…ဘာပြောတယ် မနု၊ နင်ဘာပြောလိုက်တယ် မချစ်ဘဲနဲ့ လက်ထပ်ခဲ့တာ ဟုတ်လား"

ဒေါ်နု ခေါင်းလေးသာညိတ်ပြလိုက်မိသည်။

ပန်းသွန်းနဒီက ကိုယ်တိုင်ပဲ မိမိကို ဖွင့်ပြောခဲ့တာ မဟုတ်လား။ သူမကို အရယူခဲ့လို့ တမင် စိတ်ဆင်းရဲမှုတွေ ပြန်ပေး နိုင်အောင် လက်ထပ်ပြီး သူ့အနားမှာနေတာတဲ့လေ။

ဘယ်လိုလုပ်ရမလဲ။

မောင်လေးညို့ကို ဘယ်လိုပြောပြရမလဲ။

ပြောစကားလည်း နားထောင်တတ်တဲ့ကလေးမှမဟုတ် တာ။ သူလုပ်ချင်တာကို တဇွတ်ထိုးလုပ်တတ်တဲ့ အကျင့်က သည်။ ခေါင်းမာတဲ့နေရာမှာလည်း နှစ်ယောက်မရှိတဲ့ကောင်လေး ပါ။

ငယ်ငယ်လေးကတည်းက တစ်စုံတစ်ခုကို လိုချင်မ





မာမိပြီဆိုလျှင် ထိုအရာလေးအတွက်ပဲ အာရုံတွေအားလုံးကို နှစ်မြှုပ်ထားတတ်တဲ့ လေးညို့ပါ။

"မနု ပြောစမ်းပါဦးဟာ၊ နင့်စကားကြားရတာ ငါ့ရင်တွေ တောင် ပူလောင်လာရပြီမနုရယ်"

"ဟုတ်တယ် ကိုမိုက်တီး မချစ်ဘဲနဲ့ယူတာ"

"ဟာ"

"ကျုပ်စဉ်းစားနေတာ သူက ဘာကြောင့် ဖြူစင်ဟန်နေ ခဲ့တဲ့ အခန်းကိုမှ ရွေးချယ်ရသလဲဆိုတာပဲ"

"အေး…ငါလည်း အဲ့ဒါကို သံသယဝင်နေတာ မနု"

"သတိတော့ထားရမယ် ကိုမိုက်တီး၊ သေချာတာတစ်ခု ကတော့ သိပ်မကြာခင်မှာ မောင်လေးညို့အတွက် ကြီးမားတဲ့ အန္တရာယ်တစ်ခုခု ကျရောက်လာတော့မယ်ဆိုတာပဲ"

"ရမလားဟ ဒီလိုချည်းပဲ ခေါင်းငုံ့ခံယူနေရတော့မှာ လား၊ လက်မခံနိုင်ဘူး မနု၊ ဒီတစ်ခါတော့ မသိချင်ဟန်ဆောင်ပြီး တော့ ဆက်မနေနိုင်ဘူး၊ မောင်လေးညို့ကို ကာကွယ်စောင့်ရှောက် ရလိမ့်မယ်"

"ကျုပ်ဆန္ဒကလည်း ရှင့်အတိုင်းပါပဲတော်၊ အခုတောင်

မောင်လေးညို့က ကျုပ်ဆီက အခန်းသော့ယူသွားပြီလေ ဒေါက်တာပန်းသွန်းနုဒီလက်ထဲ အပ်ပြီးရောပေါ့၊ ကျုပ်ကတော့ အဲ့ဒီအခန်းကို လုံးဝမဝင်ချင်တော့ဘူး၊ ကျက်သရေမရှိတဲ့အခန်း ဖြူစင်ဟန်ဆိုတဲ့ မိန်းမဆိုးနေသွားတဲ့အခန်းမို့ လှည့်မကြည့်ချင် အသေပိတ်ထားခဲ့တာ၊ သင်းကြောင့် အခန်းတံခါးသော့ ပြန်ပေး လိုက်ရပြီ၊ အဲ့ဒီဒေါက်တာမကလည်း အရင်တုန်းကလို အချိုးမျိုး မဟုတ်တော့ဘူး၊ အိမ်ကြီးရှင်ဆိုတဲ့ အတွေးဝင်ပြီး လူ မြှောက်ချင်ချင်ဖြစ်နေပြီ၊ မောင်လေးညို့ကို အပိုင်ကိုင်ထားနိုင် ဆိုတော့ နားထင်သွေးရောက်နေတော့မပေါ့လေ၊ ကျုပ်တို့ကတော့ နေရာပျောက်ပြန်ပြီနဲ့တူပါရဲ့ ကိုမိုက်တီးရယ်"

ဒေါ်နု စိတ်မကောင်းလှစွာပင်ပြောမိသည်။

မောင်လေးညို့ကို တားဆီးလို့မှမရတာ။

ပန်းသွန်းနုဒီရဲ့ သဘောအတိုင်းချည်းပဲ လိုက်လုပ် သည်။ ဖြူစင်ဟန်တုန်းကနည်းမခြားချေ။

ထိုအတိုင်းသာဆက်သွားပါက ဒေါက်တာပန်းသွန်း လည်း ဖြူစင်ဟန်နည်းအတိုင်း ဖြစ်လာမှာပါပဲ။

"မနု"





"ပြော ကိုမိုက်တီး"

"အဲ့ဒီမိန်းကလေးက နင်ပြောတုန်းက ဖြူစင်ဟန်လောက် တော့ မဆိုးပါဘူးဆို၊ ရုပ်ချင်းသာဆင်တာ ဒေါက်တာပန်းသွန်း ဒီက စိတ်သဘောထားလေးတော့ ကောင်းပါတယ်ဆို မနု၊ ငါနင့် ကို သတိပေးသားပဲ၊ ဒီကောင်မလေးကို မယုံရဘူးနဲ့လို့"

"ကျုပ်လည်း မယုံပါဘူးရှင်၊ ပန်းသွန်းနုဒီဆိုတဲ့ ဒေါက်တာမလေးက ဖြူစင်ဟန်နဲ့ ရုပ်ချင်းခွဲမရအောင် တူနေ ကတည်းကိုက သံသယရှိနေခဲ့တာပါရှင်၊ မောင်လေးညို့အနားမှာ ရှိနေတဲ့အချိန်တိုင်း ကျုပ်ရဲ့စိတ်တွေထဲမှာ တထိတ်ထိတ်နဲ့ ဖြစ်ခဲ့ရ တာပါပဲ"

"ခုတော့ ဘယ်နှယ့်လုပ်မလဲ မနု၊ ငါကတော့ စိတ်ရှင်း ဘယ်နော်၊ စောင့်ကြည့်လိုမှ အဆင်မပြေရင်တော့ ငါ့အကြောင်း ကောင်းကောင်းကြီးကို သိသွားစေရမယ်"

"ရှင်က ဘာလုပ်ဖို့လဲ ကိုမိုက်တီး"

"သတ်ပစ်မှာပေါ့ဟ"

"ဟင်"

"ဟုတ်တယ်လေ၊ ဒီလောက်တောင် ဒုက္ခပေးတာ၊

လူ့လောကမှာ အချိန်ကြာကြာဆက်ထားရင် ငါတို့ လူကလေး မောင်လေးညို့ပဲ စိတ်ဆင်းရဲရမှာ၊ ဒီအတိုင်းတော့ လက်ပိုက်ကြည့် မနေနိုင်ပါဘူး"

သတ်ပစ်မယ်တဲ့။

ကိုမိုက်တီးကတော့ ကြိမ်းဝါးနေချေပြီ။

ဒေါ်နု တိတ်ဆိတ်ငြိမ်သက်နေမိ၏။

ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲနေတဲ့ ကိုမိုက်တီးကိုလည်း မတားဆီးချင်။ မဖြေသိမ့်ချင်ပါ။ ဒေါ်နုကိုယ်တိုင်တောင် လက်ရှိအခြေအနေတွေအားလုံးကို ကျေနပ်မိခြင်းမှမရှိတာ။

သော့။

ဖြူစင်ဟန်နေခဲ့ဖူးတဲ့အခန်းသော့။

ပန်းသွန်းနဒီ နေချင်တယ်ဆိုလို့ မောင်လေးညို့ကိုယ်တိုင်လာတောင်းသွားသည်။

ပေးလိုက်ရ၏။

ဘာကြောင့်လဲ။

ဒေါက်တာပန်းသွန်းနဒီက ဘာကြောင့် အခုလို အဓိပ္ပါယ်မရှိတဲ့ လုပ်ရပ်မျိုးတွေကို လုပ်နေရတာလဲ။ သူ့မှာ အကြောင်း





ရင်းတစ်ခုခုတော့ ရှိမှာသေချာသည်။

အဲ့ဒါဘာလဲ။

သိချင်တယ်။

ဒေါ်နု အရမ်းသိချင်တယ်လေ။

မောင်လေးညို့အတွက်ကြောင့်ပါ။

မိမိအနေနဲ့က သူ့စိမ်းသက်သက် ဘာမှမဆိုင်ဘူးဆိုပေမယ့် ကိုယ့်ဘဝတစ်သက်တာလုံး အရိပ်မိုခိုစားသောက်ပြီး ရှင်သန်လာရတဲ့ ကျေးဇူးရှင်တွေရဲ့ နောက်ဆုံးမျိုးဆက်ကလေး။ စောင့်ရှောက်ဖို့အတွက် အိမ်တော်ထိန်းကြီးဖြစ်တဲ့ ဒေါ်နုကို သေချာပင်အပ်သွားခဲ့ကြတာပါ။

ဒေါ်နုလည်း တတ်နိုင်သလောက် ထိန်းသိမ်းတာပါပဲ။ ကံတရားက ရက်စက်မှုတွေကိုသာ ဖန်ဆင်းပေးခဲ့သည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးမှာ ပြောစရာမရှိအောင် ပြည့်ဝခဲ့သလောက် အိမ်ထောင်ရေးမှာတော့ ကံဆိုးလွန်းလှသည်။

ဖြူစင်ဟန်က အရှိန်အဝါနဲ့ ငွေကြေးကိုမက်မောပြီး လက်ထပ်ခဲ့တာလေ။ အချစ်ဆိုတာ ဘာလဲဟုပင် ပြန်မေးယူရလောက်အောင် နားမလည်တဲ့သူပါ။

အခု ဒေါက်တာပန်းသွန်းနဒီလည်း ဘာထူးလို့လဲ။

မာနတွေနဲ့ မော့ချီနေတဲ့ မျက်နှာထားနဲ့ အထက်စီးက

လက်ထပ်ခဲ့သည်။ ချစ်ခြင်းမေတ္တာဆိုတာ ဝေးတာမှအဝေးကြီးပါ

"မနု"

"ပြော"

"ဒေါက်တာပန်းသွန်းနဒီကို ငါရှင်းပစ်လိုက်ရမလား"

"အို ကိုမိုက်တီး၊ ရှင် ဘယ်လိုပြောလိုက်တာလဲ၊ စိတ်ကို ထိန်းစမ်းပါရှင်၊ အခုမှ အစပဲရှိသေးတာပါ၊ နောက်ဆို ပြောင်းလဲ ချင်လည်း ပြောင်းလဲသွားမှာပေါ့၊ စောင့်ကြည့်ရဦးမှာပေါ့ ကိုမိုက် တီးရယ်"

"မပြောင်းလဲရင်ရော မနု"

"ဘယ် ဘယ်လို"

"နင်စောင့်ကြည့်နေချိန် အတိုင်းအတာအတွင်း အခြေ အနေက ဒီထက်ပိုပြီးဆိုးလာမယ်ဆိုရင်ကောလို့ ငါမေးနေတာ"

"ဒါ ဒါက မောင်လေးညို့ကိစ္စပဲဟာ၊ သူစီစဉ်မှာပေါ့ရှင် သူလည်း ကလေးမှမဟုတ်တာပဲ၊ အတိတ်မေ့ဝေဒနာစွဲကပ်နေသူ တော့လည်း ကျုပ်တို့ဘက်က တပန်းသာပါတယ်၊ သူမခံစား





တော့တဲ့ အချိန်ကြရင် အရင်ကလိုပဲ ပေါက်ကွဲမှာပါ၊ ဒါဆို အတိတ် ကို ပြန်မှတ်မိချင် မှတ်မိသွားမှာ ကိုမိုက်တီး၊ ရှင်လည်း သိတဲ့ အတိုင်းပဲလေ၊ အခုလို ကားအက်ဆီးဒင့်ဖြစ်ပြီး ခေါင်းမထိခိုက်ခင် က မောင်လေးညို့စိတ်တွေ ဘယ်လောက်ထိ ပြောင်းလဲသွားခဲ့ သလဲဆိုတာ"

"အင်း ဒါတော့လည်းဟုတ်တယ်"

"ဒေါက်တာပန်းသွန်းနဒီနဲ့ လက်ထပ်တာလည်း တစ်မျိုး ကောင်းပါတယ်လေ၊ ကျန်းမာရေးအတွက် အရမ်းကို အထောက် အကူပြုတာပေါ့"

ဒေါ်နုပြောသမျှကို သေချာနားစိုက်ထောင်ပြီး ခေါင်းလေး တဆတ်ဆတ်ညိတ်ကာ ထောက်ခံမိသူက ခြံစောင့်မာလီကြီး ဦးမိုက်တီးရယ်ပါ။

ထစ်ခနဲဆို ဒေါသကရှေ့ရောက်တတ်တဲ့ ဦးမိုက်တီး။ အလုပ်တာဝန်ကျေပွန်ကာ အလုပ်ရှင်အပေါ် သစ္စာစောင့်သိတဲ့ နေရာ မှာတော့ ပြိုင်စံကင်းသည်။

သူ့တကာထက်မိုက်လို့ မိုက်တီးဟု နာမည်တွင်နေခဲ့တာ။ သွေးကတော့ ရဲသလားမမေးနဲ့။

ခုလည်း မနုတ်ဘားဆီးထားလို့သာပါ။

မဟုတ်လို့ကတော့။

◆ ◆ ◆

စိုး : မိုး : စာပေ

## အခန်း (၁၃)

ဆေးရုံသွားလျှင်စီးဖို့ဆိုပြီး ပန်းသွန်းနုဒီနာမည်နှင့် ကားအသစ်တစ်စီး ကိုလေးညို့က ဝယ်ပေးသည်။ ဘာပစ္စည်းကိုမှ ကော်မောတွယ်တာတက်ခြင်းမရှိတဲ့ သူမအတွက်တော့ ထိုအရာက သေးနုတ်စွာပဲရှိခဲ့သည်။ လုံးဝခံစားလို့မရပါ။

သို့သော် သူ့အပေါ် စိတ်အနှောင့်အယှက် ဖြစ်စေချင်တဲ့ စိတ်က ပန်းသွန်းနုဒီ အသွေးအသားတွေထဲမှာ စီးမျောပျော်ဝင်နေခဲ့သည်။

"ဒီကားက ကျွန်မအတွက် ဟုတ်လား"

"ဟုတ်တယ်လေ နုဒီ၊ ဘာဖြစ်လို့လဲဟင်၊ ဒီကားကို သဘောမကြိုက်လို့လား"

စိုး : မိုး : စာပေ

"ဟုတ်တယ်၊ ကျွန်မမကြိုက်ဘူး၊ တကယ့်ကို တန်းမဝင်တဲ့ကားပဲ၊ ရွှေလိပ်ပြာချီဆုရှင်သူဌေးကြီး ဦးလေးညို့ဆိုတဲ့လူက မြန်မာနိုင်ငံမှာ 'Top Ten' ဝင်တဲ့ သူဌေးတစ်ဦးလေ၊ လက်ညှိုးထိုးမလွဲအောင် ပိုင်ဆိုင်ထားတဲ့ ကုမ္ပဏီလုပ်ငန်းတွေများပြားပါလျက်နဲ့ သူရဲ့ဇနီးမယားဖြစ်တဲ့ ဒေါက်တာပန်းသွန်းနဒီက ဒီလို (Model) နိမ့်တဲ့ကားကို စီးခွင့်ရခဲ့သတဲ့လား၊ အဟင်း ဟင်း၊ ကျေးဇူးတင်နေရမယ့်အတူတူတော့ ကျွန်မ လိုင်းကားတိုးစီးတာက ပိုပြီးအဆင်ပြေချောမွေ့မယ်ထင်တယ်သိလား"

"ဟာ မဟုတ်ဘူး နဒီ၊ မင်းကို ခပ်ညံ့ညံ့ကားဝယ်ပေးတာ မဟုတ်ဘူး၊ မင်းက ကားမမောင်းတတ်သေးဘူးလေ။ ဒီတော့ ကားမောင်းသင်ဖို့အတွက်နဲ့ အလေ့အကျင့်ကလေးရသွားအောင်သာ မောင်းဖို့ဆိုတဲ့စိတ်ကူးနဲ့ ဝယ်မလို့ ရွေးချယ်လိုက်တာ၊ မင်းကျွမ်းကျင်သွားတာနဲ့ ကားအကောင်းစားတစ်စီးကို ချက်ချင်းဝယ်ပေးမှာ နဒီ"

"တော်ပါတော့ရှင် စေတနာပါချင်ယောင် ဟန်ဆောင်ကောင်းပြမနေစမ်းပါနဲ့၊ လူတွေအမြင်မှာ ကျွန်မက လောဘတက်သူဆိုပြီး အထင်သေးခံနေရပါဦးမယ်"

"နဒီ ဘယ်လိုပြောလိုက်တာလဲကွာ၊ ကိုယ် တကယ်ဝယ်ပေးချင်တဲ့ဆန္ဒရှိလို့ပါ၊ စေတနာမပါဘဲ ဟန်ဆောင်ကောင်းပြနေတာ မဟုတ်ရပါဘူး နဒီရယ်၊ ကိုယ့်ကို ဘာဖြစ်လို့ အဲ့ဒီလောက်တောင် ယုံကြည်မှုနည်းရတာလဲဟင်၊ ကောင်းပြီလေ ဒီကားကို နဒီစိတ်မဝင်စားဘူးဆိုရင် အခုချက်ချင်းပဲ ကိုယ်ပြန်ယူသွားခိုင်းလိုက်မယ်၊ အကောင်းစား နောက်ဆုံးပေါ်ဒီဇိုင်းနဲ့ ဈေးအမြင့်ဆုံးကားကို ကားပွဲစားကနေတစ်ဆင့် ကိုယ်ပြန်မှာလိုက်ပါ့မယ်၊ ကိုယ့်စေတနာကို အသိအမှတ်ပြုပေးပါ နဒီရယ်၊ ကိုယ့်အချစ်တွေကို အကြွင်းမဲ့ယုံကြည်ပေးပါနော်"

နဒီ နှုတ်ခမ်းလေးတွေကို မဲ့ကွေးပစ်လိုက်သည်။ တောင်းပန်တိုးလျှိုးနေတဲ့ သူ့စကားသံကို လျစ်လျူရှုလိုက်၏။ နေရာ လေးကနေလှည့်ကာ တိုက်ထဲ မျက်နှာထားခပ်တင်းတင်းနှင့်ပင် ဝင်လာခဲ့လိုက်လေသည်။

"နဒီ"

"သြော် ဒေါ်နု"

"ခြံထဲမှာ ကားတွေရော လူတွေရော ဘာတွေဖြစ်နေကြတာလဲဟင်"

"သြော် ဒါလား၊ ကားလာပြကြတဲ့ ပွဲစားတွေလေ ဒေါ်နု၊




ပိုးမိုးစာပေ

ကိုလေးညို့က နဒီအတွက် ကားဝယ်ပေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ ခေါ်ထားတာ၊ အလကားပါ ကားအညံ့စားတွေ၊ နဒီမလိုချင်ဘူး ဆိုပြီး ပြောလိုက်လို့ သူပြန်နိုင်းနေပြီ''

ဟင်။

ကားအညံ့စားတွေတဲ့။

တန်ဖိုးမဲ့အောင် စကားကို အောက်ဆုံးထိ နှိမ်နှိမ်ချချပြော လိုက်တဲ့ ဒေါက်တာပန်းသွန်းနဒီ အလိုမရှိတဲ့ကားက သိန်းသုံးရာ [illegible] ကျော်လောက်မှာရှိနေတဲ့ ကားတွေချည်းပါပဲလား။

ဒေါ်နုရင်ထဲ နင့်ခနဲနေအောင်ပင် သည်းမျက်သွားရ[illegible]

အမလေး။

ဒင်းကများ ကြီးကျယ်နေလိုက်တာ။

သူ့လုပ်အားခနဲ့ အဲ့ဒီလိုကားမျိုး ဝယ်စီးနိုင်ဖို့နေနေသာသ[illegible] စက်မှုဇုံကထုတ်တဲ့ ဂျစ်ပုတစ်စီးတောင် ဝယ်စီးနိုင်မှာ မဟုတ်[illegible]

''ဒေါ်နုပဲ စဉ်းစားကြည့်လေ၊ ပန်းသွန်းနဒီယူထား[illegible] ယောက်ျားက အခြေမဲ့အနေမဲ့မှမဟုတ်တာ၊ ဒါနဲ့များတောင် ကျွ[illegible] က ဒီလိုအဆင့်နိမ့်တဲ့ကားမျိုး စီးရမှာတဲ့လား''

''ဪ အင်း အေးလေ၊ ဟုတ်တာပေါ့ကွယ်၊ အဟင်[illegible]





ဟင်း''

''ယောက်ျားတွေများ ပါးစပ်ကတော့ ချစ်တယ် ချစ်တယ် နဲ့ သက်စေ့ရွတ်ပြနေတာ၊ တကယ့်လက်တွေ့ စိတ်ရောကိုယ်ပါ ပြည့်စုံချမ်းသာအောင် ဖြည့်ဆည်းပေးရမယ်လည်းဆိုရော တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့၊ ကြည့်လို့ကိုမရဘူး၊ လိုချင်လို့ပြောတာ မဟုတ်ပါဘူး၊ ကိုယ်ယူထားတဲ့မိန်းမကို ကိုယ့်အဆင့်အတန်းလေးနဲ့ လည်ပယ် ကိုက်ညီအောင်တော့ ထားသင့်တာပေါ့၊ ဒါမှ ပတ်ဝန်းကျင်မှာ အကဲ့ရဲ့မခံရမှာလေ၊ ဒါကို သူတို့မသိကြတာ အံ့ဩစရာပဲ''

ဟင်။

ဒီစကား။

ဒီစကားက ဖြူစင်ဟန်ပြောခဲ့ဘူးတဲ့စကား။

ကိုယ်ယူထားတဲ့မိန်းမကို ကိုယ့်အဆင့်အတန်းလေးနဲ့ [illegible]ကိုက်အောင် ထားသင့်တာပေါ့ဆိုပြီး လိုအပ်သမျှကို အားမနာ [illegible]တမ်း တောင်းဆိုခဲ့ဖူးတဲ့ ဖြူစင်ဟန်။

အခုလည်း ဒေါက်တာပန်းသွန်းနဒီက ထိုစကားကိုပဲ [illegible]ခြေခံကာ သူမဆန္ဒတွေ ပြည့်ဝသည့်အထိ တောင်းဆိုနေချေပြီ။

တူလိုက်တာ။

အသွင်ကလည်း တစ်ထပ်တည်းကျအောင်ကို တူနေတော့
တာပါပဲလား။ အတွေးတွေနဲ့အတူ ဒေါ်နုစိတ်တွေက လှုပ်လှုပ်ရှား
ရှား။

သင်း သင်းကဘယ်သူလဲ။

ဖြူစင်ဟန်ပဲလား။

ဖြူစင်ဟန် အသက်မသေဘဲ မိမိအနားမှာရှိနေတာများ
လား။ ဒေါ်နု ကြောက်စိတ်တွေကြောင့် အသားတွေ တဆတ်ဆတ်
တုန်ယင်လာရသည်။ မရဲတရဲမျက်နှာကို သေချာအောင်ကြည့်မိ

ထိုစဉ် ဒေါက်တာပန်းသွန်းနုဒီဆီမှ စူးတောက်သော
မျက်ဝန်းအကြည့်က ဒေါ်နုဆီရောက်လာသည်။

"အမလေး"

ဒေါ်နု လန့်ဖျန့်ကာ နှုတ်မှ ယောင်ယမ်းအော်လိုက်မိ

"ဒေါ်နု ဒေါ်နု ဘာဖြစ်တာလဲ"

"အား…မလာနဲ့ မလာနဲ့၊ ငါ့အနားကိုမလာနဲ့ သွား
သွား၊ နင်ကသေပြီးသားလူ"

"ဒေါ်နု ဒေါ်နု၊ ဘာဖြစ်တာလဲ ကျွန်မ နုဒီပါ၊ ဒေါ
တာနုဒီ၊ ကျွန်မကိုသေချာကြည့်ပါဦး၊ သတိထားဦးလေး ဒေါ်နု"





"မဟုတ်ဘူး နင် နင် ဖြူစင်ဟန်ပဲ၊ ငါသိတယ် နင်အကြံ
အစည်ငါသိတယ်၊ မကျေနပ်လို့ ပြန်လာတာမဟုတ်လား၊ ရွှေလိပ်
ပြာကနေ တစ်ခုခုပြန်ယူချင်လို့ လာတာမဟုတ်လား၊ မရဘူး ဖြူစင်
ဟန်၊ ညည်း ဘာမှရယူချင်လို့မရဘူး၊ ညည်းလိုမိန်းမမျိုးနဲ့ ဒီနေရာ
ကမှ မထိုက်တန်တာ၊ ညည်းသွားရမယ်လေ၊ ညည်း ထွက်ကို
ထွက်သွားရမယ်၊ ဒါမှတရားမျှတတာ၊ မောင်လေးညို့ကို ဒုက္ခ
ထပ်ပေးဖို့ မစဉ်းစားနဲ့တော့ ဖြူစင်ဟန်"

"ဟိတ်…မနု"

ဒေါ်နုပြောနေတဲ့စကားတွေကို ကြောင်အအလေးနှင့်
နားထောင်နေစဉ် အနောက်ကျောဘက်ဆီမှ ဟိန်းခနဲထွက်လာတဲ့
အသံကြောင့် လှည့်ကြည့်လိုက်မိသည်။

"ကိုမိုက်တီး"

"မနု"

"ဒီမှာ ဖြူ ဖြူစင်ဟန်လေ၊ သူ သူ ရွှေလိပ်ပြာခွဲထဲကို
ပြန်ရောက်လာပြီ၊ မောင်လေးညို့ကို ဒုက္ခပေးဖို့ ရောက်လာပြီ
ကိုမိုက်တီးရဲ့"

"ဟာ မနု၊ သတိထားစမ်း၊ ဘယ်က ဖြူစင်ဟန်လဲ၊

ဖြူစင်ဟန်ကသေပြီလေ၊ ငါတို့ပဲ ကိုယ်တိုင်သင်္ဂြိုလ်ခဲ့ကြတာပဲဟာ နင် ဘာတွေလျှောက်ပြောနေတာလဲ မနု၊ နင့်စိတ်တွေကို ထိန်း ငါ့မျက်နှာကိုသေချာကြည့်"

"ဟင်…အင်း…အင်း ဟုတ်တယ်နော်၊ ငါတို့ သင်္ဂြိုလ် ကြတာ၊ ဟုတ်တယ်ကိုမိုက်တီးရဲ့"

ဒေါ်နုမျက်လုံးကြီးတွေ ပြူးကျယ်ဝိုင်းစက်နေဆဲပါ။ ဒေါ် ကို ပန်းသွန်းနဒီ သေချာစိုက်ကြည့်နေမိသည်။

"ကဲ လာ လာ မနု၊ နင်အနားယူမှဖြစ်မယ်၊ နင့် အခန်းထဲ လိုက်ပို့ပေးမယ် မနု"

"ကိုမိုက်တီး"

"လာစမ်းပါ နင် တော်တော်စကားကြောရှည်လှချည် မနု"

ဦးမိုက်တီးက လေသံမာမာနှင့် ဟောက်ကာ ဒေါ်နုကို ခေါ်၏။ သူမကိုလည်း ဒေါသရောင်များ တဖျပ်ဖျပ်တောက် သည့် မျက်ဝန်းတွေနှင့်လည်း စိုက်ကြည့်သွားသည်။

ဦးမိုက်တီးရဲ့ မျက်လုံးတွေကိုကြည့်ပြီး ရင်ထဲ ထိတ် ဆောင့်ခုန်သွားသူက ဒေါက်တာပန်းသွန်းနဒီပါ။





ကြောက်စရာကောင်းလိုက်တဲ့ အကြည့်တွေ။

လူကို သတ်တော့ဖြတ်တော့မယ်အတိုင်း ရူးရူးရဲရဲကြီး ကြည့်သွားတာလေ။

ဒေါ်နုကို ဆွဲခေါ်သွားတဲ့ ပုံစံက တစ်စက်ကလေးမှကို ကြည်လင်တဲ့ မျက်နှာထားမျိုးနှင့်ပါ။ သူမအမြွစ်လုပ်သည်ဟုပဲ ဦးမိုက်တီးက တစ်ထစ်ချ တွက်ဆလိုက်ပုံရ၏။

ပန်းသွန်းနဒီ နားမလည်နိုင်ပါ။

ဒေါ်နု ဘာကြောင့် အခုလို စိတ်ကယောင်ချောက်ချားကြီး ဖြစ်သွားရတာလဲ။ ပန်းသွန်းနဒီလည်း ဘာအမှားမှ မကျူးလွန် ဘဲနဲ့။ ကားဝယ်ပေးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဒေါ်နု စိတ်တွေ ဘာကြောင့် ရုတ်တရက်ကြီး ထဖောက်သွားရတာပါလိမ့်။

"နဒီ"

ခေါ်သံနဲ့အတူ သူမအနားကိုရောက်လာတာက လေးညို။

"စောစောက တိုက်ထဲ အော်သံစူစူကြားလိုက်သလိုပဲ၊ ဘယ်သူဘာဖြစ်တာလဲ"

လေးညို့ကမေးချေပြီ။

ခြံထဲမှာ ကားလာပြတဲ့ ပွဲစားတွေနဲ့ စကားပြောနေချိန်

ထင်ပါရဲ့ အိမ်ထဲကအကြောင်းကို သူ ဘာမှသိခွင့်မရလိုက်ရေ

"နဒီ ကိုယ်မေးနေတယ်လေ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

နဒီ အခြေအနေမှန်ကို ဖုံးကွယ်ပစ်လိုက်၏။

ဒေါ်နုအကြောင်း ဖွင့်မပြောမိတော့ပေ။

"နဒီ"

"ကျွန်မ သွားစရာရှိသေးတယ်"

"ခဏနေပါဦး ကိုယ်ပြောစရာရှိလို့ပါ"

သူမလက်မောင်းလေးကို ဆုပ်ကိုင်ပြီး တားဆီးလိုက် မို့ ခြေလှမ်းလေးကို လှမ်းဖို့ပြင်ဆင်ပြီးကားမှ ရပ်တန့်လိုက်ရသ

"ဘာပြောမလို့လဲ၊ ကျွန်မသွားစရာရှိသေးတယ် ပြောနေတဲ့ဟာကို၊ ဖယ်စမ်းပါ"

သူလက်တွေကို ခပ်ကြမ်းကြမ်းပဲ ပုတ်ထုတ်ကာ တော့ သူ့မျက်နှာလေး ညှိုးလျသွား၏။

"မင်းစိတ်တိုင်းကျလောက်မယ့်ကားမျိုး ကိုယ်မှာ တယ်လို့ ပြောမလို့ပါ နဒီရယ်"

သူ့အသံက တိုးလျလျ။





သူ့မျက်နှာကို စိတ်ပျက်စွာပင် တစ်ချက်စိုက်ကြည့်လိုက် သူက ပန်းသွန်းနဒီရယ်ပါ။

"ဒါပဲလား"

"ဗျာ"

"ရှင်ပြောစရာရှိတယ်ဆိုတာ အဲဒါပဲလားလို့ မေးတာရှင့်"

"ဪ အင်း ဟုတ်တယ် နဒီ"

သူက ဝမ်းသာအားရ ခေါင်းလေးညိတ်ပြ၏။ ပန်းသွန်း ဒီတစ်ယောက် နှုတ်ခမ်းလေးကို မဲ့ကွေးကာပြုံးလိုက်ရင်း

"ဒီစကားပြောမှာများရှင် အသည်းအသန် လူကိုတားရ တယ်လို့၊ တော်တော်စိတ်ရှုပ်ဖို့ကောင်းတဲ့သူပဲ၊ ဒီမှာ အလုပ်ကိစ္စ ဆေးရုံသွားရမယ့်ဟာကို သူ့ကြောင့်နဲ့တော့ နောက်ကျတော့မှာ "

အပြစ်တင်သလိုစကားဆိုကာ နေရာလေးကနေ ထွက်လာ လိုက်မိတော့သည်။

သူမတားဆီးတော့။

အဲ့ဒီအချက်ကလေးကိုတော့ သူမ နှစ်သက်မိတာအမှန် ပါ။

သူက အင်မတန် အကောင်းပါးတဲ့သူလေ။

သူမစိတ်ဆိုးနေပြီဆိုလျှင် ပြဿနာ ဒီသက်မကြီးအောင် ရှောင်ထွက်သွား၏။ သူမ စိတ်ပေါ့ပါးအောင် သူ ခပ်ရှောင်ရှောင် လေးနေသည်။

သို့သော်။

သူမနဲ့ မလှမ်းမကမ်းမှာတော့ သူက ရှိနေတတ်တာ ထုံး တစ်ခုပဲဖြစ်တော့၏။

◆ ◆ ◆



## အခန်း (၁၄)

"ရှင် ဘာကိုရှာနေတာလဲဟင် ကိုလေးညို"

ဟင်။

နောက်ကျောဘက်ဆီက မေးသံကြောင့် လေးညို့ခန္ဓာ ကိုယ်ကြီး ဆတ်ခနဲတုန်သွားရသည်။ နဒီအသံမဟုတ်လား။ နည်း နည်းတော့ စိုးရိမ်သွားရတာပေါ့။

"ကျွန်မမေးနေတယ်လေ ကိုလေးညို၊ ရှင် ဘာရှာနေတာ လဲလို့"

"ဟို ဟို မရှာပါဘူး၊ ဘာမှမရှာဘူး နဒီ"

ကပျာကယာ ခေါင်းခါငြင်းလိုက်ပေမယ့် ပန်းသွန်းနဒီ အလွှယ်တကူနဲ့ မယုံကြည်လောက်ဘူးဆိုတာတော့ သူသိပြီးသား

ပါ။ သံသယမျက်ဝန်းတွေနဲ့ စိုက်ကြည့်နေတတ်တဲ့ ပန်းသွန်းန မျက်ဝန်းတွေကို သူရင်ဆိုင်ရမှာ သေလောက်အောင်ပင် ကြောက် နေမိ၏။

သေချာမြင်သွားတာမဟုတ်လား။

ကျွန်းပါကေးကွက်ခင်းထားတဲ့ ကြမ်းပြင်ကို လက် ခေါက်ကြည့်နေတဲ့ သူ့ကို ပန်းသွန်းနဒီက အခန်းတံခါး ဆတ် ဖွင့်ပြီးဝင်လိုက်ချိန်မှာ သေချာတွေ့သွားတာပါ။

"ကြမ်းပြင်ကို လက်နဲ့ သေချာစမ်းပြီး ရှင် တစ်ခုခု ရှာနေသလိုပဲနော်"

"မဟုတ်ပါဘူး ကြမ်းတွေက အခန်းပိတ်ထားတာကြာ မျှားလားမသိဘူး သိပ်မကောင်းချင်တော့ဘူး၊ ကြမ်းခင်းအသ လဲရင်ကောင်းမလား စဉ်းစားနေတာပါ"

ဟုတ်ပါ့မလား။

သူတကယ်ပဲ ဘာမှရှာနေတာမဟုတ်ဘူးဆိုတဲ့ စကား မှန်နိုင်ပါ့မလား။ သူ့ပုံစံကြည့်ရတာ တစ်မျိုးပဲ။ သူ့မျက်ဝန်းတွေ သိပ်ဂဏှာမငြိမ်ချင်။ အတွေ့အကြုံတွေအရ ဒါဟာ မှုမမှန်ဘူး တာတော့ ပန်းသွန်းနဒီ ရိပ်မိပါ၏။





သို့သော် ဘူးခါငြင်းနေသည့်အတွက် ဘာမှတော့ ဆက်ပြီး ပြောမိတော့ချေ။

"နဒီ"

"ပြော"

"နေ့လည်က အပြင်သွားတယ်ဆို၊ [illegible]ါ ဘယ်ကိုသွား တာလဲဟင်၊ ဒီနေ့က စနေတနင်္ဂနွေဆိုတော့ ဆေးရုံမသွားရဘူးမို့ လား နဒီ"

"ဟုတ်တယ်လေ ပိတ်တယ်၊ ဂျူတီနေ့လည်းမဟုတ် တော့ မသွားရဘူး၊ နေစမ်းပါဦး ကျွန်မဘာသာ ဘာကိစ္စနဲ့ပဲ အပြင်သွားတိုင်း ရှင့်ကို တင်ပြနေရဦးမှာလား ကိုလေးညို၊ အကြောင်းအရာမရှိပဲ ဘယ်သူက အပြင်သွားမှာလဲ၊ ဒါကိုတောင် ရှင်က လိုက်မေးနေရသေးတယ်"

"မဟုတ်ပါဘူးကွာ၊ ကိုယ်က သိချင်ရုံသက်သက်နဲ့မေး တာပါ၊ နဒီမကြိုက်ဘူးဆိုရင် နောက် ကိုယ်မမေးတော့ဘူးလေ၊ ဒီအတွက်နဲ့တော့ ကိုယ့်ကို အပြစ်မြင်ပြီး စိတ်မဆိုးလိုက်ပါနဲ့ကွာ၊ င်းဆီက အဲ့ဒီလို မကြည်လင်တဲ့ ဒေါသမျက်ဝန်းအကြည့်တွေကို စားနိုင်လို့ပါ နဒီရယ်၊ ကိုယ်မှားသွားတယ်ဆိုရင်လည်း ခွင့်လွှတ်

နော်၊ ကိုယ်တောင်းပန်ပါတယ် နဒီရယ်''

ဟွန်း။

ဒီလိုကျတော့လည်း သူ့ပုံစံက တကယ့်သနားစရာ။

သူမစိတ်ဆိုးမှာကြောက်လို့ ပျာပျာသလဲ တောင်းပန်တာလေ။ သိပ်ချစ်လွန်းလို့ ပိုင်ဆိုင်ချင်တာတစ်ခုကလွဲပြီး ကျန်တာတွေအားလုံးကိုတော့ သူမစိတ်ဆန္ဒအတိုင်းသာ အရာအားလုံးဖြစ်စေ၏။

တစ်စက်ကလေးမျှ ငြိုငြင်ခြင်းတော့မရှိချေ။

သူမ ဘာလိုချင်သလဲ။ ဘာလုပ်ချင်သလဲ တစ်ခွန်းလေးပြောရုံပဲ ဆယ်မိနစ်အတွင်းကို ရရှိအောင် ဖြည့်ဆည်းပေးတတ်သည်။

နဒီစဉ်းစားနေတာက ညီမလေးဖြူစင်ဟန်အပေါ်မှာလည်း သူ အခုလိုပဲ နွေးထွေးကြင်နာစွာ ဆက်ဆံခဲ့တာပဲလား။ ဒေါ်နုတို့ ပြောစကားအရဆိုရင်တော့ ကိုလေးညွှန့်က ဖြူစင်ဟန်ကို အရမ်းချစ်တာတဲ့လေ။

သူမကိုချစ်တာလည်း ဖြူစင်ဟန်နဲ့ ရုပ်ချင်းတူနေလို့တဲ့။

ဒါကြောင့် သူ့စိတ်တွေ လှုပ်ရှားပြီး ပိုင်ဆိုင်ချင်ခဲ့တာဟု ဒေါ်နုက ပြောခဲ့သည်။ ဖြစ်နိုင်တာပါပဲ။ ညီမလေးအပေါ်မှာ သူ့ရဲ့





စိတ်ခံစားချက်တွေ နက်နက်နဲနဲထားခဲ့တာ အမှန်ဆိုလျှင် ညီမလေးနဲ့ ရုပ်ချင်းဆင်တဲ့ ပန်းသွန်းနဒီအပေါ်မှာလည်း သူ့စိတ်တွေ ယိုင်နဲ့နေခဲ့တာတော့ မဆန်းပါချေ။

ဆန်းနေတာက ပန်းသွန်းနဒီရဲ့စိတ်ပဲ။

သံသယတွေကို အစပျိုးမွေးထားပြီးမှာမှ ရှေ့ဆက်ဖို့ တွန့်ဆုတ်ချင်နေတဲ့ သူမစိတ်က အံ့ဩစရာကောင်းအောင် ပြောင်းလဲချင်နေသည်။ တစ်ခါတစ်ခါ အသိတရားလေးတွေနဲ့အတူ စိတ်ကို ထိန်းချုပ်ထားရပေမယ့် အကြောင်းအရာလေးတစ်ခုခုနဲ့ မျက်နှာ ချင်းဆိုင်လိုက်တိုင်း အလျှော့ပေးရှောင်ထွက်သွားတတ်တဲ့ သူ့ရဲ့အမူ အကျင့်လေးတွေကြောင့်ပင် သူမစိတ်တွေ အရည်ပျော်ပျော်သွားရ တတ်ပါသည်။

တစ်ခါတလေ သူဟန်ဆောင်ကောင်းနေတာများလားဟု တွေးမိပေမယ့် ထိုဟန်ဆောင်နေခြင်းကလေးအပေါ် သာယာငြိတွယ်နေမိတဲ့ သူမအဖြစ်ကို သူမကိုယ်တိုင်ပင် အံ့ဩနေမိပါသည်။

''နဒီ''

''ပြော''

''ကိုယ့်စကားကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေသေး

လားဟင်"

"မဖြစ်တော့ပါဘူး၊ ဒါပေမယ့် နောက်တစ်ခါကျရင်တော့ ရှင့်ဘက်က ဆင်ခြင်ပါ၊ ကျွန်မအမုန်းဆုံးအရာက ကျွန်မအပေါ် အယုံအကြည်မရှိတဲ့ မေးခွန်းတွေနဲ့ စစ်မေးတာကိုပဲ၊ ရှင်သိထားသင့်တာက ရှင့်ကိုစပြီး လက်ထပ်ကတည်းက ရှင့်ရဲ့စိတ်ချမ်းသာမှုကိုပဲကြည့်ပြီး နေမယ်ဆိုတဲ့စိတ်နဲ့ လက်ထပ်ခဲ့တာမဟုတ်ဘူးနော်၊ ရှင့်ကို မချစ်ပါဘူးလို့ အကြိမ်ကြိမ်အခါခါ ဝန်းထားတဲ့ ကျွန်မကိုမှ အနားမှာထားချင်တဲ့ ရှင့်ဆန္ဒနဲ့ပဲ မနေချင်ဘဲနေခဲ့ရတာ၊ ဒါကြောင့် ကျွန်မရဲ့အာရုံတွေနောက်စေမယ့် အပြောအဆို အမူအရာတွေကို ရှင့်ဘက်က သတိထားပြီး ထိန်းသိမ်းပါ၊ နောက်တစ်ကြိမ် ရှင်နဲ့ အခုလိုမျိုး အဓိပ္ပါယ်မရှိတဲ့စကားတွေ မဆွေးနွေးချင်ဘူး ကိုလေးညို့"

နဒီရယ် ပြောရက်လိုက်တာကွာ။

ကိုယ့်ကို မင်း ဘာကြောင့် အဲ့ဒီလောက်တောင် အေးစက်စိမ်းကားနိုင်ရတာလဲ နဒီ။ ကိုယ် မင်းကို ဖွတ်အတင်းသိမ်းပိုက်ခဲ့လို့ မကျေနပ်ဘူးဆိုရင်တောင် အဲ့ဒီလို ကိုယ့်ရင်ထဲက နှလုံးသားတွေ နာကျင်ခံစားရစေမယ့် စကားလုံးတွေနဲ့ မနှိပ်စက်သင့်ပါဘူး

စိုး:မိုး:၀၁၄၀



ကွာ။

ကိုယ့်မင်းကို တကယ်ချစ်တာပါ နဒီ။

သူများတွေက ကိုယ့်စိတ်တွေ အခုလိုဖြစ်ရတာ ဒေါက်တာ ပန်းသွန်းနဒီက ဖြူစင်ဟန်ဆိုတဲ့ ကိုယ့်ဇနီးနဲ့ ရုပ်ချင်းခွဲမရအောင် တူနေလို့တဲ့။

ပြီးတော့ ကိုယ် အတိတ်မေ့နေလို့လည်း အခုလို အချစ်စိတ်တွေ ဖြစ်နေတာပါတဲ့ ပန်းသွန်းနဒီ။ အတိတ်ကိုသာ ပြန်သတိရပြီး ဖြူစင်ဟန်ဆိုးသမျှတွေသာသိခဲ့ရင် အခုလိုတောင် မျက်နှာချင်းဆိုင်ချင်မှာ မဟုတ်တော့ဘူးတဲ့လေ။

ကိုယ့်ဇနီးဖြစ်ခဲ့ဘူးတဲ့ ဖြူစင်ဟန်က ဘယ်လိုမိန်းကလေးမျိုးလဲ။ လူတကာက ဆိုးတယ်လို့ဝေဖန်ပြရလောက်အောင်ပဲ သူ ဘာတွေလုပ်ခဲ့လဲ။ လူတစ်ယောက်လုံး သေဆုံးသွားတာတောင် နှမြောတသသည့် လေသံထွက်မလာရအောင် သူ ဘာတွေများ မိုက်မဲခဲ့လို့လဲ။

သိချင်စိတ်တွေက တအားများလာပြန်တော့လည်း အခုလိုမျိုး အတိတ်မေ့ဝေဒနာခံစားရတာ ပျော်ကင်းသက်သာချင်ပါရဲ့ကွာ။

စိုး:မိုး:၀၁၄၀

ဒါပေမယ့် ကိုယ်ကြောက်တယ်နဒီ။ မင်းကို မေ့သွားမှာ ကိုယ်ကြောက်တယ်။ မင်းကိုမုန်းလိုက်ရမှာ ကိုယ်ကြောက်တယ်။

ကိုယ်အတိတ်ကိုမေ့ထားချင်တယ်။ ဘယ်သောအခါမှ ကိုယ် ပြန်သတိမရချင်ဘူး။

အဲ့ဒါ မင်းကို သိပ်ချစ်လို့ပါ နဒီရယ်။

မင်းနဲ့ဝေးကွာသွားရမှာ စိုးလို့ပါကွာ။

"ကိုလေးညို့"

"ဟင် ပြော ပြောလေ နဒီ"

"စောစောက စကားပျက်သွားလို့ပါ"

"ဘာစကားလဲ နဒီ"

မျက်မှောင်လေးတွန့်ခနဲကြုံ့ကာ ပြန်မေး၏။

"ကြမ်းပြင်ကို ခေါက်ကြည့်နေတဲ့ကိစ္စလေ"

"ဪ ဒါလား၊ ဟို ဟိုလေ ကြမ်းပြင်တွေ နည်းနည်း အရောင်မှိန်ပေမယ့် သစ်တွေက သိပ်မဆွေးဘဲ ကောင်းနေတာ တော့ အပေါ်က ပေါလစ်ပြန်အရောင်တင်ရင်ပဲ အဆင်ပြေနိုင်တယ် လေ၊ ဘာဖြစ်လို့လဲဟင်၊ နဒီက ကြမ်းခင်းတွေကိုခွာပြီး အသစ်ခင်း လဲချင်လို့လား၊ ဒါဆို ကိုယ် ချက်ချင်းပဲ စီစဉ်ခိုင်းလိုက်မယ်လေ





ပြင်ဆင်နေဆဲမှာတော့ တခြားအခန်းမှာပဲ နေကြတာပေါ့ နောက်မှ"

"အမလေး တော်ပါရှင်၊ ကြမ်းခင်းတွေ ကောင်းနေတဲ့ ဟာကို ဘာဖြစ်လို့ ပိုက်ဆံအကုန်ခံပြီး အသစ်လဲဦးမလို့လဲ တော်ပါ တော့ရှင်"

"အဟွန်း"

"အို ရှင်ဘာရယ်တာလဲ၊ ကျွန်မစကားမှာ ဘာရယ်စရာ များပါသွားလို့လဲ"

"နဒီ စောစောကပြန်လိုက်တဲ့ ပုံစံလေးကို သဘောကျ လို့ပါ"

"ဘာရှင့်"

"တကယ့် အိမ်ရှင်မကြီးလေသံနဲ့ ပုံစံဖြစ်နေလို့လေ"

"ရှင်နော်"

သူ့စကားကြောင့် ပန်းသွန်းနဒီတစ်ယောက် သူမကိုယ် သူမ သတိထားမိကာ ရှက်ရွံ့သွားရသည်။

သူ့ဆီလည်း ဒေါသတကြီး မျက်စောင်းကြီး ဒိုင်းခနဲထိုး လိုက်မိ၏။

"နဒီ"

"ဘာလဲရှင့်"

"ကိုယ့်ကို ဘယ်အချိန်ထိ မုန်းဖို့ရည်ရွယ်ထားသ
ဟင်"

"တစ်သက်လုံးပဲ"

"ဟာကွာ သေပါပြီ၊ အဲ့ဒီလိုတော့ မရက်စက်နဲ့
နဒီရယ်၊ မင်းဆီက အချစ်တွေရဖို့ ကိုယ်ဘယ်လောက်ထိ မျှော်လ
နေခဲ့သလဲဆိုတာ မင်းအသိဆုံးပါကွာ၊ မင်းရဲ့အမုန်းတွေ
နည်းနည်းတော့ လျှော့ပါဦး နဒီရယ်"

"အို မလျှော့နိုင်ပါဘူး၊ ရှင့်ကို အစကတည်းက မုန်းတ
လို့ ပြောထားပြီးသားပဲဟာ၊ ရှင့်ဘာသာ ကျေနပ်လို့ လက်ထပ်
တာပဲ၊ ကျွန်မဘက်က အလွှန်မရှိဘူး"

နဒီရယ်။

မင်းလေးကတော့လေ မုန်းစကားကိုသာ ဆိုရမယ်ဆို
လေ ဘယ်တော့မှကို ပါးစပ်မနေးဘူးနော်။

ပြောပါနဒီရယ် မင်းအခုလိုပြောရမှာ စိတ်ချမ်းသာတ
ဆိုရင် မင်းပြောပါကွာ။ ကိုယ်ခံယူပါ့မယ် နဒီ။

အရေးကြီးတာက။





မင်း ကိုယ့်အနားကနေ ထွက်မသွားဖို့ပါပဲ။

"ဒါနဲ့ ရှင့်ကိုမေးရဦးမယ် ကိုလေးညို့"

"မေးလေ နဒီ၊ ဘယ်မေးမလို့လဲ"

"ဒေါ်နု ရှင့်ကို တစ်ခုခုများပြောသေးလားဟင်"

"ဒေါ်နု ဟုတ်လား နဒီ"

"အင်း"

"ဘာမှမပြောပါဘူး၊ ဘာဖြစ်လို့မေးတာလဲဟင် နဒီ"

"မဟုတ်ပါဘူး ကားဝယ်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး
ဘာများပြောသေးလဲလို့ မေးတာပါ"

"ဒေါ်နုက ကားဝယ်ပေးတာမှန်တယ်တဲ့၊ ကိုယ့်ရဲ့ဇနီး
ဖြစ်တဲ့သူက ဆရာဝန်မလေးတစ်ယောက်ဆိုတော့ ကိုယ်ပိုင်ကား
လေး တစ်စီးလောက်နဲ့တော့ ဆေးရုံကိုသွားသင့်တာပေါ့လေဆိုပြီး
ထောက်ခံလိုက်သေးတယ် နဒီရဲ့"

ဟင်။ ဒေါ်နုက ထောက်ခံတယ်ဆိုပါလား။

ဘာ့ကြောင့်လဲ။

အပြောင်းအလဲက ဘာဖြစ်လို့ အဲ့ဒီလောက်တောင်
မြန်ဆန်ရတာလဲ။ ကိုလေးညို့ သူမကို ကားဝယ်ပေးမယ်ဆိုတဲ့

သတင်းကြားရတဲ့နေ့တုန်းက ဒေါ်နုစိတ်တွေ ထိန်းချုပ်မရအော
လွှတ်ထွက်ပြီး ပေါက်ကွဲခဲ့တာမဟုတ်လား။

ဖြူစင်ဟန်လို မိန်းမမျိုးပဲ။ မောင်လေးညို့ကို ဒုက္ခ
မယ့်သူဟုပင် အော်ဟစ်ကာ စွပ်စွဲသွားသေးသည်။

ဒေါ်နု သူမရှေ့မှာတော့တစ်မျိုး။ ကိုလေးညို့ရှေ့မှာတေ
ပုံစံတစ်မျိုးဖြစ်နေသည်။

စဉ်းစားစရာပဲ။

အစက သူမရဲ့ မသင်္ကာစရာ လူစာရင်းထဲမှာ ဒေါ်နုမ
ခုတော့ ထည့်သွင်းစဉ်းစားရမလိုဖြစ်လာပြီ။

"နဒီ"

"ဟင်"

"ရေချိုးတော့လေ ရှစ်နာရီတောင်ထိုးနေပြီ"

"ဩော်...အင်း"

ပန်းသွန်းနဒီ ခေါင်းလေးညိတ်လိုက်၏။

နာရီဆီမော့ကြည့်တော့ အမှန်တကယ်ပင် ရှစ်နာရီထိုး
ပြီ။

ရေချိုးမှပဲ။





ဒေါ်နုအကြောင်း ခေါင်းထဲကနေထုတ်ကာ ရေချိုးဖို့ကိုသာ
ပန်းသွန်းနဒီ ပြင်ဆင်လိုက်တော့သည်။

• • •

## အခန်း (၁၅)

"ဘယ်လို မောင်လေးညို၊ အဲ့ဒီကောင်လေးကို ပန်းသွန်းနဒီအတွက် ဒရိုက်ဘာခန့်လိုက်ပြီ ဟုတ်လား"

"ဟုတ်တယ် ဒေါ်နု၊ နဒီက ကားကို ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်သေးဘူးလေ၊ ပြီးတော့ မြို့ထဲလမ်းမတွေက အခုနောက်ပိုင်း ကားတွေတအားများပြီး လမ်းတွေကြပ်နေတာဆိုတော့ စိတ်လည်းမချပါဘူး၊ ဒါကြောင့် နဒီခန့်လိုက်တဲ့ ဒရိုင်ဘာကို လက်ခံလိုက်တာ"

မြတ်စွာဘုရား။

မောင်လေးညို့ စိတ်နဲ့ကိုယ်မှ ကပ်ပါသေးရဲ့လား။

နဒီက။

ဦးဦးစာပေ

ဒရိုင်ဘာခန့်တယ်ဆိုတာနှင့် ဘယ်သူဘယ်ဝါလဲ။ ဘယ်ကလဲဆိုတာ မေးမြန်းစုံစမ်းခြင်း၍ပင်မနေဘဲ ခေါင်းညိတ်လက်ခံခဲ့သည်။

မိန်းမစိတ်ကျေနပ်တည်ဆိုရင်ပြီးရောဆိုတဲ့သဘော။ အ... အားလုံး မိန်းမဆန္ဒအတိုင်းသာ ဖြည့်ဆည်းပေးဖို့ ကြိုးစားနေ...

ခက်တယ်။ ဒီအတိုင်းသာဆက်သွားနေလို့ကတော့ လုံး... ကို လွယ်မှာမဟုတ်ချေ။ ဒေါက်တာပန်းသွန်းနုဒီက မောင်လေးညို... အပေါ် အနိုင်ယူစိုးမိုးလွန်းအားကြီး၏။ အလျှော့ပေးတယ်ဆိုပြီး ထင်တိုင်းကျဲချင်နေသည်။

အခုခန့်လိုက်တဲ့ ဒရိုင်ဘာကောင်လေးကိုရော မောင်လေး ညို့ သေချာကြည့်ခဲ့ရဲ့လား။

ဒရိုင်ဘာလို့တောင်ပြောလျှင် ယုံနိုင်စရာပင်မရှိတဲ့ ကောင်ချောလေးတစ်ယောက်ပါ။ မောင်လေးညို့ထက်ပင် အသက် အရွယ်ငယ်ကာ ဖြူနုချောမွေ့နေ၏။ ဒေါက်တာပန်းသွန်းနုဒီနှင့် ရွယ်တူသာသာလောက်သာရှိတဲ့ ကောင်လေးတစ်ယောက်ကို ဒရိုင် ဘာရာထူးပေးခန့်တာ အန္တရာယ်များလွန်းလှသည်။

"မောင်လေးညို့"





"ဟုတ်ကဲ့ ပြောပါ ဒေါ်နု"

"နုဒီအလုပ်ခန့်လာတဲ့ ကောင်လေးကို မင်း တွေ့ပြီးပြီ ...း"

"ဟုတ်ကဲ့ တွေ့ပြီးပါပြီဒေါ်နု"

ဟင်။

တွေ့ပြီးတာတောင် မောင်လေးညို့က ဘာမှမဖြစ်ဘူး ...း။ ကိုယ့်ဇနီးအနားမှာ ငယ်ရွယ်နုချောတဲ့ ဒီကောင်လေးကို ...ားဦးမလို့လား။

"မောင်လေးညို့"

"ဗျာ"

"မင်းကို ဒေါ်နုတော့ နားမလည်တော့ဘူးကွယ်"

"ဘာကိုလဲဟင် ဒေါ်နု"

"ဒေါက်တာပန်းသွန်းနုဒီအပေါ်မှာ ချစ်တဲ့ မင်းရဲ့အချစ် တွေကိုပေါ့"

"ဗျာ"

"အခုခန့်လိုက်တဲ့ ဒရိုင်ဘာက ဒေါက်တာပန်းသွန်းနုဒီ နဲ့ အသက်အရွယ်ချင်းက မကွာဘူး မောင်လေးညို့၊ ဒီလိုကောင်

လေးတစ်ယောက်ကို အလုပ်ခန့်ပြီး ပန်းသွန်းနဒီအနားမှာထား ဘယ်လောက်တောင် အန္တရာယ်များသလဲဆိုတာ မင်းလည်း တွက်တတ်မှာပါ၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်း ငြိတဲ့၊ မီးဆိုတာ မလောင်ခင်ကတားရတယ် မောင်လေးညို့"

"ကျွန်တော်သိပါတယ် ဒေါ်နု"

"အေးလေ သိနေပါလျှက်နဲ့ မင်း ဘာဖြစ်လို့ မစဉ်းစား မဆင်ခြင်ဘဲ ခေါင်းညိတ်ခဲ့တာလဲ"

ဒေါ်နုအမေးကို လေးညို့မဖြေနိုင်။

နဒီကြောင့်ပဲလေ။

နဒီက အလုပ်ခန့်ခဲ့ပြီလို့ တစ်ခါတည်း သူ့ကို အ ပေးခဲ့တာမဟုတ်လား။ နဒီစိတ်တိုင်းကျ ဆုံးဖြတ်လာတဲ့ ကိစ္စတစ် ကို သူ မတားဆီးမကန့်ကွက်ချင်။

ချစ်တယ်လေ။

နဒီကိုအရမ်းချစ်တယ်။

အဲ့ဒီ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာတွေကြောင့်ပဲ သူ့စိတ်တွေ အားလုံးကို လျှော့ချခဲ့တာပါ။ နဒီကျေနပ်တယ် စိတ်ချမ်းသာသွား တယ်ဆိုတဲ့ ကြည်နူးမှုလေးကို မြင်တွေ့ရတယ်ဆိုရင်ပဲ သူ့အတွက်





ပြည့်စုံပြီလေ။

"မောင်လေးညို့"

"ဟုတ်ကဲ့ ပြောပါဒေါ်နု"

"အခုကိစ္စကို ဒေါ်နုကတော့ သိပ်ဘဝင်မကျဘူးကွယ်၊ ဒီကောင်လေးကိုဖြုတ်ပြီး တခြားအသစ်တစ်ယောက်ရွေးပြီး ခန့်လိုက်ပါလား"

"မဖြစ်ဘူး ဒေါ်နု၊ နဒီက သူ့ကို အလုပ်ခန့်ပြီးလို့ ခြံထဲကိုခေါ်လာပြီးပြီ၊ ဒါကို ကျွန်တော့်ဘက်က တစ်ခုခုပြင်ဆင်လိုက်ရင် သူ့စိတ်ထဲမှာ မျက်သွားလိမ့်မယ်၊ အစကတည်းကမှ ကျွန်တော်နဲ့ပတ်သက်ပြီး သူ့စိတ်တွေက ကြည်လင်တာမဟုတ်ဘူးလေ၊ ကျွန်တော့်ကို ပိုပြီး စိတ်ပျက်မုန်းတီးသွားမှာကြောက်တယ် ဒေါ်နု၊ ဒါကြောင့် ကျွန်တော် သူ့ဆန္ဒအတိုင်းပဲ လက်ခံပေးလိုက်တာပါ"

"မှားတယ် မင်းအရမ်းမှားတယ်၊ ဘာကြောင့် ဒီလို အတွေးမျိုး မင်းတွေးရတာလဲ လေးညို့၊ ချစ်တယ်ဆိုတဲ့ အတိုင်းအတာမှာ တရားသဖြင့်ဆိုတာထက်လွန်လာရင် မကောင်းဘူးကွ၊ ကောင်းကျိုးထက် ဆိုးကျိုးကပိုများတတ်တယ်၊ ချစ်လို့ အလိုလိုက်ရင် လိုက်သင့်တာကိုပဲ လိုက်တာ အကောင်းဆုံးပဲ၊ ပန်းသွန်းနဒီ

ကို မင်းချစ်တယ်၊ ပြီး ရအောင်ကြိုးစားခဲ့တယ်၊ မင်းရယူပိုင်ဆိုင် ထားတာ မတရားဘူးဆိုပြီး မင်းရဲ့စိတ်တွေကို မင်းက ပြန်ပြီး အပြစ်တင်နေတယ်၊ အဲ့ဒီအချက်ကြောင့်ပဲ အရာအားလုံးကို အလျှော့ ပေးဖို့ ပြင်ဆင်ခဲ့တယ်၊ အဲ့ဒါတွေအားလုံးက မင်းသိပ်ကိုမှားနေပြီ မောင်လေးညို့''

လေးညို့ ခေါင်းလေးစိုက်ကျသွားရသည်။

သိတာပေါ့။ ဒေါ်နုပြောတာတွေအားလုံးကို သူလည်း ခံစားနားလည်နေတာပါပဲလေ။

ခက်တာက နုဒီ။ နုဒီကိုချစ်မိတဲ့ အချစ်တွေက သူ့ခန္ဓာ ကိုယ် အသွေးအသားတွေထဲမှာ စီးဝင်နေတာ ဘယ်လိုပယ်ဖျက်ရ မလဲ။

နုဒီကို ရအောင်ယူခဲ့ပြီးပြီ။

သူမရဲ့စိတ်ဆန္ဒမပါဘဲ ဟာစ်ဖက်သတ် ချစ်ခြင်းတွေနဲ့ သူပိုင်ဆိုင်နိုင်အောင် ကြိုးစားခဲ့တာပါ။

ဒါကြောင့်လည်း နုဒီ့စိတ်ထဲမှာ ဒဏ်ရာနက်နက်တစ်ခုက စွဲထင်နေခဲ့၏။ အချစ်မရှိဘဲ ယောကျ်ားတစ်ယောက်ကို သူမ လက်ထပ်ခဲ့ရသည်။ ထိုယောကျ်ားရဲ့ဘဝထဲမှာ သူမရဲ့ အနာဂတ်





တွေအားလုံး မြှုပ်နှံခဲ့ရ၏။ သူမဘက်က ဒီလောက်တောင် ပေးဆပ် ထားတာလေ။

နုဒီ့ဆီက ဘာကိုမှ ဖွတ်အတင်းထပ်ပြီး ရယူချင်စိတ် မရှိတော့ပါဘူး။ သူမစိတ်တိုင်းကျ ပြန်ပေးဆပ်ဖို့ချည်းသာ သူ ဆုံးဖြတ်ထားမိသည်။

ဒါကြောင့်လည်း နုဒီခန့်လိုက်တဲ့ ကားဒရိုင်ဘာကို မနှစ်မြို့ပေမယ့် ကြည်ကြည်ဖြူဖြူပဲ လက်ခံခဲ့တာပေါ့လေ။

''မောင်လေးညို့''

''ဗျာ''

''ဒေါ်နုစကားကို နားထောင်ပါကွယ်၊ ဒေါ်နုက မောင်လေးညို့အတွက်ပဲ ပြောနေတာပါ၊ ဒေါ်နုရဲ့စေတနာကို မင်း အသိအမှတ်ပြုပေးပါ၊ တခြားဟာတွေ မင်းအလိုလိုက် အကြိုက် ဆောင်တာ ဒေါ်နုနားလည်ပါတယ်၊ ဒါပေမယ့် အခုကိစ္စကိုတော့ ပြင်ဆင်လိုက်ပါ မောင်လေးညို့ရယ်၊ မင်း တစ်နေ့နေ့ တစ်ချိန်ချိန် မှာ နောင်တမရချင်ဘူးဆိုရင် အခုကိစ္စကို စောစောစီးစီး အမုန်းခံ ပြီးဖြတ်လိုက်ပါ၊ ကောင်လေးကို နစ်နာကြေးလစာပေးပြီး ပြန်နိုင်း လိုက်ပါကွယ်၊ နော် မောင်လေးညို့''

ဒေါ်နုစကားကို လက်မခံနိုင်စွာပင် ခေါင်းလေးကို ဘယ်ညာခါယမ်းလိုက်မိသည်။

ပြဿနာက ကြီးထွားသွားမှာလေ။

နဒီ အရမ်းစိတ်ဆိုးသွားမှာ။

နဒီ့စိတ်တွေ သူ့ဆီရောက်လာအောင် ကြိုးစားနေခဲ့ကာလမှာ အခုလို အမုန်းပွားရမယ့်အဖြစ်မျိုး မဖန်တီးချင်။

ပြီးတော့။

ယုံကြည်မှု။

ကိုယ်လက်ထပ်ထားတဲ့ ဇနီးမယားတစ်ယောက်အပေါ်မှာ ယုံကြည်မှုအားနည်းပြီး သံသယတွေထားနေလို့ကတော့ တည်ထောင်ထားတဲ့ အိမ်ထောင်ရေးက သာယာပျော်ရွှင်စရာ ကောင်းလာတော့ပါ့မလား။

ပူလောင်မှုတွေနဲ့ပဲ အချိန်ပြည့် ရှင်သန်နေထိုင်ရတော့မှာ လေ။

နဒီဆိုတာကလည်း ခေတ်ပညာတတ် မိန်းကလေး တစ်ယောက်။ သူမရဲ့နှာမည်နဲ့ ဂုဏ်သိက္ခာကျဆင်းစေမယ့် မိုက်မဲမှု မျိုးကို ဘယ်သောအခါမှ လုပ်မှာမဟုတ်ဘူးလေ။





သူ့ကို ကျွန်တော်ယုံတယ်။

"မောင်လေးညို"

"ကျွန်တော် ဆုံးဖြတ်ထားပြီးသားကိစ္စတစ်ခုကို ပြန်မပြင်ချင်ဘူး ဒေါ်နု၊ ဒေါ်နုစိတ်ပူတာကို ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော့်အပေါ်မှာ အခုလိုစိတ်မျိုးထားတဲ့အတွက်လည်း ကျေးဇူး အရမ်းတင်ပါတယ် ဒေါ်နုရယ်၊ ဒါပေမယ့် အခုကိစ္စကိုတော့ ဒေါ်နု မေ့ပြစ်လိုက်ပါတော့၊ ဒေါ်နုရဲ့ အာရုံတွေထဲက ထုတ်ပစ်လိုက် ပါတော့ဗျာ၊ ကျွန်တော် နဒီ့ဆန္ဒအတိုင်းပဲ လုပ်ခွင့်ပြုပါ၊ သူ့စိတ် ချမ်းသာမှုကိုပဲ ကြည့်ပါရစေ ဒေါ်နုရယ်"

"သူ့စိတ်ချမ်းသာမှု ဟုတ်လား မောင်လေးညို၊ သူ့စိတ် ချမ်းသာဖို့ မင်းက စိတ်ဆင်းရဲမှုဒဏ်ကို ခါးစည်းခံတော့မယ်ပေါ့ လေ၊ မင်း မင်း အမှတ်မရှိတဲ့ကလေးပဲ၊ အတိတ်ကိုမေ့နေတယ်ဆို ပေမယ့် အခုလိုအလုပ်မျိုးကိုတော့ နောက်တစ်ကြိမ် အကျူးလွန် မခံနိုင်ဘူး၊ ဖြူစင်ဟန်တုန်းကလည်း အထပ်ထပ်အခါခါ သတိ ပေးနေပါလျက်နဲ့ ခေါင်းမာမာနဲ့ ဖွတ်တင်းခံခဲ့တာလေ၊ အဲ့ဒီလိုလုပ် ခဲ့ခြင်းရဲ့ အကျိုးကျေးဇူးတွေက ဘာတွေဖြစ်ခဲ့ရသလဲ မောင်လေး ညို၊ ဒါ ဒါတွေကို မင်းက အတိတ်မေ့ပြီး မမှတ်မိတော့ပေမယ့်

မှတ်မိနေတဲ့ ငါတို့က ရင်တစ်ခုလုံး မီးလောင်တိုက်ထဲရောက်နေ
သလိုပဲ ခံစားနေကြရတယ်၊ အခုလည်း မင်းရဲ့နောင်ရေးကိုတွေးပြီး
ရင်မအေးဖြစ်ရပြန်ပြီ၊ ဒီတစ်ခါတော့ မင်းကို ရအောင်တားဆီး
မှာပဲ၊ နောက်တစ်ကြိမ် ဘယ်လိုအမှားမျိုးကိုမှ အကျူးလွန် မခံတော့
ဘူး လေးညို့"

ဟင် ဒေါ်နု ဘာတွေပြောလိုက်တာလဲ။

ဖြူစင်ဟန်တုန်းကတဲ့။

အဲ့ဒါ ဘာအဓိပ္ပါယ်များလဲ။

စာကြည့်ခန်းထဲမှာ အခြေအတင် စကားပြောနေကြသော
ဒေါ်နုနဲ့ ကိုလေးညို့တို့နှစ်ယောက်ကို တံခါးရွက်နောက်ဘက်
အကွယ်လေးကနေ မသိမသာကလေး ချောင်းကြည့်နေတဲ့ ပန်းသွန်
နဒီတစ်ယောက် ရင်တွေ တဆတ်ဆတ်ခုန်ကာ စိတ်တွေ အလှု
ရှားကြီး လှုပ်ရှားနေရတော့သည်။

ညီမလေး ဘာအမှားတွေများလုပ်ခဲ့သလဲ။

ခွင့်လွှတ်နားလည်ပေးလို့မရအောင်ကိုပဲ အပြစ်တွေ
ကျူးလွန်ခဲ့သလား။

ပြီးတော့ ကိုလေးညို့။



သူကရော ညီမလေးရဲ့အမှားကို ဘယ်လို ပြစ်ဒဏ်မျိုး
ပေးခဲ့သလဲ။

စဉ်းစားရင်း ခေါင်းတွေမူးနောက်ကာ ချာလည်လည်ချင်
လာသည်။

မဖြစ်ဘူး။ သူမ ခိုးပြီးနားထောင်နေတာ သူတို့သိသွားလို့
မဖြစ်သေးဘူး။ သူမသိချင်နေတဲ့ အကြောင်းအရာတစ်ခုကို အခုချိန်
ထိ နဒီ မသိရသေးဘူးလေ။

ညီမလေးရဲ့သေဆုံးမှု။

တရားမျှတခြင်းရှိမရှိ။

သွေးရိုးသားရိုး သေဆုံးခြင်းဟုတ်မဟုတ်ဆိုတာကို သူမ
စုံစမ်းချင်သေးသည်။

ပန်းသွန်းနဒီတစ်ယောက် အနည်းငယ်ပွင့်ဟနေသော
စာကြည့်ခန်း၏ တံခါးနောက်ကွယ်လေးကနေ ခြေသံဖွဖွနင်းကာ
ထွက်ခဲ့လိုက်သည်။

အခန်းထဲပြန်ပြီး အနားယူဖို့သာ ဆုံးဖြတ်လိုက်၏။

ဒေါ်နုကတော့ သူ့ဆန္ဒကို အတိုက်အခံလုပ်ကာ တင်ပြနေ
ဆဲပင်ရှိသည်။

မဆိုးဘူး ဒီလိုကျတော့လည်း လေးညို့ဆိုတဲ့သူက ပြတ်သားလွန်းလှသည်။

နဒီ စိတ်ချမ်းသာရင်ရပြီတဲ့လေ။

ဘာရယ်မဟုတ်ဘဲ ထိုစကားသံလေးက သူမရင်ထဲ စူးနှစ်နှစ်လေး တိုးဝင်လာတာတော့အမှန်ပါ။

◆ ◆ ◆

## အခန်း (၁၆)

"ဒေါက်တာ"

"ဪ ကိုညီသုတ"

"ကျွန်တော်ကြည့်နေတာကြာပြီ ခြံထဲကဒါန်းလေးပေါ်မှာ ဒေါက်တာထိုင်နေတာ တစ်နာရီခွဲလောက်ရှိနေပြီ၊ ဘာဖြစ်လို့လဲဟင်၊ စိတ်ရှုပ်စရာတွေများ ရှိနေလို့လား၊ ဒေါက်တာမျက်နှာကိုကြည့်ရတာလည်း သိပ်မလန်းဆန်းသလိုပဲ၊ ဟိုလေ စပ်စုတယ်လို့မထင်နဲ့နော်၊ သတိထားမိတာကို ပြောပြတာပါ"

"ရပါတယ် ကိုညီသုတ"

"သုတလို့ပဲခေါ်ပါ ဒေါက်တာ"

"ဟုတ်ကဲ့ ကိုသုတ၊ ဒါနဲ့ ဒီခြံထဲမှာနေတာရော အဆင်

ပြေရဲ့လားဟင်၊ အဆင်မပြေတာရှိရင် ကျွန်မကိုပြောနော် အား
ပါနဲ့၊ ရှင့်ကို အလုပ်တစ်နေရာရာလောက် သွင်းပေးပါလို့ ဦးထ
မင်းက တောင်းဆိုတော့ ကျွန်မလည်း အဆင်ပြေမယ့်အလုပ်
ရှာပေးခဲ့ရတာလေ၊ ရှင်က ကားမောင်းတတ်တယ်လို့ပြော
မို့လား၊ ကျွန်မကလည်း ကားသာယောက်ျားဝယ်ပေးထားလို့ရှိ
မြို့ထဲလမ်းတွေမောင်းရမှာတော့ ရင်ထိတ်သားပဲလေ၊ သိပ်မှမကျွ
ကျင်သေးတာကိုး၊ ဒါကြောင့် ကိုယ့်အတွက်လည်း အဆင်ပြေ
ဆိုပြီး ဒီအလုပ်ကိုပေးခဲ့တာ"

"ရပါတယ် ဒေါက်တာ"

"နဒီလို့ပဲခေါ်ပါ၊ ဦးထက်မင်းဆိုတာ တစ်ချိန်က ကျွ
တို့သားအမိအပေါ်မှာ ကူညီစောင့်ရှောက်ခဲ့တဲ့ အိမ်နီးချင်းမိတ်
ကောင်းတစ်ယောက်လေ၊ ကိုယ့်ဘဝရပ်တည်ဖို့ ရေကြည်ရာ မြ
နရာကို ပြောင်းရွှေ့ရပေမယ့် ဒီလူတွေဟာ မေ့ထားလို့မရ
စိတ်ဓာတ်သိပ်ကောင်းတဲ့သူတွေပါ၊ မထင်မှတ်ဘဲ ပြန်တွေ့ရ
တောင် ကျွန်မက ဝမ်းသာနေတာလေ"

"ဦးလေးကလည်း နဒီတို့သားအမိအကြောင်း ပြော
တယ်၊ နဒီက စိတ်ကောင်းရှိတယ်၊ ရိုးလည်းရိုးတယ်၊ ကြိုးလည်





ကြိုးစားတယ်တဲ့လေ၊ ဆယ်တန်းမှာ ဂုဏ်ထူးငါးခုတောင်ပါတာတဲ့၊
နဒီကို သိပ်တော်တဲ့ မိန်းကလေးလို့ တဖွဖွကို ချီးကျူးနေတတ်တာ
လေ နဒီ"

"အဟင်း ဒါနဲ့၊ ကိုသုတက ဦးထက်မင်းနဲ့ ဘယ်လို
တော်စပ်တာလဲဟင်"

"ကျွန်တော်ဦးလေးလေ၊ ကွဲကွာနေကြတာကြာပါပြီ၊
ကျွန်တော်က နယ်ကနေရောက်လာတာ သိပ်မကြာသေးဘူးမနဒီ၊
ညီလေးဆီမှာကပ်နေပြီး လိုင်းကားတွေမောင်းတဲ့ အလုပ်ဝင်လုပ်
တာ၊ သိပ်အဆင်မပြေတာနဲ့ မနဒီနဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံ
ခဲ့ရပြီး အခုလို အလုပ်ကောင်းပေးခဲ့တာပဲဗျာ"

"သြော်"

"ဒါနဲ့ နဒီခင်ပွန်းကရော ကျွန်တော့်ကို အလုပ်ခန့်တာ
သဘောကျရဲ့လား"

"ကျပါတယ်၊ သူက ကျွန်မဆန္ဒတစ်ခုပဲ အရေးကြီးတာ
ပါ၊ ကျွန်မက အလုပ်ခန့်တယ်ဆိုရင် သူလက်ခံတာပဲလေ"

"နဒီ ကံကောင်းတာပဲ"

"ရှင်"

"ကိုလေးညို့လို ခင်ပွန်းမျိုးကို ပိုင်ဆိုင်ခွင့်ရထားလို့ သူကြည့်ရတာ နဒီကို တော်တော်လေးချစ်တဲ့ပုံပဲ၊ နဒီဆန္ဒအတိုင်း နားလည်မှုရှိပြီး ဖြည့်ဆည်းပေးတယ်ဆိုတာ တော်ရုံချစ်ခြင်းမေတ္တာ မှမဟုတ်တာပဲလေ၊ ယောကျ်ားလေးတော်တော်များများရဲ့ စိတ်ထဲ က အိမ်ထောင်ဦးစီးတစ်ယောက်ဆိုတဲ့ အရှိန်အဝါတွေနဲ့ ဆုံးဖြတ် ချက်တစ်ခုချပြီဆိုရင် ကိုယ့်ဆန္ဒအတိုင်းပဲ ဇနီးမယားတွေ လိုက်နာခိုင်းတတ်တာလေ၊ ကိုလေးညို့ကတော့ အဲ့ဒီလိုမျိုးမဟုတ် ဘူးနော်"

"ဪ အဟင်း၊ ဒါကတော့ အိမ်ထောင်ဦး အစပိုင်း သေးလို့ဖြစ်မှာပေါ့၊ သိပ်လည်းအထင်ကြီးမနေပါနဲ့ဦးရှင်"

"ကျွန်တော်ကတော့ ကိုလေးညို့ဟာ ဟန်ဆောင်ပြီး ကောင်းပြနေတဲ့လူတစ်ယောက်လို့ကို သံသယမရှိဘူး နဒီ၊ သူ့မျက် လုံးတွေက အရမ်းကိုဖြူစင်နေတယ်၊ လူလိမ်လူကောက် တစ်ယောက်ပုံစံတော့ လုံးဝကိုမဟုတ်ပါဘူးဗျာ"

"အမလေး ကြေငြာကောင်းနေလိုက်တာ၊ ရှင်လူမှားနေပြီ နော် သုတ၊ ရှင့်ကို အလုပ်ခန့်ခဲ့တာ ကျွန်မပါ"

"ဟုတ်ပါတယ် နဒီရာ၊ ကိုယ့်ကိုအလုပ်ခန့်ခဲ့တာ နဒီပါ





ပေမယ့် ကိုယ်က ငွေကြေးကြောင့်နဲ့ ဘက်မလိုက်တတ်ဘူး ထုံးစံဖြစ်နေတော့လည်း ပြင်လို့မရဘူးပေါ့ဗျာ ဟား ဟား"

"ဟင်း...ဟင်း"

ရယ်သံနုညက်ညက်လေးတွေက သင်းပျံ့သော ပန်းရနံ့ လေးတွေနှင့်အတူ ခြံဝင်းကျယ်ကြီးထဲတွင် ပျံ့လွင့်သွားသည်။

ခြံဝင်းထဲက ပုံရိပ်လေးတွေကို ပြတင်းမှန်တံခါးမှတစ်ဆင့် ဆီးလိုက်ကာလေးကိုဖယ်ကာ ကြည့်နေသော မျက်ဝန်းတစ်စုံ တော့ စိုးရိမ်ပူပန်မှုတွေက တနင့်တပိုးနှင့်ပါ။

ထိုလူကတော့ လေးညို့ပဲဖြစ်သည်။

"မောင်လေးညို့"

ဒေါ်နုခေါ်သံကြောင့် မျက်ဝန်းလေးတွေ စောင်းငဲ့ကာ ကြည့်မိသည်။

"တွေ့လား၊ တွေ့ပြီလား၊ သူတို့ရဲ့ ခင်မင်ရင်းနှီးမှုက ထင်တာထက်ပိုလွန်နေတာလေ၊ ဒါကြောင့် အစကတည်းက တားဆီးသင့်တာတားခဲ့ဖို့ ဒေါ်နုပြောတာပေါ့၊ အခုတော့ မင်းစိတ် တွေ ရှုပ်ထွေးဖို့ဖြစ်လာပြီလေ၊ ဘယ်လိုလုပ်ဖို့ စိတ်ကူးထားသလဲ မောင်လေးညို့၊ မင်းပေါ့ဆလို့တော့ မဖြစ်ဘူးနော် လေးညို့"

ဒေါ်နုက အစကတည်းက ပြောချင်နေတဲ့သူဆိုတော့ အကွက်ဝင်သွားတာပေါ့လေ။ လေးညို့ ဘယ်လိုမှ လှုပ်မရအောင် သတိတွေစွတ်ပြီးပေးနေတော့တာပါပဲ။ လေးညို့ ဘာစကားမှ ပြန်မ ပြောနိုင်။

ပြတင်းပေါက်မှန်ကနေသော ခြံကျယ်ကြီးထဲက ဒါန်းလေး ပေါ်တွင် နှစ်ဦးသား အတူထိုင်ပြီး စကားတွေပြောနေသော ညီသုတ ဆိုသည့် ဒရိုင်ဘာနှင့် ချစ်ရပါသော ဇနီးဖြစ်သူ ဒေါက်တာ ပန်းသွန်းနုဒီဆီကိုသာ စူးစူးနစ်နစ်လေး စိုက်ကြည့်နေမိတော့သည်။

"သူတို့ဆက်ဆံရေးကို အစကတည်းက ဒေါ်နု သတိ ထားမိခဲ့တယ်၊ သူတို့မျက်ဝန်းအကြည့်တွေက စိမ်းမနေဘူးလေ အခုမှ သိကျွမ်းပြီးအလုပ်ခန့်တဲ့ အလုပ်ရှင်နဲ့ အလုပ်သမားပုံစံ မဟုတ်ဘူး မောင်လေးညို့"

"ကျွန်တော်လည်း ရိပ်မိပါတယ်၊ ဒေါ်နု"

"ဘာ…မင်းလည်းရိပ်မိတယ် ဟုတ်လား"

"ဟုတ်တယ် ဒေါ်နု"

"အမလေး အံ့သြပါရဲ့ကွယ်၊ ရိပ်မိ…တောင် ဒီအတိုင်းပဲ ခြံထဲမှာ နေခွင့်ပေးခဲ့ရသလား၊ ချက်ချင်းထွက်သွားခိုင်းလိုက်တာ





…ဟုတ်ဘူးကွယ်"

သူ့မျက်ဝန်းတွေ ပြန်လည်ကာ ဒေါ်နုဆီ ရောက်သွားပြန် …သည်။

"ကျွန်တော် မောင်းထုတ်လိုက်ရင် နုဒီစိတ်ဆိုးမှာပေါ့ …ဒေါ်နု၊ နုဒီဘက်က လက်မခံဘူးဆိုတာ ဒေါ်နုလည်းမြင်တာပဲ …တာ၊ နုဒီ စိတ်အနှောင့်အယှက်ဖြစ်အောင် ကျွန်တော် မလုပ်ရက် …ဘူးဗျာ"

"ဒုက္ခပါပဲကွယ်၊ ဒါဆို အခု မင်း ဘယ်လိုဆုံးဖြတ်မှာလဲ …လေးညို့၊ ဆက်ပြီးစောင့်ကြည့်နေဖို့တော့ မင်း မင်း မကြိုးစား …လောက်ပါဘူးနော်"

"ကျွန်တော် နုဒီကိုသိပ်ချစ်တယ် ဒေါ်နုရယ်၊ နုဒီကို …ဆက်လွှတ်ဆုံးရှုံးလိုက်ရမှာ သေလောက်အောင်ကြောက်တယ်"

မြတ်စွာဘုရားရေ။ ဒီကလေး ရူးများရူးသွားပြီလား။

အချစ်တွေနဲ့ အချစ်ရူးရူးသွားတာပဲဖြစ်မည်။ အမှားအမှန် …ကိုတောင် ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိတရားကင်းဝေးသွားလောက် …အောင်ပဲ ဒေါက်တာပန်းသွန်းနုဒီက စိုးမိုးထားသတဲ့လား။

ဖြူစင်ဟန့်တုန်းကလည်း ဒီကလေး အလိုလိုက်ခဲ့တာပဲ။

ဖြူစင်ဟန်ဘာပဲလုပ်လုပ် အပြုံးလေးတွေနဲ့ပဲ ကြည့်နေတတ်၏။ နောက်ဆုံးတော့ ဖြူစင်ဟန်က ဆိုးရုံတင်မက မိုက်မဲလွန်းသော လုပ်ရပ်တွေကိုပင် လုပ်ဆောင်လာခဲ့သည်။

လိုက်ရှင်းရသူက မောင်လေးညို့။

မိန်းမဆိုတော့လည်း ပြစ်ပယ်ထားလို့ မသင့်တော်ပြန်။ အိမ်ထောင်ရေးကို မိန်းမဖြစ်သူက ထိန်းသိမ်းရမယ့်အစား ပြောင်းပြန်ဖြစ်ကာ ယောကျ်ားဖြစ်သူက လိုက်ထိန်းချုပ်နေရ၏။

ဘေးကမြင်ရသူက စိတ်မချမ်းသာစရာ။

သူများအိမ်ထောင်ရေးမို့ ဝင်လည်းမပြောရ။

စေတနာနဲ့ပြောပြန်လျှင်လည်း ဖြူစင်ဟန်က လက်မခံဘဲ ရိုင်းစိုင်းကြမ်းရှသော အသုံးအနှုန်းတွေနှင့် ပိတ်ပင်တတ်သေးသည်။

မောင်လေးညို့က အရက်ကြီးသူဆိုတော့ အိမ်တွင်းရေး အကြောင်း ပတ်ဝန်းကျင်သိမှာ ကြားမှာစိုး၍ လျှို့ဝှက်ဖုံးဖိထား လေလေ ဖြူစင်ဟန်က အားနည်းချက်ကိုထောက်ပြီး ဆိုးချင်တိုင်း ဆိုးလာတော့သည်။

ခုလည်း လာပြန်ပြီနောက်တစ်ယောက်။

ဒေါက်တာပန်းသွန်းနဒီ။





နာမည်လေးသာလှပြီး ရုပ်ရည်ချင်း အမူအကျင့်ချင်း။ အကြိုက်ချင်းပါတူသော ဖြူစင်ဟန်ကိုယ်ပွား ဒေါက်တာပန်းသွန်း ဒီဆိုတဲ့ မိန်းမချောလေ။

အစပိုင်းကတော့ ဟုတ်မလိုလိုနှင့်။

တစ်မျိုးအချိုးပြောင်းကာ ဖြူစင်ဟန့်ခြေရာအတိုင်း တစ်ထပ်တည်းပင် နင်းလာတော့သည်။

"ဒေါ်နု"

"ပြောလေ မောင်လေးညို့"

"အခုကိစ္စနဲ့ပတ်သက်လို့ နဒီကို ဘာမှမပြောနဲ့နော်၊ သူ စိတ်ချမ်းသာသလိုပဲ နေပါစေဒေါ်နု"

"ဘယ်…ဘယ်လို"

"ဟုတ်တယ် ဒေါ်နု၊ ဘယ်လိုပဲ စဉ်းစားစဉ်းစား၊ ကျွန်တော် သူ့ကိုအရမ်းချစ်တာ၊ ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာ တွေသာ ဖြူစင်မှန်ကန်တယ်ဆိုရင် ကျွန်တော့်အချစ်တွေနဲ့ ညီမျှတဲ့ တုံ့ပြန်မှုတစ်ခုတော့ သေချာပြန်ရမှာပါ၊ ကျွန်တော် ယုံကြည်နေ တယ် ဒေါ်နု၊ ဒါကြောင့် အချိန်အတိုင်းအတာတစ်ခုထိ သူ့ကို ပေးထားလိုက်တာသာ အကောင်းဆုံးပါပဲဗျာ"

ပြော်…မောင်လေးညို့ရယ်။

မင်းကတော့ တကယ့်ကို အချစ်သူရဲကောင်းကြီးပဲနော်။ မင်းရဲ့ကြီးမားတဲ့ ချစ်ခြင်းမေတ္တာကို သူတို့လေးတွေသာ အသိ အမှတ်ပြုခဲ့ယ်ဆိုရင် ဘယ်လောက်တောင်များ ပျော်ရွှင်ချမ်းမြေ့ စရာကောင်းလိုက်မလဲ။

အခုတော့။

ဒေါ်နုတစ်ယောက် ဘာစကားမှပင် ဆက်မပြောနိုင်တော့ ဘဲ ခြံဝင်းလေးထဲက လေညှင်းလေးခံပြီး အေးအေးလူလူ စကား ထိုင်ပြောနေကြတဲ့ ဒရိုင်ဘာကောင်လေး ညီသုတနဲ့ ဒေါက်တာ ပန်းသွန်းနဒီတို့ထံကိုသာ စူးစူးရဲရဲလေး စိုက်ကြည့်နေမိတော့သည်။

"ကျွန်တော့်ကိုနားလည်ပေးပါ ဒေါ်နုရယ်၊ ကျွန်တော် သူနဲ့မဝေးချင်လို့ပါ၊ သူ ဘာတွေပဲလုပ်လုပ် ကျွန်တော် ကြည်ဖြူ စွာနဲ့ ခွင့်လွှတ်နိုင်ပါတယ်၊ အရေးကြီးတာ သူ ကျွန်တော့်ကို မထားခဲ့ရင်ဘဲ ရပါပြီဗျာ"

အို ကလေးရယ်။ မထားခဲ့ရင်ပဲ ရပြီတဲ့လား။

ဖြစ်မှဖြစ်ရလေကွယ်။

မင်း အဲ့ဒီလောက်တောင် စွဲလမ်းသွားမယ်မှန်း ဒေါ်နု





ဆင်ခဲ့လို့ပါ။ အစကတည်းကသာ ဒေါ်နု ခေါင်းအေးအေးနဲ့ ... ်းစားမိခဲ့ရင် ဒီကနေ့လို စိတ်ရှုပ်ထွေးစရာနေ့ရက်မျိုးတွေ ရောက် ...မှတောင် မဟုတ်ပါဘူး မောင်လေးညို့ရယ်။

• • •

## အခန်း (၁၇)

"ဘာကိစ္စရှိလို့လဲ မောင်ညီသုတ"

"ဪ ဒေါ်နု၊ ကျွန်တော် ပန်းတွေလာပို့တာပါ၊ နဒီက ခြံထဲက နှင်းဆီပွင့်နည်းနည်းလောက် ခူးခဲ့ပေးပါဆိုလို့၊ အဲ့ဒါ"

"နဒီကဟုတ်လား"

"ဗျာ...ဟုတ်၊ ဟုတ်ကဲ့ခင်ဗျ"

"နေစမ်းပါဦး၊ မင်းကို အဲ့ဒီလိုခေါ်ဖို့ ဘယ်သူကခွင့်ပြုခဲ့တာလဲ၊ အလုပ်ရှင်နဲ့ အလုပ်သမားရဲ့ ဆက်ဆံရေးမှာ ရှိသေလေးစားမှုဆိုတာကတော့ ရှိကိုရှိနေရမှာလေ၊ ဒါကို မင်းလည်း နားလည်မှာပဲ မောင်ညီသုတ"

"ဗျာ"

"ဒေါက်တာပန်းသွန်းနဒီဆိုတာ ဒီခြံပိုင်ရှင်သူ
မောင်လေးညို့ရဲ့ဇနီး ဖြစ်တယ်ဆိုတာ မင်းသိထားပြီးသားပဲ
ကိုယ်မှီခိုနေထိုင်စားသောက်နေရတဲ့ အလုပ်ရှင်ကိုတော့ တ
တစား ဆက်ဆံသင့်တာပေါ့ကွယ်၊ အခုတော့ မင်းက နဒီ
ခေါ်ခေါ်အသုံးပြုတာတော့ အရိုအသေမဲ့လွန်းအားကြီးတယ်"

"ဟို ဒါ ဒါက ဒေါက်တာခေါ်ခိုင်းလို့ပါ ဒေါ်နု"

"သူခေါ်ခိုင်းတိုင်း လိုက်ခေါ်စရာမလိုပါဘူး၊ သူများ
ခေါ်ခဲ့တဲ့အတိုင်း လေးလေးစားစားပဲ ခေါ်ပြောဆက်ဆံပါ၊ ပြီး
အနေအထိုင်နဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်မှာ လက်ညှိုးထိုး
စေမယ့် အမူအယာမျိုး မလုပ်မိပါစေနဲ့ညီသုတ၊ မောင်လေးညို
စိတ်ကောင်းရှိတယ်၊ ဘာမှလည်းမပြောဘူးဆိုပြီး ကိုယ်နေချင်
နေမယ်တော့ စိတ်မကူးကြနဲ့၊ ဒီခြံမှာ အိမ်တော်ထိန်းဘာဝ
ယူထားတာက ကျုပ်ပဲ၊ အလုပ်သမားတိုင်း ကျုပ်စကားပဲနားထော
ပြီး လုပ်ကိုင်ရတယ်၊ အဆင်မပြေတာရှိရင်လည်း ကျုပ်သဘော
ဆန္ဒအတိုင်း အလုပ်ကနေ ထုတ်ခွင့်ရှိတယ် ညီသုတ၊ အလုပ်သ
တွေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုကို ကျုပ်ကပဲ အားလုံးတာဝန်
တာလေ၊ အလုပ်နေရာလေး မြဲချင်တယ်ဆိုရင်တော့ ကြိုးကြို





စားနဲ့ ဆင်ဆင်ခြင်ခြင်နေထိုင်ကြပေါ့"

"ဟို ကျွန်တော်က ဘာအမှားများလုပ်မိလို့လဲဟင်
ဒေါ်နု"

"မလုပ်ပါဘူး မင်း ဘာမှမလုပ်သေးပါဘူး၊ အေး ဒါပေ
မယ့် နောက်လည်း ဘယ်တော့မှ မလုပ်ဖို့ ကြိုသတိပေးထားတာ"

ညီသုတ။

ဒေါ်နုဆိုသော အိမ်တော်ထိန်းကြီးကို ခပ်စူးစူးလေး
စိုက်ကြည့်နေမိသည်။ ဒေါ်နု ဘာကိုဆိုလိုသလဲဆိုတဲ့ အဓိပ္ပါယ်
ကို ညီသုတက သိနေတာမဟုတ်လား။ ဒီတော့လည်း ကင်းလွတ်
လို့မရတဲ့ အနေအထားမှာဆိုတော့လည်း လက်ခံလိုက်နာဖို့ကိုသာ
ဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဒေါ်နု၊ ကျွန်တော်ဘက်က ဘယ်တော့မှ
အမှားအယွင်းဆိုတာ မရှိစေရပါဘူး၊ ဒေါ်နုစိတ်ချပါ"

"ဒါနဲ့ မင်းကို ငါပြောရဦးမယ်၊ ဒေါက်တာပန်းသွန်းနဒီ
က သူ့အသိမိတ်ဆွေတစ်ယောက်ရဲ့ မျက်နှာနဲ့ အလုပ်တစ်ခုပေးခဲ့
တယ်ဆိုပေမယ့်၊ မင်း ဘယ်မှာနေတယ်ဆိုတာ မသိရသေးဘူးလေ၊
ပြီးတော့ မင်းရဲ့မှတ်ပုံတင်ကဒ်လည်း ပေးထားဦး၊ ဧည့်စာရင်းတိုင်

ရင် မင်းနာမည်ပါထည့်ထားရအောင် ညီသုတ၊ အဲဒီတော့ မင်း
အိမ်လိပ်စာနဲ့ မှတ်ပုံတင်ကဒ်လာပေးပါ"

"ဟုတ်ကဲ့ ခင်ဗျ"

"ကဲ မင်း ပန်းလာပို့တာမဟုတ်လား၊ ငါ့ကိုပဲ ပေး
ညီသုတ"

"ဪ ဟုတ်ကဲ့ခင်ဗျ၊ ရော့ ဒီမှာပါ ဒေါ်နု သေ
လည်းကိုင်နော် စူးဆူးဦးမယ်"

"ရပါတယ်"

ဒေါ်နုလက်ထဲ ပန်းတွေထည့်ပေးခဲ့ပြီး ညီသု
တစ်ယောက် တိုက်အိမ်ကြီးထဲကနေ ကျောခိုင်းထွက်ခဲ့လိုက်သည်

စိတ်ထဲမှာတော့ သိပ်ပြီးဘဝင်မကျလှ။

ဒေါ်နုဆိုတဲ့ အိမ်တော်ထိန်းကြီးရဲ့ ဆက်ဆံမှုက ရင်း
လွှန်းလှသည်။ ဒီတိုက်ကြီးထဲမှာ ဘယ်လိုအခွင့်အာဏာပဲရ
သည်ဖြစ်စေ အလုပ်သမားအချင်းချင်း ကျောမောတာခံရသ
ကတော့ အတော့်ကိုခံရခက်လှ၏။

ပြီးတော့ သူ့ကိုကြည့်တဲ့ ဒေါ်နုရဲ့ မျက်ဝန်းအကြည့်
သံသယရိပ်တွေ စွန်းထင်းကာ မသိလျှင် သူကပဲ မဟုတ်တာတ

စိုးမိုးစာပေ



ကျူးလွန်ထားသူပုံစံမျိုး အထင်သေးရှုံ့ချနေတဲ့ မျက်ဝန်းအကြည့်
တွေ။

ဒေါ်နု ဘာတွေဖြစ်နေတာလဲ။

သူ့ကိုပြောဆိုဆက်ဆံတဲ့ လေသံက ခက်ထန်လွန်းလှ၏။
တစ်စုံတစ်ခု မကျေမနပ်ဖြစ်နေသလိုပင်။ ဒီအလုပ်ကို သူ့ဆန္ဒမပါ
နဲ့များ ခန့်ခဲ့လို့လား။ သူ့ကို အလုပ်ခန့်တဲ့နေ့ကဆိုလည်း မျက်နှာ
က သိသိသာသာ ပျက်နေတာလေ။

ပြီးတော့ ဒေါက်တာပန်းသွန်းနဒီ။

သူမကိုလည်း ဒေါ်နုသိပ်ကြည်ပုံမရ။

ကိုလေးညို့ မြှောက်စားထား၍ အခုလို မနိုင်မနင်းဖြစ်
ရတယ်ဟုပဲ အတွေးကရှိနေလို့လားမသိပါ။ နဒီကိုစိုက်ကြည့်
သာ မျက်ဝန်းအကြည့်များသည် ဒေါသရောင်တို့နှင့် စူးလက်နေ
ပါသည်။ ရန်သူတစ်ယောက်ကိုကြည့်သလို အခဲမကျေသည့်
အကြည့်မျိုးတွေနှင့်ပါ။

သို့သော် ဒေါက်တာပန်းသွန်းနဒီသည် ထိုမျက်ဝန်း
အကြည့်တို့ကိုမှ မမြင်ခဲ့ပါချေ။ သူမလုပ်ဆောင်လာသည့် အလုပ်
တို့အတွက်သာ ရှေ့တန်းတင်ကာ အသိပေးပြောဆိုနေခဲ့သည်။

စိုးမိုးစာပေ

ထိုအချိန်ကတည်းက ညီသုတစိတ်ထဲ တစ်မျိုးကြီးထင့်
ခဲ့၏။ သူ့ကို အလုပ်နေရာပေးခဲ့လို့များ ဒေါက်တာပန်းသွန်းနဒီအ
မှာ တစ်စုံတစ်ခု ပြဿနာများ ဖြစ်မလားဆိုပြီးတော့ပေါ့။

သို့ပေမယ့် ကိုလေးညို့က ထင်ထားတာထက်ပင် ဖနီး
သူအပေါ် နားလည်မှုပေးခဲ့သည်။ ဖနီးရဲ့ဆန္ဒအတိုင်းသာ ကြည်
စွာပင် ခွင့်ပြုခဲ့၏။ ကိုလေးညို့ရဲ့ ချစ်ခြင်းမေတ္တာကြီးမားပုံကတော
အံ့သြစရာပင် ကောင်းလွန်းလှပါသည်။

ကိုလေးညို့က တည်ငြိမ်ပေမယ့် ဒေါ်နုကတော့ ပန်းသွ
နဒီနှင့် သူ့ကို တစ်ခုခု သံသယစွန်းထင်းနေသလိုပါပဲ။

ခုလည်းကြည့်လေ။

နဒီက ခြံထဲက ပန်းခူးပေးဖို့ နိုင်းထားလို့လာပေးခြင်း
မျက်နှာထိမျက်နှာထားနှင့် ဟိန်းဟောက်နေ၏။

လူကြီးနဲ့လူငယ်ဆိုတော့လည်း သူ့ဘက်က ဘာမှမပြော
လိုပါ။ ပန်းတွေကို ထားရစ်ခဲ့ပြီး တိုက်ထဲကနေ ပြန်ထွက်လာ
မိသည်။ တိုက်ထဲကို အဝင်အထွက်လုပ်မှာ မလိုလားတဲ့ ဒေါ်
ကြောင့် ကြာကြာနေဖို့လည်း ညီသုတ စိတ်မကူးမိပါဘူး။

သွားဆိုတော့လည်း ထွက်လာရုံပဲပေါ့။





သူ့တာဝန်ကျေခဲ့ပြီဆိုရင်ပဲ ပြီးပြီလေ။

ခြံထဲရောက်တော့

"ဒါက ဘယ်ကနေလာတာလဲ၊ မင်း မင်း တိုက်ထဲက
ထွက်လာတာမဟုတ်လား ညီသုတ"

မေးလိုက်တာက ဦးမိုက်တီးပါ။

မျက်နှာထားကြီးကလည်း ခက်ထန်တင်းမာလို့။ အဆီပြန်
နေတဲ့ မျက်နှာမှာ ဒေါသရိပ်တွေထင်နေတာများ တစ်ယောက်
ယောက်ကို ထုတော့ရိုက်တော့မည့် ပုံစံကြီးပါ။

"ဟော့ မေးနေတယ်လေ"

"ဟုတ်တယ်"

"မင်းက တိုက်ထဲကို ဘာသွားလုပ်တာလဲ"

"ဗျာ"

"မင်း အလုပ်က ခြံထဲမှာပဲလုပ်ရတဲ့ အလုပ်ပဲဟာကို၊
ဘာကြောင့် တိုက်ထဲကထွက်လာရတာလဲလို့မေးနေတာ ညီသုတ"

ဘာတွေလဲ။ ဘာဖြစ်လို့ တစ်ယောက်ပြီးတစ်ယောက်က
နိုးရိမ်မှုတကြီးနဲ့ ရှိနေရတာပဲ။

တိုက်အိမ်ထဲကိုဝင်မိတဲ့ အဖြစ်ဟာ အံ့ဒီလောက်တောင်ပဲ

စိတ်ဝင်စားစရာအဖြစ်မျိုး ဖြစ်နေခဲ့ရသတဲ့လား။

ဒီလူတွေ ဘာဖြစ်နေကြတာလဲ။

အထူးသဖြင့် ဒေါ်နုနဲ့ ဦးမိုက်တီးပေါ့။

တိုက်ထဲ ခြေတစ်လှမ်းလေးပဲ ကျွံဝင်ရသေးသည် အား

ဖြူးဖြူးဖျာဖျာ ဖြစ်နေကြသည်။ ဘယ်လိုအတွေးမျိုးတွေနဲ့များ သူ

အခုလောက်ထိ ပူပန်နေကြပါလိမ့်။

ညီသုတ စဉ်းစား၍ပင်မရပါချေ။

"ဟေ့ကောင် မင်းနားမကြားဘူးလား၊ မင်းကိုမေး

တယ်လေကွာ"

"ဦးမိုက်တီး"

"ဘာလဲ"

"ကျွန်တော်က ဒီခြံပိုင်ရှင်သူဌေးရဲ့ ဇနီးဖြစ်တဲ့ ဒေါက်

ပန်းသွန်းနဒီက ကျေကျေနပ်နပ်နဲ့ အလုပ်ခန့်ထားတဲ့ အလုပ်သ

တစ်ယောက်ပါ၊ သူဌေးခိုင်းရင် ကျွန်တော့်ဘက်က တာဝန်ကျေ

လုပ်ဆောင်ပေးတယ်၊ အခုလည်း ကျွန်တော် အလုပ်ကိစ္စအတွ

ပြီးအောင် ဆောင်ရွက်လာတာလေ၊ ဒါကို တိုက်ထဲက ထွက်

တာလားလို့ မေးရလောက်အောင် ဘာလဲ ကျွန်တော်က ဒီတိုက်





င်လို့မရဘူးလား၊ ဒီခြံထဲမှာရှိတဲ့ အလုပ်သမားတိုင်း ခြံနဲ့တိုက်ထဲ

င်ချည်ထွက်ချည်နဲ့ ကိုယ့်ကို ခိုင်းစေထားတဲ့အလုပ်ကို တာဝန်

ကျေအောင် လုပ်ပေးနေကြတာ၊ ကျွန်တော့်အလှည့်ကျမှ ဘာကြောင့်

အထူးအဆန်း မေးမြန်းခံရတာ၊ တားဆီးပိတ်ပင်ခံနေရတာလဲဗျာ၊

ကျွန်တော် နားကိုမလည်နိုင်တော့ဘူး"

သူ့စကားကြောင့် ဦးမိုက်တီး မျက်ဝန်းနီနီကြီးတွေက

ခနဲ့ရောက်လာ၏။

"ဦးမိုက်တီး"

"ဘာလဲ"

"ဦးမိုက်တီးရော တိုက်ထဲ အဝင်အထွက်မလုပ်ဘူးလား"

ဟင်။

ညီသုတဆိုတဲ့ကောင်လေးရဲ့ အမေးကို ဦးမိုက်တီး ပြန်

ဖြေနိုင်။ သူကိုယ်တိုင်လည်း ဝင်ထွက်နေတာကိုး။

"ဦးမိုက်တီးရဲ့အလုပ်က ခြံစောင့်မာလီဆိုတော့ တိုက်ထဲ

င်ထွက်ဖို့ မလိုဘူးလေ၊ ဒါကြောင့် ဒေါ်နုက တားဆီးပြီး ဝင်ခွင့်

ပြုဘဲ ထွက်သွားခိုင်းသလားလို့မေးတာပါ"

ဦးမိုက်တီးမဖြေနိုင်။

ညီသုတတစ်ယောက် တမင်ညစ်ပြီး ပြန်မေးခွန်းတွေ
ထုတ်လိုက်တာလေ။

ကောင်းတယ်။

သူ့စကားနဲ့သူ ဘာပြန်ပြောရမှန်းမသိအောင် ဝိတ်မိနေ
လေ။ ညီသုတရင်ထဲကနေ ကြိတ်ပြီး သဘောတွေကျနေမိ
ဦးမိုက်တီး ဖော့ချေးတွေပြန်ကာ အကြပ်တွေ့နေလေလေ။ သူ
ထိုအခက်တွေ့နေတဲ့ ပုံစံကြီးကို တစိမ့်စိမ့်နဲ့ အရသာခံပြီး ကြည့်
နေမိလေလေပါပဲ။

"ဦးမိုက်တီး"

"ဘာလဲကွာ"

"ဒေါ်နုက အပျိုကြီးလားဟင်"

"ဘာကွ"

"အပျိုကြီးတွေဆိုတာ စိဇာကြောင်တတ်ကြတယ်
ကြားဖူးလို့ပါ၊ ဟိုဟာ ဒီဟာနဲ့ ဘာတွေဖြစ်နေမှန်းလည်း မသိဘူး
ဒါကြောင့် မေးကြည့်တာ"

"သူက အိမ်တော်ထိန်းတာဝန်ကို ယူထားရတဲ့သူပဲ
ဒီလောက်တော့ စီစစ်မှာပဲ၊ သူ့တာဝန်ကို စည်းကမ်းတကျ





ထိမ်းဆောင်တာလေ၊ သူ့ဘက်ကတော့ မှန်နေတာပဲ"

"ကျွန်တော်ကရော ဘာအမှားတွေလုပ်နေလို့လဲ၊ နဒီခိုင်း
လို့ သူ ခူးခိုင်းထားတဲ့ နှင်းဆီပန်းတွေ သွားပို့ပေးတာပဲဟာ၊
ကျွန်တော့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တာပဲလေ"

"ဒါကတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် တိုက်ထဲအဝင်
အထွက်လုပ်တာကိုတော့ မင်းဘက်က အတတ်နိုင်ဆုံး ရှောင်တာ
အကောင်းဆုံးပဲ"

"ဘာဖြစ်လို့လဲ ဦးမိုက်တီး"

"မင်းအလုပ်နဲ့မှ သိပ်မပတ်သက်တာ လူဆိုတာ ကိုယ့်
နေရာကိုယ်နေတာ အန္တရာယ်အကင်းဆုံးပဲ ညီသုတ"

ဟင်။

ဦးမိုက်တီး ဘာစကားပြောလိုက်တာလဲ။ သတိပေးနေ
တာလား။ ဒါမှမဟုတ်။ ခြိမ်းခြောက်နေတာလား။

ဦးမိုက်တီးဆီ သူကြည့်တော့ စိမ်းတောက်တောက်
မျက်ဝန်းတွေနှင့် ကြည့်ကာ နေရာလေးကနေ ချာခနဲနေအောင်
လှည့်ထွက်သွားတော့သည်။

◆ ◆ ◆

## အခန်း (၁၈)

"ရော့ နဒီ၊ ဒါ မင်းအတွက်"

ဟင် လက်ဝတ်ရတနာတွေ။

ပန်းသွန်းနဒီမျက်လုံးတွေ အရောင်တဖျပ်ဖျပ် လက်ထသွားရသည့်အထိ စိန်ထည်ရတနာပစ္စည်းတွေရဲ့ အလင်းရောင်က မီးချောင်းရောင်အောက်မှာ လက်ထနေတာလေ။

"ယူလေ နဒီ၊ မင်းဝတ်ဖို့ပေးတာ"

"ဒီ ဒီပစ္စည်းတွေက"

"ကိုယ့်ပစ္စည်းတွေပါ နဒီ"

ဟာ သူ့ပစ္စည်းတွေတဲ့။

ဒါ ဒါဆို။ သူ ဟန်ဆောင်နေတာပေါ့။

သူ ကောင်းကောင်းကြီး လူတွေကို လိမ်ညာလှည့်စားနေတာပေါ့လေ။ အတိတ်မမေ့ပါဘဲ အတိတ်မေ့ချင်ယောင်ဆောင်နေတာပေါ့။

ဘုရား ဘုရား။

ပန်းသွန်းနဒီစိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ကြောက်ရွံ့မှုတို့က ခန္ဓာကိုယ်လေးအနှံ့သို့ ပျံ့နှံ့လာကြတော့သည်။

ဘာကြောင့်လဲ။

သူ့မှာ ဘာအကြံအစည်တွေရှိနေလို့ အခုလိုလုပ်နေရတာလဲ။ ပန်းသွန်းနဒီ မစဉ်းစားတတ်ပါ။ သူမ လက်တွေ့ကျကျ သိတာက အတိတ်မေ့ဝေဒနာသည် လုံးဝမဟုတ်ဘူးဆိုတာပါပဲ။

“နဒီ”

“ဟင် အဲ ရှင် ကိုလေးညို့”

“ဘာဖြစ်နေတာလဲ နဒီ၊ အသံက တုန်ရီရီနဲ့”

“ဟို ဟို ကျွန်မ ကျွန်မ စိတ်လှုပ်ရှားသွားလို့ပါ၊ ဒီလောက်တန်ဖိုးကြီးတဲ့ လက်ဝတ်ရတနာတွေကို မြင်တွေ့ဖူးတာ ကျွန်မဘဝတစ်သက်တာလုံးမှာ ဒီတစ်ခါပဲရှိတယ် ကိုလေးညို့”

ပန်းသွန်းနဒီတစ်ယောက် ရတနာပစ္စည်းတွေကို သေချာပင် ကိုယ်တွယ်ကြည့်မိသည်။

သေချာပါတယ်။ ဒီပစ္စည်းတွေပါပဲ။ မှတ်မိတာပေါ့။ ကျွန်မ သေချာမှတ်မိတာပေါ့။

“နဒီ”

“ရှင်”

“နဒီကြိုက်လားဟင်”

“ရှင်မို့မေးရက်တယ် ကိုလေးညို့ရယ်၊ ဒီလိုရတနာပစ္စည်းမျိုး ဘယ်မိန်းကလေးက မကြိုက်ဘူးလို့ ငြင်းမှာလဲ ကိုလေးညို့ရယ်”

“ဟာကွာ ဝမ်းသာလိုက်တာ၊ မင်း မကြိုက်မှာ ကိုယ်က အရမ်းစိတ်ပူနေတာ”

“ကြိုက်ပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေကို ကျွန်မ မလိုချင်ဘူး ကိုလေးညို့”

“ဗျာ”

“လက်မခံနိုင်ဘူးလို့ပြောတာပါ”

“နဒီ”

“ဟုတ်ပါတယ် ကိုလေးညို့၊ ကျွန်မ မလိုချင်ဘူး၊

ပါကြောင့် ရှင့်ပန္နည်းတွေ ရှင်ပဲ ပြန်သိမ်းထားလိုက်ပါ”

“ဟာ မဟုတ်တာ၊ နဒီဝတ်ဖို့ ကိုယ်ပေးတဲ့လက်ဝတ်လက်စားပါ၊ မင်းစိတ်သန့်သန့်နဲ့ ဝတ်သင့်တယ်နဒီ၊ ကိုယ့်ရဲ့စိတ်ချမ်းသာမှုကို ဘာတစ်ခုမှ မလိုက်လျောရင်တောင် ဒီတစ်ခုကိုတော့ လိုက်လျောပေးပါနဒီရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွာ”

“ဝမ်းနည်းပါတယ် ကိုလေးညို၊ ကျွန်မ လက်မခံနိုင်ပါဘူး၊ ရှင်သိထားဖို့က ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီး သူ့ဘဝထဲမှာနေတာ ရရှိလာမယ့် အကျိုးအမြတ်ကို မျှော်ကိုးလို့ဆိုတဲ့ လက်ညှိုးထိုး ကဲ့ရဲ့မှုကို ကျွန်မမာနတွေက အဖြစ်မခံကြလို့ပါ၊ အဲ့ဒီအတွက် ရှင်ဘက်ကပဲ ကျွန်မကို နားလည်ပေးပါကိုလေးညို”

တည်တင်းနေသော မျက်နှာထားလေးနှင့်အတူ ပြတ်သားစွာ ငြင်းပယ်နေတဲ့ နဒီကိုကြည့်ပြီး လေးညို့ရင်ထဲ တဆစ်ဆစ်နာကျင်နေရသည်။

ဘာကြောင့် အဲ့ဒီလောက်တောင် သူ့အပေါ်မှာ စိမ်းသက်နေရတာလဲ။ သူ့အချစ်တွေကို အခုချိန်ထိ နားလည်ပေးဖို့ သူမဘက်က မကြိုးစားနိုင်ရတာလဲဆိုတာ စဉ်းစား၍ပင်မရပါ။





အစစအရာရာ သူ့ဘက်က အလျှော့ပေး ချော့မော့နေပါလျက် သူမဘက်ကတော့ တင်းမာသထက် တင်းမာနေတာပါလား။

သူမပြောခဲ့သလိုပဲ။

အမုန်းတွေနဲ့ပဲ လက်ထပ်ခဲ့တာဆိုသည့်အတိုင်းပင် အနေက စိမ်းလွန်းအားကြီးသည်။ သူ့ဘက်ကစေတနာ မေတ္တာတွေဘယ်လောက်ပဲထားထား သူမဘက်က တုံ့ပြန်မှုကတော့ ထာဝရအေးစက်စက်နိုင်ခြင်းတွေပါပဲ။

ပန်းသွန်းနဒီရယ် ကျေပါတော့ကွာ။ ကိုယ်က အရှုံးပေးနေတဲ့သူပါ ပန်းသွန်းနဒီရယ်။

အများကျူးလွန်တယ်ဆိုပေမယ့် အဲ့ဒီအများအတွက် ကိုယ့်ဖက်က အတတ်နိုင်ဆုံး ပြန်ပြီးပေးဆပ်နေတာပဲလေ။

ခွင့်လွှတ်သင့်ပါပြီ နဒီရာ။

“နဒီ”

“ပြောပါ”

“ကိုယ့်ကို အခုချိန်ထိ ခွင့်မလွှတ်နိုင်သေးဘူးလားဟင်နဒီ”

နဒီမဖြေမိ။ တိတ်ဆိတ်စွာပင် ငြိမ်သက်နေမိသည်။

"ကိုယ်ဘယ်လိုတောင်းပန်မှ နဒီ စိတ်ဆိုးပြေမှာလဲကွာ ကိုယ့်ကိုပြောပါ နဒီရယ်၊ ကိုယ်တောင်းပန်ပါ့မယ်၊ အခုလို အေးစက်တဲ့ ဆက်ဆံမှုကြီးနဲ့တော့ ရှေ့ဆက်ပြီး ကိုယ့်ကို မနှိပ်စက်ပါနဲ့တော့ နဒီရယ်၊ ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်ကွာ ကိုယ် တကယ်မခံစားနိုင်တော့လို့ပါ"

ကိုလေးညို့ပုံစံက တကယ်ပဲ သည်းမခံနိုင်တော့သည့်ပုံပါ။

ခက်တယ် ကိုလေးညို့ရယ်။

ရှင်ထင်မှတ်ထားသလို ခပ်ညံ့ညံ့မိန်းကလေးတစ်ယောက်မှ မဟုတ်တာ သိပ်ခက်တယ်ရှင်။

ရှင်သိထားဖို့က ရှေ့ကိုဆက်ပြီး ဟန်ဆောင်ပြနေလည်း အပိုပဲဖြစ်နေပြီဆိုတာပဲ။

ရှင့်အကြောင်းကို ကျွန်မသိနေပြီဆိုတာ ရှင် သိများသိရင် ဘယ်လောက်များ တုန်လှုပ်သွားမလဲဟင်။

"နဒီ"

"ပြောပါ ကိုလေးညို့"

"ကိုယ့်အချစ်တွေကို ဘဝတစ်သက်တာလုံး နားလည်ပေးဖို့ မကြိုးစားဘဲနေတော့မလား နဒီရယ်"

သူမနေရာလေးကနေ ထရပ်လိုက်သည်။

အဲ့ဒီစကားသံတွေကို ထပ်ကြားချင်စိတ်လည်း မရှိတော့ဘူးလေ။

"နဒီ"

"ကျွန်မ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တယ်၊ ကိုလေးညို့"

"နေပါဦး နဒီရယ်၊ ကိုယ့်စကားတွေကို ခဏလေး ထပ်ပြီး နားထောင်ပေးပါဦးကွာ"

"ထူးလာမှာမှမဟုတ်တာပဲ ကိုလေးညို့ရယ်"

"ဘယ် ဘယ်လိုနဒီ"

"ရှင်ကလည်း ရှင့်ကိုနားလည်ခွင့်လွှတ်ပေးဖို့ပဲ တောင်းဆိုမှာလေ၊ ကျွန်မကလည်း လိုက်လျောနိုင်မှာမဟုတ်ဘူးဆိုတော့ ကျွန်မတို့နှစ်ယောက်ကြားက ဆွေးနွေးမှုဟာ ဘယ်တော့မှ အဆင်ပြေလာမှာမှမဟုတ်တာ၊ ဒီတော့ ကိုယ် စိတ်အေးချမ်းဖို့အတွက် နေတတ်သလိုနေတာသာ အကောင်းဆုံးပဲ ကိုလေးညို့၊ ကဲ ကျွန်မ ခြံထဲဆင်းပြီး လေညှင်းခံလိုက်ဦးမယ်၊ ရှင် ခွင့်ပြုဦးနော်"




ဝိုး : မိုး : စာပေ

ပန်းသွန်းနဒီတစ်ယောက် ပြောပြီးတာနှင့် ချက်ချင်းပဲ အခန်းထဲက ထွက်လာခဲ့မိသည်။ သူမစိတ်တွေ တအားကို မွန်းကြပ် ပိတ်လှောင်နေရပြီလေ။

ကိုလေးညှို့က အတိတ်ကို မေ့ချင်ဟန်ဆောင်နေတယ်ဆို တာကို သူမသိလိုက်ရပြီ။

ဘာကြောင့်လဲ။

သူ ဘာဖြစ်လို့ အခုလိုလုပ်နေရတာလဲ။

ပြီးတော့ သူမကိုရော။ သူမကို ဘယ်လိုအကြံအစည်တွေ သိမ်းပိုက်ခဲ့တာလဲ။ ဘာရည်ရွယ်ချက်တွေနဲ့လဲ။

ထောင်ချောက်တစ်ခုလား။

ဒါဟာ။

လျှို့ဝှက်တဲ့ ထောင်ချောက်တစ်ခုပဲလား။

ဒေါက်တာ ပန်းသွန်းနီဒီဆိုတဲ့ သူမဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို သိနေတဲ့အတွက်ကြောင့်များ အခုလို အကွက် ဆင်ခဲ့တာလား။ သူ့အတွက် အန္တရာယ်နဲ့ရလို့ အမဲလိုက်ကနေသား ကောင်ဖြစ်သွားအောင် လုပ်ပစ်လိုက်တာလား။

အခုချိန်မှာ သူမက သူ့ရဲ့တရာဝင်ဇနီးတစ်ယောက်





ဖြစ်နေခဲ့ပြီ။ အဆိုးဝါးဆုံးအချက်က သူမခန္ဓာကိုယ်မှာ တွယ်ကပ် နေတဲ့ ကိုလေးညှို့ရဲ့ ရင်သွေးလေး။ အသိမပေးသေးပေမယ့် သူမ ကိုယ်တိုင် သိနေရသည်။ ပြောင်းလဲသော ခံစားချက်တွေကြောင့် ရှေ့ဆက် ဘယ်လိုလျှောက်လှမ်းရမလဲပင် မသိတော့ပါ။

ညီမလေး ဖြူစင်ဟန် (ခေါ်) ပန်းယွန်းနဒီအတွက် သူမ အသည်းအသန် ရှာဖွေနေတဲ့ အမှန်တရားတစ်ခုအတွက် ဘယ်လို ဆက်လုပ်ရမှန်းပင် မသိတော့ချေ။

တစ်ယောက်တည်း အတွေးတွေနှင့်အတူ စိတ်ထွက် ပေါက်တွေ ကင်းမဲ့ကာ ရူးသွပ်ချင်လာသည်။

ခြိုထဲဆင်းခဲ့မိ၏။

တေ့ခနဲတိုက်ခတ်လိုက်တဲ့ လေနုအေးက သူမခန္ဓာကိုယ်ကို တိုးဝှေ့သွားပေမယ့် မအေးချမ်းနိုင်လောက်အောင် လူတစ်ကိုယ်လုံး ပူလောင်လောင်ကြီး ဖြစ်နေရသည်။

ဖြူစင်ဟန် ငါဘယ်လိုလုပ်ရမလဲဟင်။

သူဟန်ဆောင်နေတာ။

ဒါပေမယ့် ရှင်အတိတ်မေ့ချင်ဟန်ဆောင်နေတာလို့ ငါ လက်ညှိုးထိုးပြီး မပြောခဲ့နိုင်ဘူးဟာ။

ငါ့စိတ်တွေ တကယ်ပဲ တွေဝေနေရပြီ ဖြူစင်ဟန်။

ငါ ငါလေ။

အဟင့် ဟင့်။

ဟင့် ဟင့်။

• • •



## အခန်း (၁၉)

"ကျွန်မ ဘယ်လိုလုပ်ရမလဲ ကိုညီသုတရယ်၊ ကျွန်မ ဘာဆက်လုပ်ရတော့မလဲဟင်၊ သူက အတိတ်မေ့ချင်ယောင်ဆောင်နေတာ၊ တကယ်တော့ သူအားလုံးကို သိနေတယ် ကိုညီသုတရယ်၊ အဟင့် ဟင့်"

"မငိုပါနဲ့ နဒီ၊ စိတ်ကိုအေးအေးထားပါဗျာ၊ အခု ဘာတွေပြောနေတာလဲ၊ ဘယ်သူက အတိတ်မေ့ချင်ယောင်ဆောင်နေတာလဲ နဒီ၊ ကျွန်တော့်ကို သေချာပြောပြပါ၊ ကျွန်တော်ကူညီနိုင်သမျှ နဒီကို ကူညီမှာပါ၊ အဲ့ဒါကိုတော့ နည်းနည်းလေးမှ သံသယဝင်လိုက်ပါနဲ့၊ ကျွန်တော့်ကိုယုံပါ နဒီ၊ ကျွန်တော်က မနဒီနဲ့ ရင်းနှီးပြီး ဒီခြံထဲကိုဝင်လာရတဲ့သူပါ၊ မနဒီဘက်ကပဲ ရပ်တည်

ပေးမှာပါဗျာ"

အို။

အားပေးစကားက ရင်ကို လှုပ်ရှားစေရာပါ။

ပန်းသွန်းနုဒီတစ်ယောက် အားကိုးတကြီးပင် ညီသုတ

မော့ကြည့်လိုက်မိသည်။

"ပြောပြပါ နုဒီ၊ တစ်ယောက်တည်း ကြိတ်ပြီးဖြေ

ကြိုးစားနေတာထက် နှစ်ယောက်ရဲ့ဆုံးဖြတ်ချက်က အဆင်ပြေ

လေး ရှိနိုင်မှာပါဗျာ"

"ကိုညီသုတ"

"ဟုတ်ကဲ့ ပြောပါနုဒီ"

"ကိုလေးညို့ကလေ အတိတ်မေ့နေတာမဟုတ်ဘူး

မေ့ချင်ဟန်ဆောင်နေတာ"

"ဗျာ ဘယ်လို ဘယ်လို"

"ဟုတ်တယ် ကိုညီသုတ၊ သူ အတိတ်မေ့ချင်ဟန်ဆော

နေတာ"

"နေ နေပါဦး နုဒီ၊ နုဒီက ဘာကိုကြည့်ပြီး အ

ဆုံးဖြတ်နိုင်တာလဲ၊ ဆေးပညာအရကြည့်ပြီး ပြောတာ





တစ်ဖက်သားကို စွပ်စွဲတယ်ဆိုရင် အကြောင်းအရင်းခိုင်လုံမှ ဖြစ်မယ်

ဒီ၊ မဟုတ်ပဲ ပါးစပ်ကနေ လျှောက်ပြောရင်တော့ ပြဿ နာ

ကြီးအကျယ်တက်ရလိမ့်မယ်၊ ကျွန်တော်က အရေးမကြီးဘူး

ဒီ၊ ဒီအလုပ်ကပြုတ်သွားရင်လည်း တခြားအလုပ်မှာ သွားလုပ်

ိုင်ရှာဖွေစားလို့ရတယ်၊ အဓိက နုဒီ အိမ်ထောင်ရေးပဲ၊ နုဒီမှာ

ိုယ်ဝန်ရှိနေတယ်မဟုတ်လား နုဒီ"

"အို ရှင် ရှင်က ဘယ်လိုလုပ်ပြီး သိနေတာလဲ

ိုညီသုတ"

"အခုတလော အမူအယာ တစ်မျိုးဖြစ်နေလို့ပါ၊

ကျွန်တော်နဲ့ ကားအတူတူစီးနေတဲ့အချိန်မှာ နုဒီက သတိလက်လွတ်

ပေမယ့် ကျွန်တော်ကတော့ အမြဲသတိထားတတ်တယ်လေ၊

ားပြောရင်း တံတွေးတပစ်ပစ်ထွေးတတ်တာ၊ ရှေ့ကားက မီးခိုး

 အူထွက်နေတာရှူမိပြီး အနံ့မခံနိုင်ဘဲ အော့အန်နေတတ်တာ၊

ီးတော့ အစားအသောက်ပျက်လို့ ငြီးငြူနေတတ်တာတွေကို

ပ်စပ်ကြည့်လိုက်ရင် ဆရာဝန်တစ်ယောက်မဟုတ်လည်း

 းတတ်ပါတယ် နုဒီရယ်"

မြတ်စွာဘုရား။

ဒီလူက အဲ့ဒီလောက်တောင်ကို အသေးစိတ် ဝေဖန်ပိုင်းခြားတတ်တဲ့ သူတဲ့လား။ ဘာပဲပြောပြော အမှုလို လည်လည်ဝယ်ဝယ် ထက်ထက်မြက်မြက်ရှိတာကတော့ ကောင်းပါသည်။

"ဟုတ်တယ် ကိုညီသုတ၊ ဒါကြောင့်လည်း ကျွန်မမှာ အခက်အခဲ အကြပ်အတည်းထဲပိုပြီး ကျရောက်နေရတာပေါ့ရှင်"

ပန်းသွန်းနဒီတစ်ယောက်။

သူမအဖြစ်အပျက်တွေအားလုံး အသေးစိတ်ကအစ ရင်ဖွင့်တိုင်ပင်လိုက်မိသည်။

ဒီခြံထဲ သူမစပြီး ရောက်ရှိလာရသည့် အကြောင်းအရာကစပြီးတော့ပါ။

ညီသုတကတော့ သူမပြောပြနေသမျှကို သေချာနားထောင်ကာ ခေါင်းလေး တဆတ်ဆတ်ညိတ်နေ၏။ သူ့မျက်ဝန်းတွေထဲမှာ အရောင်တစ်မျိုး လက်ဖြာနေခဲ့သည်။ ထိုအရောင်၏ အဓိပ္ပါယ်ကိုတော့ ပန်းသွန်းနဒီ ဖော်ဆောင်ဖို့မစဉ်းစားမိပါ။

အခုအချိန်မှာ ကိုညီသုတကို သူမ ယုံကြည်အားကိုးမိတော့မည်လေ။ ဘာပဲပြောပြော ကိုညီသုတဆိုတာ သူမနဲ့ မိသားဝင် တစ်ယောက်မခြား ခင်မင်ရင်းနှီးခဲ့ဖူးတဲ့ အိမ်နီးချင်းနေခဲ့ဖူးသော





အန်ကယ်ဦးထက်မင်းရဲ့ တူဝမ်းကွဲတော်သူတစ်ယောက်လေ။

ကိုညီသုတကို အလုပ်ခန့်အပ်ခဲ့တာလည်း နဒီကိုယ်တိုင်ပါပဲ။ ဒါကြောင့် ဒီခြံကြီးထဲမှာရှိနေတဲ့သူတွေအားလုံးထက် ကိုညီသုတသာလျှင် သူမအတွက် အယုံကြည်ရဆုံးလူတစ်ယောက်ဖြစ်သည်။

"နဒီ"

"ရှင်"

"နဒီ စောစောကပြောတဲ့အထဲမှာပါတယ်နော်၊ ဖြူစင်ဟန်သေဆုံးမှုဟာ မရိုးသားဘူးဆိုတာ"

"ဟုတ်ကဲ့"

"ဖြူစင်ဟန်နဲ့ နဒီက ညီအစ်မတွေလား နဒီ"

"ရှင်"

"ဟုတ်တယ်လေ၊ ရုပ်ဆင်းခွဲမရအောင်တူတယ်ဆိုတာရယ်၊ ဖြူစင်ဟန်သေဆုံးမှုနဲ့ပတ်သက်ပြီး နဒီက ကိုလေးညို့အပေါ်မှာ သံသယရှိနေတယ်ဆိုတာကို တွေးကြည့်ကတည်းက နဒီနဲ့ဖြူစင်ဟန်ဟာ အမြွှာပူးညီအစ်မတွေပဲဖြစ်မှာပါ"

"အင်း…ရှင်ကတော့လေ၊ တကယ့်ကို စစ်ဆေးရေး

ဘက်မှာ ထူးချွန်တာပဲ၊ ရှင်စုံထောက်လုပ်စားပါလားဟင်၊ ဘာဖြစ်လို့ ကားဒရိုင်ဘာ လုပ်စားနေရတာလဲ ကိုညီသုတ"

"အဟွန်း ဟွန်း၊ နဒီကတော့ လုပ်တော့မယ်ဗျာ၊ ပညာမသင်ခဲ့ရတာ၊ လက်မှုပညာပဲ အားကိုးစားနေရတာပေါ့ဗျ၊ ရှင်းနေတဲ့ဟာကို"

"ကဲ ထားပါတော့၊ ရှင်ပြောတာ မှန်ပါတယ်၊ ကျွန်မတို့က ဆယ့်ငါးမိနစ်ပဲခြားပြီး မွေးခဲ့တဲ့ ညီအစ်မတွေပါ ကိုညီသုတ၊ ညီမလေးက အဖေနဲ့ပါသွားတာလေ၊ နဒီကတော့ အမေနဲ့ကျန်နေရစ်ခဲ့တယ်၊ ကျွန်မတို့နှစ်ယောက် မထင်မှတ်ဘဲ ပြန်ဆုံတွေ့ပြီး ညီအစ်မတွေဆိုတာ သိခဲ့ရတာပါ၊ ဝမ်းသာပျော်ရွှင်နေလို့မှမဆုံးသေးဘူး အခုလို သတင်းဆိုးကြီးကို ကျွန်မ ကြားခဲ့ရတာပဲလေ၊ သွေးရိုးသားရိုးလို့ အားလုံးကထင်ပေမယ့် ကျွန်မဆီကို သူမသေခင်ညက ဆက်ခဲ့တဲ့ ဖုန်းတစ်ချက်ကြောင့်ပဲ ကျွန်မ လက်ခံယုံကြည်ဖို့ အားတွေကင်းမဲ့သွားခဲ့ရတယ်၊ ဒီကိုရောက်အောင် လာခဲ့တာ ကျွန်မ ညီမလေးအတွက်ပါ"

"ကျွန်တော် စာနာနားလည်နိုင်ပါတယ် နဒီ၊ အခုအချိန်မှာ နဒီအတွက်တော့ အင်မတန်မှ စိတ်ရှုပ်ထွေးစရာပဲဆိုတာ ကျွန်တော်





စားပေးလို့ရနေပါတယ်၊ ဒါနဲ့ ကိုလေးညို့ကို အတိတ်မေ့ချင်ဟန်ဆောင်နေတာလို့ပြောတယ်နော်၊ နဒီက ဘာကို သတိထားမိလို့ပြောရတာလဲ၊ ခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုတော့ရှိမှဖြစ်မယ်"

"ရှိတယ် ကိုညီသုတ"

"ဟုတ်ကဲ့ ပြောပါနဒီ"

"ဒီနေ့ သူ ကျွန်မကို လက်ဝတ်လက်စားရတနာပစ္စည်းတွေပေးတယ်"

"အင်း"

"အဲ အဲ့ဒီပစ္စည်းတွေကို သူမပေးခင်ကတည်းက ကျွန်မတွေ့ထားပြီးသားလေ"

"ဗျာ ဘယ် ဘယ်လို"

"ဟုတ်တယ် ကိုညီသုတ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်မ အိမ်ပြန်နောက်ကျပြီး အခန်းထဲဝင်တော့ ကြမ်းခင်းတွေကို သူခေါက်ကြည့်နေတာ ကျွန်မမြင်လိုက်ရတယ်၊ မသင်္ကာဖြစ်မိပေမယ့် သူ့စကားကြောင့်ပဲ မသိဟန်ဆောင်နေပြခဲ့တယ်လေ"

"ဟုတ်ကဲ့ ပြောပါနဒီ"

"ကျွန်မလည်း အဲ့ဒီနေ့ကစပြီး အလုပ်တစ်ခုကို ကြိတ်ပြီး

လုပ်ခဲ့တယ် ကိုညီသုတ၊ အဲ့ဒါ ကြမ်းခင်းပါကေးအကွက်တွေကို လက်နဲ့ တစ်နေ့တစ်နေ့ မှတ်သားပြီး ခေါက်ကြည့်တတ်ခဲ့တာပဲ ပေါ့၊ ကျွန်မရဲ့ကြိုးစားမှုက အလကားမဖြစ်ပါဘူး၊ သုံးရက်မြောက် နေ့မှာပဲ ပါကေးကွက်တစ်ကွက်ရဲ့ ထူးခြားမှုကို ကျွန်မ တွေ့ခဲ့ရ တယ်၊ အဲ့ဒီအကွက်က ကျွန်မအိပ်တဲ့ ကုတင်အောက်မှာရှိတာနဲ့ တော့ ကျွန်မလည်း သူခဏလေးလစ်တာနဲ့ ကော်ထုတ်ကြည့်တော့ အထဲမှာ အံဝှက်ကလေးလိုဖြစ်နေပြီး အထဲမှာ ရတနာထုပ်တစ်ထုပ် ကိုတွေ့ခဲ့ရတယ်လေ၊ အဲ့ဒီရတနာပစ္စည်းတွေက စောစောက ကျွန်မ ဝတ်ဖို့အတွက်ဆိုပြီး လာပေးတဲ့ ကိုလေးညို့လက်ထဲက ရတနာ ပစ္စည်းတွေပါပဲ၊ သူ သိနေလို့သာ သစ်ကွက်ကို လိုက်ခေါက်ကြည့် နေတာပေါ့၊ သူ ဒီအထဲမှာ ဝှက်ထားတယ်ဆိုတာ မှတ်မိနေလို့ပေါ့ ကိုညီသုတ၊ ရှင်းနေတာပဲဟာ"

"အင်း ဟုတ်တယ် နဒီ၊ နဒီပြောစကားအရဆိုရင်တော့ သံသယရှိစရာကောင်းနေပြီ၊ ဒါပေမယ့် အခုအချိန်မှာ ဖော်ထုတ် လိုက်ဖို့ကတော့ မဖြစ်သေးဘူးနဒီ၊ ဒီထက် အချိန်နည်းနည်းထပ် ယူပြီး စောင့်ကြည့်မှကောင်းမယ် ထင်တယ်၊ နိုင်လုံမှ လုပ်တာ အကောင်းဆုံးပဲ နဒီ၊ မဟုတ်ရင် နဒီရဲ့ရည်မှန်းချက်တွေ ပျက်ဆီး





ပြီး နောက်ဆုတ်လိုက်ရမယ်၊ ပြီးတော့ ကိုလေးညို့ဆိုတာက နဒီ ရင်သွေးလေးရဲ့ ဖခင်တစ်ယောက်လေ"

အို။

နဒီ ခေါင်းလေးငုံ့စိုက်ကျသွားရပြီ။

ဝမ်းနည်းနင့်သည်းမှုတွေက ရတ်ချည်း ရင်ထဲတိုးဝင် လာကြ၏။ မျက်ရည်ကြည်လေးတွေ ပါးပြင်နှစ်ဘက်ပေါ် တစ်ပေါက်ပေါက် စီးကျလာကြသည်။

ဖခင်တဲ့။

နဒီရင်သွေးလေးရဲ့ဖခင်တဲ့။

နဒီဘာလုပ်ရမလဲ။

လူ့လောကထဲကိုရောက်မလာသေးတဲ့ သားသမီးအတွက် ဖခင်မဲ့အောင် ရှေ့ဆက်တိုးရမလား။ ဒါမှမဟုတ် အရာအားလုံး ပြီးပါစေတော့ဆိုပြီးပဲ ပြည်ဖုံးကားချရတော့မလားလေ။

"အဟင့် ဟင့်"

"ကျွန်မ ကျွန်မဘယ်လို လုပ်ရမလဲ ကိုညီသုတရယ် အဟင့် ဟင့်"

ငိုမိပြီ။

ဘာကိုမှမရှက်နိုင်တော့။

အခက်အခဲတွေက လူတစ်ကိုယ်လုံး လှုပ်မရအောင်ကိုပဲ လေးပိနေခဲ့တာကို။

"အဟင့် ဟင့်"

"နဒီ"

"နဒီရယ် ကျွန်တော် တကယ်ပဲ စိတ်မကောင်းပါဘူးဗျာ"

ညီသုတတစ်ယောက် ဝမ်းနည်းစွာ ရှိုက်ငိုနေသော ဒေါက်တာပန်းသွန်းနဒီပါးပြင်လေးပေါ်မှ မျက်ရည်များကို ဖယ်ရှားပေးရင်း တိုးတိတ်စွာပင် ဖြေသိမ့်စကားဆိုမိသည်။

"ဟင်"

ထိုစဉ် ခပ်လှမ်းလှမ်းမှ ပန်းချီတစ်ခု ဖျတ်ခနဲလှုပ်ခါသွား၏။

ဒါကို ညီသုတ သေချာမြင်တွေ့လိုက်တာပါ။

ပန်းသွန်းနဒီကတော့ နောက်ကျောဘက်ပေးထိုင်နေတာမို့ မမြင်ချေ။ သေချာမြင်တွေ့သူက ညီသုတပင်ဖြစ်သည်။

လူရိပ်တစ်ခုပဲ။ ဘယ်သူများလဲ။





သေချာတာကတော့ ပန်းသွန်းနဒီနှင့် သူ့အခြေအနေကို ချောင်းမြောင်းနေခြင်းပင်။

အခြေအနေကတော့ သိပ်မကောင်း။

သို့ပေမယ့် မိန်းကလေးဖြစ်တဲ့ ပန်းသွန်းနဒီကိုတော့ သူမပြောမိပါ။

အိမ်ထဲဝင်ဖို့အတွက်သာ တိုက်တွန်းလိုက်မိပါတော့သည်။

◆ ◆ ◆

## အခန်း ( ၂၀ )

နဒီမှာ ကိုယ်ဝန်ရှိနေပြီတဲ့။

ကြည့်စမ်း။

ဒီကောင်မလေး ဘယ်အချိန်ထိတောင်များ သူ့ကို အသိမပေးဘဲ ဖုံးကွယ်ထားဖို့ စိတ်ကူးနေပါလိမ့်။ ဒီလိုကိစ္စမျိုးဆိုတာ သူမ လျှို့ဝှက်ထားလို့ မပေါ်တော့မယ်အရာမှ မဟုတ်တာ။

ကလေးဆန်လိုက်တဲ့ကောင်မလေးပဲ။

ဆေးမှတ်တမ်း စာအုပ်ကိုသာ ရှာမတွေ့ပါက သူ လုံးဝကို သိခွင့်ရမှာမဟုတ်သေးပါ။ သူမအဝတ်ဘီဒိုအံဆွဲထဲ ရတနာပစ္စည်းထုပ်ကို ထည့်ထားမလို့ စိတ်ကူးကာ ဖွင့်လိုက်တော့မှပဲ ပန်းသွန်းနဒီနာမည်နဲ့ လူနာမှတ်တမ်းကို သူရှာတွေ့လိုက်တာပါ။

စစချင်းကတော့ စိုးရိမ်စိတ်နှင့်အတူ လေးညို့ရင်တစ်ခု
လုံး ထူပူသွားရသည်။ အသိမိတ်ဆွေ ဆရာဝန်ဆီ ဖုန်းဆက်ပြီး
ဆေးစာအုပ်ကို ဖတ်ခိုင်းတော့မှပဲ အမှန်တရားကို သိခွင့်ရခဲ့၏။

ကိုယ်ဝန်ရှိနေတာတဲ့လေ။

သွေးအားတော့နည်းနေတယ်တဲ့။ စိုးရိမ်စရာမဟုတ်ပေ
မယ့် အအိပ်အစားလေးကိုတော့ ဂရုစိုက်ပြီးစားခိုင်းပါတဲ့လေ။
ပြီးတော့ အလေးအပင်တွေမမဖို့ သေချာမှာနေသည်။

ခေါင်းလေးတဆတ်ဆတ်ညိတ်နေရင်းကနေ မျက်နှာကြီး
ပြုံးဖြီးကာ ရင်တစ်ခုလုံး လှိုက်ခါမတတ် ဝမ်းသာပျော်ရွှင်နေရ
က လေးညို့ရယ်ပါ။

သားသမီးဆိုတဲ့စကားက သူ့ရင်ကို ဘယ်လောက်များ
တောင် လှုပ်ခတ်သွားစေခဲ့ပါသလဲ။

ပြီးတော့ နဒီနဲ့ သူ့ကြားက အိမ်ထောင်ရေးပြဿနာ။

ဒါကို အကောင်းဆုံးဖြေရှင်းပေးနိုင်မည့် ဘက်တော်သား
တစ်ဦး သူ့ဘက်က ခိုင်ခိုင်မာမာ ရပ်တည်ပေးဖို့ ရောက်လာခဲ့ပြီ
လေ။

နဒီ နဒီ။





ဒါကြောင့် အခုတလော ပုံစံလေး တစ်မျိုးဖြစ်နေတာကို။

နဒီရယ် ကျေးဇူးတင်ပါတယ်ကွာ။

အခုလို ကိုယ့်အတွက် ငဲ့ညှာပြီး ကလေးကို အန္တရာယ်
မပြုတဲ့အတွက် မင်းကို အထူးပဲ ကျေးဇူးတင်ပါတယ် နဒီရယ်။

"ဒေါ်နု"

"ဒေါ်နု ကြားလား၊ ကြားတယ်မဟုတ်လားဟင်၊ နဒီမှာ
ကိုယ်ဝန်ရှိနေပြီတဲ့၊ ကျွန်တော့်ရင်သွေး ကျွန်တော့်ရဲ့ကိုယ်ပွားလေး
ရှိနေပြီတဲ့ ဒေါ်နု၊ ဆရာဝန်ပြောတာကို ဒေါ်နု သေချာကြားလိုက်
တယ် မဟုတ်လား၊ ဟား ဟား ဝမ်းသာလိုက်တာကွာ၊ ဝမ်းသာ
လိုက်တာ၊ ကျွန်တော် ကလေးအဖေဖြစ်တော့မယ်ဗျ၊ ဒေါ်နု ဟား
ဟား"

အူလိုက်သည်းလှိုက်ရယ်မောနေတဲ့ မောင်လေးညို့။

ပျော်ရွှင်နေလိုက်တာများ မိုးမမြင်လေမမြင်ပါ။ အင်းပေါ့
လေ။ ဒီအသက်အရွယ်ရောက်နေပြီဆိုတော့လည်း သားသမီးဆိုတဲ့
ချည်ထုံးလေးတစ်ခုကိုတော့ အားကြီးမာန်တက် မျှော်လင့်တောင့်
တနေရှာမှာပေါ့လေ။

ဖြူစင်ဟန်နဲ့မှ သားသမီးကမရခဲ့တာ။

ဒါကလည်း ဖြူစင်ဟန်ကြောင့်ပါပဲ။

ကလေးရှိရင် အလုပ်များတယ်။ အလုပ်ရှုပ်တယ်ဆို

ဆေးတွေသုံးစွဲခဲ့၏။ အပျော်အပါးမက်မောတာကိုး။ က

ဘယ်လိုချင်ပါ့မလဲ။ သွားချင်တိုင်းမသွားရမှာစိုးလို့ ကြိုတင်

ကွယ်တားဆီးခဲ့တာလေ။

တော်တော်ဆိုးသွမ်းတဲ့ မိန်းကလေး။

နဒီကတော့ ဖြူစင်ဟန်လိုမတားခဲ့။ ကိုယ်ဝန်ရှိနေပြီ

ခက်တာက မောင်လေးညို့ရဲ့ ကိုယ်ဝန်ဖြစ်နိုင် မဖြ

ဆိုတာပါပဲ။ ဆရာဝန်ရှေ့မှာမို့သာ ဒေါ်နုက မောင်လေးညို

ဂုဏ်သိက္ခာအတွက်ကိုကြည့်ပြီး မပြောချင်တာ။ စိတ်ထဲမှာ

လက်ခံယုံကြည်နိုင်မှု အင်မတန်မှ နည်းပါးခဲ့သည်။

"ဒေါ်နု"

"ပြောလေ မောင်လေးညို့"

"နဒီ နဒီကို ကျွန်တော်သိနေတဲ့အကြောင်း မပြော

ဦးနော်၊ တော်ကြာနေ ရှက်ရွံ့ထူပူပြီး တစ်ခုခုလုပ်လိုက်မှ ကျွန်

ရင်တွေ အပိုင်းပိုင်းအစစ ကွဲရမှာဗျ၊ ဒီအတိုင်းပဲနေပါလေ

သူဖွင့်ပြောလာမယ့်အချိန်ကိုပဲ ကျွန်တော် စောင့်မျှော်နေလိုက်





သော် ဒါနဲ့ အခုတလော အစားအသောက်ပျက်နေတယ်တဲ့၊ သူ

တွင်းတွေစေမယ့် အစားအစာတွေ ချက်ပေးဖို့လည်း စီစဉ်ထားဦး၊

ခု ထမင်းဟင်းချက်တဲ့သူက ဘယ်သူလဲ ဒေါ်နု"

"ရွှေနှင်းဆီပါ"

"ဘာနှင်းဆီပဲဖြစ်ဖြစ် မနက်ဖြန်ကစပြီး လစာငွေပေးပြီး

အလုပ်ထုတ်လိုက်တော့၊ သူ့လက်ရာမကောင်းလို့သာ နဒီ အစား

ျက်တာပေါ့၊ တခြားဟင်းချက်တစ်ယောက် ပြောင်းခန့်လိုက်

ဒေါ်နု"

မြတ်စွာဘုရား။

ကိုယ်ဝန်ဆောင်သည် အစားအသောက်ပျက်တာနဲ့ပဲ

က ဟင်းချက်သမားကို အပြစ်တင်ကာ လူသစ်ပြောင်းခိုင်းနေ

ပြီ။

ခက်တယ်။ ဒီကလေးနဲ့ ခက်တော့တာပါပဲ။

အဲ့ဒီလောက် အလိုလိုက်နေမှတော့ ဟိုက ရောင့်မတက်ပဲ

နေပါတော့မလား။ တကယ်ပဲ စဉ်းစားစဉ်ခြင်ဉာဏ်မရှိတဲ့

ကောင်လေးပဲ။

"ဒေါ်နု"

"ပြောလေ မောင်လေးညို့"

"နဒီက သွေးအားနည်းနေတယ်လို့ပြောသွားတယ်နော်
ဒီနေ့ညစာဟင်းကို အားရှိပြီး သွေးအားတက်စေမယ့် ဟင်းလျာ
မျိုးတွေကို ပြင်ဆင်ခိုင်းလိုက် ဒေါ်နု"

ဒေါ်နု ခေါင်းမညိတ်နိုင်။

တစ်ယောက်တည်း ရူးသွပ်ချင်တိုင်း ရူးသွပ်နေ
လေးညို့ကိုသာ စိတ်မကောင်းသည့် မျက်ဝန်းတွေနှင့် စိုက်ကြည့်
မိသည်။

"ဒေါ်နု ဘာကြောင့်ကြည့်နေတာဗျ၊ ကျွန်တော်မှာ
ကြားရဲ့လား"

"အေး...အေးပါကွယ်၊ ကြားပါတယ်၊ မောင်လေး
စိတ်ချပါ၊ ဒေါ်နု အားလုံးအဆင်ပြေအောင် စီစဉ်လိုက်ပါ
ကွယ်"

ခေါင်းသာညိတ်ရတာ စိတ်ထဲကတော့မပါ။

ဒေါ်နုမယုံဘူးလေ။

ပန်းသွန်းနဒီဆီမှာရှိနေတယ်ဆိုတဲ့ ကိုယ်ဝန်
မောင်လေးညို့ရဲ့ ရင်သွေးဆိုတာ ဒေါ်နု ဘယ်လိုမှ မယုံကြည်





ပါဘူး။

လိမ်တာ။

ပန်းသွန်းနဒီညာနေတာ။

ဖခင်အစစ်အမှန်က ဘယ်သူလဲဆိုတာကို ဒေါ်နုသိနေ
ပြီးပြီ။

မောင်လေးညို့ကိုတော့ မပြောတော့ပါဘူး။

ဒီကောင်လေးက ပန်းသွန်းနဒီကို သိပ်ချစ်တာလေ။ သူ့
အနားမှာနေပေးတာလေးကိုပဲ ကျေနပ်နှစ်သိမ့်နိုင်နေတဲ့သူ။ ဒေါ်နု
အမျိုးမျိုး စည်းရုံးပြီး နားဝင်အောင် ချော့မော့သေးတာပါပဲ။ ရကိုမရ
တာလေ။

အခုလည်း ကလေးအတွက်နဲ့ မိုးမမြင်လေမမြင်နိုင်အောင်
ပျော်ရွှင်နေပြန်ပြီ။ တစ်ခါမှ အခုလို ရွှင်လန်းတက်ကြွနေတဲ့ ပုံစံ
လေးကို မမြင်ဖူးလို့လားမသိ ဒေါ်နု မဖျက်ဆီးချင်ပါ။

ဒါကြောင့်ပဲ ဒီအတိုင်းလေးပဲ လွှတ်ထားပေးပြီး
စောင့်ကြည့်နေလိုက်တာပေါ့။

မောင်လေးညို့အခန်းထဲကနေ အေးဆေးစွာပင် ပြန်ထွက်
လာခဲ့လိုက်သည်။

"မနု မနု"

အိမ်နောက်ဖေး မီးဖိုခန်းသို့သွားမည့် ခြေလှမ်းတွေက နောက်ဘက်ဆီမှခေါ်သံကြောင့် တုန့်ခနဲရပ်ကာသွားရသည်။

"စောစောက ဒေါက်တာရန်နိုင်ထွန်းကား မဟုတ်လား မနု၊ ဘယ်သူ ဘာဖြစ်လို့လဲဟင်၊ မောင်လေးညို့ တစ်ခုခုဖြစ်တာ များလားဟာ"

"မဖြစ်ပါဘူး ကိုမိုက်တီး"

"ဒါဆို ဆရာဝန်ကို ဘာဖြစ်လို့ ဖုန်းဆက်ခေါ်ရတာလဲ ဟာ၊ ကားခြံဝမှာရပ်တာတွေ့လိုက်တာ လူက ရင်ကို ဒိတ်ခနဲ သွားတာပဲ၊ တခြားမဟုတ်ပါဘူး မောင်လေးညို့များလားဆို စိတ်ပူလို့"

"မဟုတ်ပါဘူး ကိုမိုက်တီး၊ ကိစ္စက သတ်သတ်ပါ"

"ဘာလဲဟ၊ နင့်စကားကလည်း"

"ကိုမိုက်တီး"

"ပြော"

"ဒေါက်တာပန်းသွန်းနဒီမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဘာ ဘာပြောတယ် မနု"





"ဟုတ်တယ် ကိုမိုက်တီး သူ ဘီဒိုအံဆွဲထဲက ဆေးမှတ်တမ်းစာအုပ်ကို မောင်လေးညို့က ရှာတွေ့သွားလို့ စိတ်ပူပြီး ဆရာဝန်ကတော့ ဆေးမှတ်တမ်းကိုဖတ်ပြီး သေချာပြောပြသွားတာပဲ"

"ဒါ ဒါဆို"

"ကျုပ်တို့ ကောင်းကောင်းကြီး အညာခံနေရပြီ ကိုမိုက်တီး"

"ဘာလဲ နင့်စကားအဓိပ္ပါယ်က ဘာလဲဟ၊ ငါ့ကိုလည်း သေချာရှင်းပြပါဦး၊ ငါက တဲ့ထိုးမှသိတာနော်၊ အရိပ်ပြလို့ အကောင်မမြင်တတ်ဘူး မနု"

"အဲဒီ ဒေါက်တာပန်းသွန်းနဒီရဲ့ ကိုယ်ဝန်က မောင်လေးညို့နဲ့ရတာ လုံးဝမဖြစ်နိုင်ဘူး ကိုမိုက်တီး"

"ဘာ ဘာပြောတယ် မနု"

"ကျုပ် လုံးဝယုံကြည်လို့မရဘူး ကိုမိုက်တီး၊ ဒါကို ရှင်လည်း နားလည်ခံစားတတ်မှာပါလေ"

"မနု နင် နင်ဆိုလိုတာက"

"ညီသုတပဲ"

ဟာ။

ဦးမိုက်တီးတစ်ယောက် ပါးစပ်အဟောင်းသားကလေး ဖြစ်အောင်ပင် အံ့သြမှင်သက်နေရတော့သည်။

"ကိုမိုက်တီး"

"မဟုတ်တာ မနုရာ၊ နင့်အသံ တိုးတိုးပြောစမ်းပါ၊ တခြားအလုပ်သမားတွေကြားသွားရင် ပတ်ဝန်းကျင်ကို သတင်းပေါက်သွားတော့မှာပဲ၊ မောင်လေးညို့ရဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်လေ"

"အဲ့ဒါနဲ့ပဲ ကျုပ်တို့က ဒီအတိုင်း လက်ခံပေးရမှာပဲလား ကိုမိုက်တီး၊ ရှင်က အဲ့ဒီလို ပုံစံမျိုးကိုကြိုက်လို့လား"

"မနု"

"ရှင်သေချာပြန်စဉ်းစားကြည့်စမ်း ကိုမိုက်တီး၊ မောင်လေးညို့က တကယ့်ကို စိတ်ထားဖြူစင်ပြီး ဖြောင့်မတ်တဲ့သူရှင့်၊ ဒီလိုကလေးကိုမှ သင်းတို့က လှည့်စားဖို့ ကြိုးစားကြတာရှင်ကတော့မသိဘူး၊ ကျွန်မကတော့ လုံးဝကို သည်းမခံနိုင်တော့ဘူးရှင်"

"မနု"

စိုးမိုးစာပေ



"ရှင်"

"တကယ်ပဲလား"

"ဘာကိုလဲ"

"ညီသုတကလေးဆိုတာလေ"

"သံသယဖြစ်စရာကိုမလိုတာ"

တောက်။

ဦးမိုက်တီးတစ်ယောက် အံကို တင်းနေအောင်ပင် ခဲကြိတ်ထားလိုက်မိသည်။

ညီသုတကလေးတဲ့လေ။

ဒါဆို သူဘာဆက်လုပ်သင့်သလဲဆိုတာ ဦးမိုက်တီး ဆုံးဖြတ်ချက်ချလို့ ရသွားချေပြီ။

"မနု"

"ရှင်"

"ငါသွားတော့မယ်"

"အင်း"

ဒေါ်နု ခေါင်းပဲညိတ်ပြလိုက်၏။

သိတယ်လေ။

စိုးမိုးစာပေ

ကိုမိုက်တီးတစ်ယောက် ဒေါသအိုးတွေ အကြီးအကျယ် ပေါက်ကွဲနေတယ်ဆိုတာကိုပေါ့။

အဟင်း ဟင်း။

ဟင်း ဟင်း။

ဟား ဟား။

ဟား ဟား။

◆ ◆ ◆



## အခန်း (၂၁)

"နဒီ…ပေး…ပေး အဲဒီဆွဲအိတ် ကိုယ့်ကိုပေး"

"ရပါတယ်၊ ကျွန်မဘာသာသယ်မှာပေါ့"

"ဟာကွာ…မဟုတ်တာ၊ ပေးပါဆိုနေမှ"

သူမလက်ထဲက ဆွဲအိတ်ကို ဖွတ်အတင်းပင် လုယူကာ ဝိုင်းကူဆွဲပေးဖို့ ကြိုးစားသူက လေညှို့ရယ်ပါ။

ဒီကနေ့မှ ထူးထူးခြားခြား ဘာစိတ်ကူးတွေပေါက်ပြီးတော့များ သူမပြန်အလာကို တိုက်တံခါးပေါက်ဝကနေ သူစောင့်မျှော်နေတာပါလိမ့်။

ခြံထဲ ကားလေးမောင်းဝင်လိုက်သည်ဆိုလျှင်ပဲ သူ့ကို တိုက်ပေါက်ဝမှာရပ်ပြီး သူမရဲ့ကားလေး ထိုးရပ်အလာကို မျှော်ကြည့်နေတာ တွေ့ရသည်။

သို့ပေမယ့် သူမကို ဆီးကြိုဖို့ သူစောင့်နေတာဟုတော့ မထင်မိပါ။ တိုက်ထဲမှာနေရတာ ငြီးငွေ့လို့များ အပြင်မှာထွက်ပြီး ရပ်နေတာလားဟုပဲထင်မိ၏။

နောက်မှ သူမထိုင်ခုံဘေးက ကားတံခါးကို ဆွဲဖွင့်ပေးတော့မှပဲ သူမ ပြန်လာတာကို စောင့်နေမှန်း ရိပ်မိခဲ့ရသည်။

တားဆီးနေတဲ့ကြားကနေ ဆွဲအိတ်ကို သူက သယ်သွားသည်။ သူ့လုပ်ရပ်ကြောင့်လည်း နဒီမှာ အံ့သြမှင်သက်နေမိရာမှ ခြေလှမ်းသွက်သွက်လှမ်းလျှောက်ကာ နောက်ကနေလိုက်သွားမိသည်။

"နဒီ အိတ်ကလည်း လေးလိုက်တာကွာ၊ အထဲမှာ ဘာတွေများ အဲ့ဒီလောက်တောင် ထည့်ထားရတာလဲ နဒီ"

"အစုံပဲပေါ့ရှင် စာအုပ်တွေရော၊ စာရွက်စာတမ်းတွေရော ပြီးတော့ အသုံးလိုတဲ့ပစ္စည်းအားလုံး စုထည့်ထားတာ၊ တော်ကြာနေ မေ့မှာစိုးလို့လေ၊ ဒါကြောင့် ရှင့်ကို မသယ်ပါနဲ့လို့ပြောတာပဲ"

"ကိုယ်က ဒီလောက်အတွက် အေးဆေးပါ၊ မင်းအတွက် သာပြောနေတာ၊ ဒီလောက်လေးလံတဲ့အိတ်ကို တစ်နေ့တစ်နေ့ သယ်သယ်သွားနေလို့ပြောတာ နဒီ၊ နောက်ဆိုရင်တော့ ဒီဆွဲအိတ်





ကိုင်နိုင်းဖို့ မင်းအတွက် လူတစ်ယောက်ထည့်ပေးဦးမှဖြစ်မယ်"

မြတ်စွာဘုရားရေ။

ဒီလူ စိတ်မှကောင်းသေးရဲ့လား။

ဆွဲအိတ်ကို နေ့တိုင်းလိုလို သူမ သယ်ဆောင်သွားတတ်တာထုံးစံပါ။ ဒါကို ဒီကနေ့မှ ဘာတွေစတန့်ထွင်ပြီး လာစိုးရိမ်ပူပန်ပြနေတာပါလိမ့်။

နဒီဖြင့် နားတောင်မလည်တော့ချေ။

"နဒီ"

"ပြော"

"ရော့ ရေအေးအေးလေးသောက်လိုက်ဦး"

ရေခဲသေတ္တာထဲက ရေသန့်ဗူးတစ်လုံးကို ထုတ်ယူကာ ဖန်ခွက်လေးထဲ ငှဲ့ထည့်နေတဲ့ သူ့ကို သူ့ဘာသာသောက်ဖို့အတွက်များလားဟု ထင်နေတာ။ သူမကိုတိုက်ဖို့ ဖြစ်နေသည်။

"နဒီ ရော့လေ၊ ရေသောက်ပြီး အေးအေးဆေးဆေးထိုင်အနားယူဦး၊ အပြင်ကနေ အခုလေးတင်ပဲရောက်တာဆိုတော့ ခန္ဓာကိုယ်မှာ ချွေးစို့နေမှာပဲ နဒီ၊ ရေကို ချက်ချင်းကြီးမချိုးနဲ့ဦး၊ ချွေးတိတ်တော့မှပဲချိုးနော် နဒီ၊ တော်ကြာ အအေးပတ်ပြီး ဖျားနာနေဦး

မယ်''

ဒုက္ခ။ ဒီလူတော့ ဦးနှောက်ပျက်သွားပြီထင်ပါရဲ့။ ဆရာဝန်ကိုများ ပြန်ပြီးကျွန်းမာရေး သတိပြန်ပေးရတယ်လို့။

တွေးမိတော့လည်း နှုတ်ခမ်းဖူးဖူးလေးမှာ အပြုံးပန်းလေး တစ်ပွင့် လှစ်ခနဲပွင့်သွားရပြန်သည်။

ဒီနေ့ ဒီလူ ဘာဖြစ်နေတာလဲ။

ကြည့် အခုလည်း ရေချိုးခန်းထဲဝင်သွားပြန်ပြီ။ အထဲမှာ ရေမွှေးနံ့သံတွေကြားနေရ၏။ နဒီတစ်ယောက် သူကမ်းပေးခဲ့တဲ့ ရေခွက်ထဲက ရေကို ညင်သာစွာပင် မော့သောက်လိုက်သည်။

ပြီးမှ ဖန်ခွက်ကို နေရာတကျပြန်ထားလိုက်၏။

အနည်းငယ် ငြီးစီစီဖြစ်နေတာမို့ ရေချိုးဖို့ပြင်မိသည်။

''နဒီ အထဲမှာ ကိုယ်ရေစပ်ခဲ့ပြီ၊ ခပ်နွေးနွေးလေးပဲနော်၊ တော်ကြာ အေးစိမ့်နေရင် နေထိုင်မကောင်းဖြစ်မှာစိုးလို့၊ ချွေးတိတ်ရင်ချိုးလိုက်''

အို။

ပန်းသွန်းနဒီ ပါးစပ်ကလေးပင် အဟောင်းသားဖြစ်သွားရသည်။ ကိုလေးညို့တစ်ယောက် အတော်ကြီးကို ပြောင်းလဲ





တာမဟုတ်လား။ သူမအပေါ် အရင်ကလည်း ချစ်ခင်မြတ်နိုးတာပါပဲ။ ကြင်ကြင်နာနာ ပြောဆိုဆက်ဆံတာပါပဲလေ။

ဒါပေမယ့် ကလေးတစ်ယောက်လို အသေးစိတ်က လိုက်ပြီးပြုစု ယုယတာမျိုးကတော့ ဒီတစ်ခါသာ ခံစားရခြင်းဖြစ်ပါသည်။

''ကိုလေးညို့''

''ပြော''

''ရှင်နေတော့ကောင်းပါတယ်နော်''

''ကောင်းပါတယ် နဒီရဲ့၊ ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး မေးကြည့်တာပါ''

''အဟင်း ဘာလဲနဒီ၊ ဒီကနေ့မှ ကိုယ့်အမူအရာတွေက ထူးခြားနေတယ်ဆိုပြီး အံ့သြနေတာမဟုတ်လား''

''ဟုတ်တယ်''

''ကိုယ် ဒီနေ့ အရမ်းပျော်နေတယ်လေ နဒီ''

''ရှင်''

''ဘာအကြောင်းကြောင့်လဲဆိုတာတော့၊ ကိုယ် နဒီကို အသိမပေးနိုင်သေးပေမယ့် ကိုယ့်စိတ်တွေ လန်းဆန်းတက်ကြွနေ

တဲ့အတွက် ကိုယ့်ဇနီးကို စိတ်လိုလက်ရ ပြုစုချင်နေတယ်ကွာ
မင်းခံယူဖို့သာ စဉ်းစားထား၊ ကဲ ဟော့ဒီမှာ ရေချိုးပြီးလဲဖို့ ဝတ်စုံ
ကုတင်ခြေရင်းပေါ် တင်ထားခဲ့တယ်နော်၊ ရေချိုးပြီး ညစာစားဖို့
အောက်ထပ်ကိုဆင်းခဲ့တော့၊ ထမင်းစားခန်းကနေ ကိုယ်စောင့်
နေမယ် ကြားလား၊ ဪ ရေချိုးခန်းထဲဝင်ရင်လည်း သတိထား
ဦးနော်၊ ရေတွေနဲ့ ခြေချော်လဲနေမှာစိုးလို့၊ ကဲ ကိုယ်သွားပြီ နဒီ

ကဲ အဲ့ဒါပဲကြည့်တော့။ ဒီလူဟာလေ။

တစ်ခုခုကို ဖြစ်နေတာတော့ သေချာပဲဖြစ်သည်။ သူ့
မျက်နှာထားက ပြုံးရွှင်နေ၏။ လေသံက နူးညံ့ချိုသာနေသည်။
ပန်းသွန်းနဒီအပေါ်မှာလည်း အစစအရာရာ ပြုစုဖို့ချည်းသာ သူ
ဘက်က ကြိုးစားနေ၏။

ခုလည်း အပေါ်ထပ်မှာ သူမအတွက် ရေချိုးဖို့ အားလုံး
ပြင်ဆင်ပေးသွားသလို အောက်ထပ်ဆင်သွားပြီး ထမင်းစားခန်းမှာ
ညစာ စားပွဲအတွက် ပြင်ဆင်ခိုင်းနေလောက်ပြီလေ။

မြတ်စွာဘုရား။ သူများသိသွားလို့လား။

ဟုတ်လား။ ဖြစ်နိုင်တယ်။

တစ်ခုခုသိနေလို့သာ သူမအပေါ် အခုလို ပြောင်းလဲမှုတွေ





နဲ့ ဆက်ဆံတာပဲဖြစ်မည်လေ။

ပန်းသွန်းနဒီမျက်နှာလေး ရှက်သွေးကြောင့် စိုရဲသွား၏။ သူသိနေပြီဆိုသည့် အသိကြောင့်လည်း စိတ်ထဲ ပေါ့ပါးသွားသလို ခံစားရသည်။ ဘယ်လိုဆုံးဖြတ်ရမလဲဆိုသည့် တွေဝေမှုတွေ ဘယ်လောက်ပဲရှိရှိ ရင်သွေးလေးအပေါ်မှာတော့ ရက်စက်သည့် တုံ့ပြန်မှုမျိုးကိုမူ သူမ မလုပ်ရက်ခဲ့ပါ။

ဆရာဝန်လေ။

ဒေါက်တာ ပန်းသွန်းနဒီက လူ့အသက်တွေကို ကယ်တင်နိုင်အောင် ကြိုးစားနေတဲ့ ဆရာဝန်တစ်ယောက်ပါ။ အဲ့ဒီလို လူမျိုးက ကိုယ့်ရင်မှာ ဖြစ်တည်နေတဲ့ အသက်တစ်ချောင်းကို ရန်ရှာပါ့မလား။

မွေးမှာပါ။

ရင်သွေးလေးကို သတ္တိရှိရှိနဲ့မွေးမှာပါ။

ဖခင်ဖြစ်သူဟာ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ကလေးအပေါ်မှာတော့ သူမရဲ့ ချစ်ခြင်းမေတ္တာတွေကို စုပုံကာ အပ်နှံပေးထားမိသည်။

ခုတော့ သူက သိသွားခဲ့ပြီလေ။

ဘယ်လိုကနေစပြီး သိရှိသွားသလဲဆိုတာတော့ ပန်းသွ
နဒီမသိပါ။

သို့ပေမယ့် နဒီ ကျေနပ်ပါသည်။

သူ့ဆီက အခုလို လိုက်လှဲစွာ ပေးအပ်လာသော အ
နာကလေးများအပေါ်မှာလည်း နွေးထွေးစွာ ရင်ခုန်မိခဲ့၏။

ကျွန်မ တစ်နေ့နေ့တစ်ချိန်ချိန်ကြရင် သားကိုပြောပြမှာ
ကိုလေးညို့။ မင်းအဖေက အမေ့ကို သိပ်ချစ်တဲ့ ယောကျ်ား
တစ်ယောက်ပဲ ဆိုတဲ့အကြောင်းကိုလေ။ သည်းမခံနိုင်တဲ့ အ
တစ်ခုကို သူ ကျူးလွန်းခဲ့လို့သာ ခွင့်မလွှတ်ဘဲ ပြစ်ဒဏ်ခတ်ရ
သူချစ်ခဲ့တဲ့ ချစ်ခြင်းမေတ္တာကိုတော့ အမေ အသိအမှတ်မပြု
မနေနိုင်ခဲ့ဘူး သားရယ်ဆိုပြီးတော့ပေါ့။

အတွေးလေးနှင့်အတူ မျက်ရည်လေးများက ပါးပြင်ပေ
ထက် စီးကျလာပြန်သည်။

ဆုံးဖြတ်ချက်က အခိုင်အမာချထားပြီးပြီလေ။

ဖြူစင်ဟန့်ရဲ့ သေဆုံးမှုဟာ ရှင့်ကြောင့်သာ တကယ်
ခဲ့ရင် နဒီကိုယ်တိုင် အပြစ်ပေးနိုင်ဖို့ စိတ်ဆုံးဖြတ်ထားပြီးပြီ
ဘြော် ရင်ထဲမှာတော့ တဆစ်ဆစ်နဲ့ နာကျင်လို့ပါ

◆ ◆ ◆



## အခန်း (၂၂)

"နဒီ လုပ်ပါဦး၊ ကိုလေးညို့ ခေါင်းကွဲသွားလို့၊ သွေးတွေ
လည်းအများကြီးထွက်နေတယ် နဒီ"

"ဟင် ဟုတ်လား၊ ဘယ်မှာလဲ သူဘယ်မှာလဲ ကိုညီသု
တ"

"ခြံထဲမှာ"

"ကျွန်မလိုက်ခဲ့မယ်"

"လာ နဒီ"

ပန်းသွန်းနဒီနှင့် ညီသုတတို့နှစ်ယောက် အပေါ်ထပ်ကနေ
ကပျာကယာပြေးဆင်းလာခဲ့ကြသည်။

အောက်ထပ်ရောက်တော့ ဒေါ်နုနှင့် မျက်နှာချင်းဆိုင်တွေ့
၏။

"ဟင် မင်း မင်း"

သူမတို့နှစ်ယောက်ကို မြင်လိုက်တယ်ဆိုလျှင်ပဲ မျက်လုံးပြူးကြီးတွေနဲ့ စိုက်ကြည့်ကာ အံ့သြမှင်သက်နေသည်။

"လာ ကိုညီသုတ"

"ဟုတ်ကဲ့"

ယန်းသွန်းနဒီတစ်ယောက် ဒေါ်နုကို မဖြေရှင်းနိုင်။ စိုးရိမ် စိတ်တွေသာ ရှိနေတာမို့ ကိုလေးညို့ဆီသွားဖို့ အလောတကြီးပင် ထွက်ခဲ့လိုက်သည်။

ခြံထဲရောက်တော့ ထောင့်နားဆီက ခုံတန်းလေးမှာ ထိုင်နေတဲ့ ကိုလေးညို့။

"ကိုလေးညို့"

"နဒီ"

"ခေါင်းကိုထိခိုက်သွားလို့ဆို ပြစမ်း"

သူမ ခေါင်းမှာအုပ်ကိုင်ထားတဲ့ သူ့လက်တွေကိုဖယ်ကာ ဒဏ်ရာကိုကြည့်လိုက်သည်။

"တော်ပါသေးရဲ့ သိပ်များလို့၊ ဒါပေမယ့် နှစ်ချက် လောက်တော့ချုပ်ရမယ်၊ ကဲ ထ အိမ်ထဲကို သေချာကြည့်





လျှောက်ခဲ့"

"ညီသုတ"

"ဗျာ အစ်ကို"

"ကိုယ့်ကိုမင်းတွဲကွာ၊ ခေါင်းထဲနောက်တောက်တောက်ကြီးဖြစ်နေလို့"

"ဟုတ်ကဲ့ အစ်ကို"

ညီသုတကို တွဲကူစေပြီး တိုက်ထဲဝင်ခဲ့ကြသည်။

"ဟယ် ဒါ ဒါက ဘယ်လိုတွေဖြစ်တာလဲ၊ မောင်လေးညို့၊ ခေါင်းမှာလည်း သွေး သွေးတွေနဲ့ပါလား"

"ခလုတ်တိုက်မိပြီးလဲတာ ဒေါ်နု၊ ဖြစ်ချင်တော့ ခေါင်းက သစ်ပင်ရဲ့ပင်စည်နဲ့ ဆောင့်မိသွားတယ်လေ"

"ဒုက္ခပါပဲ နဒီ ကြည့်ပါဦး၊ သွေးတွေအရမ်းများတာပဲ၊ စိုးရိမ်ရတယ်ထင်တယ် ဆေးရုံတင်ရင်ကောင်းမလား နဒီ"

"မလိုပါဘူး ဒေါ်နုရယ်၊ ဒဏ်ရာက သိပ်များတာမှ မဟုတ်တာ၊ ကျွန်မပဲချုပ်ပေးလိုက်ရင်ဖြစ်တယ်၊ ကဲ ကိုညီသုတ အပေါ်ထပ်ထိ ဝိုင်းကူပို့ပေးပါဦးနော်"

"ရပါတယ် နဒီ"

ပန်းသွန်းနဒီ။

ဒေါ်နုကို ချန်ထားရစ်ခဲ့ပြီး အပေါ်ထပ်အခန်းရှိရာသို့ တက်ခဲ့လိုက်သည်။

အဖြစ်သည်းလွန်းတဲ့ဒေါ်နု။ ဒီလောက်လေးကိုများ ဆေးရုံသွားတင်ဦးမတဲ့လေ။ တကယ့်ကိုရယ်စရာပဲ။

ကိုလေးညို့ကိုများ ကလေးပေါက်စလေးလိုပဲ သူတို့မြင်နေကြသေးလားမသိ။ သွေးလေးထွက်တာမြင်တာနဲ့ပဲ မျက်လုံးတွေပြူးပြီး ပျာယာခတ်နေကြသည်။

တစ်တိုက်လုံးမှာရှိနေတဲ့ အလုပ်သမားတွေလည်း အငြိမ်မနေရတော့။ ပန်းသွန်းနဒီကတော့ သူမလုပ်သင့်တဲ့အလုပ်ကိုပဲ လုပ်ဆောင်ဖို့ ပြင်ဆင်နေလိုက်သည်။ ဘယ်သူကိုမှလည်း စကားမေးပြန်မဖြေနိုင်။ ဒိုင်ခံရှင်းပြနေတာက လေးညို့ပဲ။

ခြံထောင့်ကိုအသွားမှာ ခလုတ်တိုက်မိပြီး အရှိန်မထိန်းနိုင်ပဲ လဲကျရာ သစ်ပင်နှင့်ခေါင်းက ဆောင့်မိသွားသည်။

ရယ်တော့ရယ်ချင်စရာပဲ။

ဘာတွေများ ဒီလောက်ထိတောင် ငေးမောနေလို့ ကိုယ်လျှောက်နေတဲ့လမ်းပေါ် အုတ်ခဲရှိနေတာ မမြင်ရတာလဲ။ နမော်နမဲ့





နိုင်တဲ့နေရာမှာတော့ နှစ်ယောက်မရှိချေ။

ခေါင်းကဒဏ်ရာကို နှစ်ချက်လောက် ထုံဆေးလေးနည်းနည်းသုတ်ကာ ချုပ်ပေးလိုက်၏။ ပတ်တီးသေချာစည်းပေးကာ သောက်ဆေးတိုက်ပြီး အိပ်ယာလေးထက်မှာ အနားယူခိုင်းလိုက်၏။

"နဒီ"

"ရှင် ဒေါ်နု"

"မောင်လေးညို့က ဘယ်လိုဖြစ်ရတာလဲ"

"ကျွန်မလည်း မသိဘူးလေ ဒေါ်နု၊ သူကို ခေါင်းကသွေးထွက်ဒဏ်ရာနဲ့ မြေပေါ်လဲနေတာတွေ့လို့ ကိုညီသုတက တွဲပြီးမှာထိုင်ခိုင်းရတယ်လို့ ပြောတာပဲ၊ ကျွန်မကို ချက်ချင်းလာခေါ်တာလေ"

"တစ်ယောက်ယောက်များ လုပ်လိုက်တာလား"

"ရှင်"

"မောင်လေးညို့က ကလေးမှမဟုတ်တာ၊ ကိုယ်သွားနေတဲ့ လမ်းမှာ အန္တရာယ်ရှိမရှိဆိုတာတော့ ကြည့်တတ်မှာပါကွယ်၊ အခုဟာက နားထောင်ရတာ တစ်မျိုးကြီးပဲ အစီအစဉ်မှမကျတာ"

"ဒေါ်နု"

"ပြော"

"ဒေါ်နုက တစ်ယောက်ယောက်လုပ်ကြံတယ်လို့ ပြောချင်တာလား"

"မဖြစ်နိုင်ဘူးလို့ ပြောမရဘူးလေ နုဒီ၊ မောင်လေးညို့က အစကတည်းက အတိတ်မေ့ဝေဒနာသည် တစ်ယောက်၊ ဒီအချိန်မှာ သာသာတစ်ခုခုဖြစ်ရင် ဝမ်းမသာတဲ့သူ မရှိဘူးလို့ ပြောလို့ရမလား နုဒီ"

"နေ နေပါဦး၊ ဒေါ်နု စကားရဲ့အဓိပ္ပါယ်က ဘာကြီးလဲ၊ ကျွန်မ သိပ်ပြီးနားမရှင်းလို့နော်၊ ဘယ်သူက ကိုလေးညို့ကို အခုလို စိတ်မျိုးထားနေတယ်လို့ ထင်နေတာလဲ ဒေါ်နု၊ ရှင်းရှင်းပြောစမ်းပါ"

"ညီသုတ"

"ရှင်"

"အဲ့ဒီကောင်လေးကို နုဒီ အလုပ်ခန့်လာကတည်းက ဒေါ်နု ကန့်ကွက်ချင်နေတာ၊ သူ့ကြည့်ရတာ မရိုးသားဘူး နုဒီ၊ အိမ်ထဲက အလုပ်သမားတွေကိုလည်း စကားနှိုက်မေးမြန်းတတ်တယ်၊ ပြီးတော့ ဟိုဟာစပ်စု ဒီဟာစပ်စုနဲ့၊ ဒေါ်နုတော့ သူ့ကို





မသင်္ကာဘူး"

"အို မဟုတ်တာ၊ ညီသုတက လူကောင်းတစ်ယောက်ပါ ဒေါ်နု၊ ပြီးတော့ ကိုလေးညို့ကို ဒုက္ခပေးရအောင်လည်း ရန်ငြိုးရန်စမှမရှိတာ၊ ဘာအတွက်ကြောင့်နဲ့ ဒုက္ခပေးမှာလဲ၊ မဖြစ်နိုင်ဘူး ဒေါ်နု၊ ကိုယ့်စိတ်နဲ့လိုက်ပြီး တစ်ဘက်သားကို ပေါက်ကရတွေ လျှောက်မစွပ်စွဲပါနဲ့၊ မဟုတ်ရင် အားနာစရာကောင်းတယ် ဒေါ်နု၊ သူသာတကယ်လုပ်ရိုးမှန်ရင် ကျွန်မကို ပြေးပြီးအကြောင်းကြားပါ့မလား၊ မဖြစ်နိုင်ပါဘူးရှင်"

ပန်းသွန်းနုဒီတစ်ယောက် ခါးသီးစွာပင် ငြင်းပယ်လိုက်မိသည်။

ဒါကို ဒေါ်နု သိပ်ပြီးကျေနပ်ပုံမရပါ။

မျက်နှာထားကြီးက ကြောက်စရာကောင်းလောက်အောင်ပင် တင်းမာခက်ထန်နေ၏။ သူမကိုကြည့်နေသော မျက်ဝန်းအကြည့်တွေက ကြောက်စရာကောင်းလှသည်။

"ညီသုတနဲ့ပတ်သက်လာရင် နုဒီက အမြဲတမ်း ရှေ့ကနေ ကာဆီးဖို့အသင့်ပဲနော်"

"ကျွန်မက မတရားတဲ့ဘက်က ဘယ်တော့မှ မရပ်တည်

တတ်ဘူးဒေါ်နု၊ အခုကိစ္စက တကယ့်ကို ရှင်းလင်းနေတဲ့ဥစ္စာ၊ ဘာကြောင့် တစ်ဘက်သားအပေါ် သံသယတွေဝင်ပြီး စွပ်စွဲချင်နေရတာလဲ၊ တော်ပြီ ဒေါ်နု၊ ဒီစကားကို ဒီတင်ပဲရပ်တော့ ညီသုတဆိုတာ ကျွန်မဆွေလိုမျိုးလို ခင်တွယ်ခဲ့ရတဲ့ အိမ်နီးချင်းမိတ်ဆွေဦးထက်မင်းရဲ့တူပါ၊ နယ်မှာလုပ်ကိုင်စားတာထက် ရန်ကုန်မြို့ကြီးဆွဲမှာ ပိုပြီး အဆင်ပြေမလားရယ်လို့ မျှော်လင့်ချက်တွေနဲ့ ရောက်လာပြီး ရိုးသားစွာနဲ့ လုပ်ကိုင်စားနေတဲ့လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ နာမည်တစ်လုံးကို အစွန်းအထင်းဖြစ်အောင် မဖန်တီးပါနဲ့၊ ကျွန်မ နောက်ဆုံးစကားကို ပြောလိုက်မယ်၊ ဒေါ်နု ကိုယ့်အလုပ်ပဲကိုယ်လုပ်ပါ၊ အိမ်တွင်းရေးကိစ္စတွေမှာ ဝင်မပါပါနဲ့ ဒေါ်နု၊ တစ်ခုခုဆုံးဖြတ်စရာရှိလာရင် ကိုလေးညို့နဲ့ ကျွန်မကပဲ ဆုံးဖြတ်မယ်၊ ရှင်သွားတော့ ဒေါ်နု"

ပန်းသွန်းနုဒီတစ်ယောက် ဘယ်လိုမှ သည်းမခံနိုင်တော့စွာပင် ဒေါ်နုကို လေသံခပ်တင်းတင်းနှင့်ပင် မောင်းထုတ်လိုက်မိသည်။

ဘယ်နှယ့်။

သူဘာသာ ခလုတ်တိုက်လဲတဲ့ကိစ္စကို ညီသုတ လုပ်ကြံတာဖြစ်နိုင်တယ်ဆိုပြီး ဖွတ်အတင်းပြောနေတာလေ။

မဖြစ်နိုင်တဲ့ကိစ္စပါ။

ဒေါ်နု ဦးနှောက်မှမှန်သေးရဲ့လား။

ကိုညီသုတ အလုပ်စဝင်လာကတည်းက ဒေါ်နု လုံးဝမကြည်ဘူးဆိုတာ သတိထားမိပေမယ့် အခုလောက်ထိ စိတ်ထဲထည့်ကာ နာကြည်းနေလိမ့်မည်ဟု မထင်ထားခဲ့မိပါ။

စိတ်ရှုပ်ထွေးစွာနှင့်ပင် အခန်းလေးထဲ ပြန်ဝင်လာခဲ့လိုက်သည်။ အိပ်ယာလေးထက်မှာတော့ ကိုလေးညို့က မျက်ဝန်းလေးမှိတ်ကာ ငြိမ်သက်လို့။

ပန်းသွန်းနုဒီ ဟန်းဖုန်းကိုယူပြီး ဆေးရုံဖုန်းကိုဆက်လိုက်သည်။ ဒီတစ်ရက်အတွက် ခွင့်တင်လိုက်မိ၏။ ဘာပဲပြောပြော ကိုလေးညို့အခုလိုဖြစ်တာမြင်တော့လည်း စိတ်အေးလက်အေးထားရစ်ခဲ့ပြီး ဆေးရုံမသွားနိုင်ပြန်။

သူမ ခွင့်တင်လိုက်ပြီးတာနှင့် သူ ကုတင်လေးအနားသွားကာ နဖူးပြင်လေးနှင့် ပါးပြင်လေးကို လက်နှင့် ညင်သာစွာ တို့ထိစမ်းမိသည်။

အဖျားလုံးဝမရှိ။

တော်သေးတာပေါ့လေ။

ပန်းသွန်းနဒီတစ်ယောက် အိပ်ပျော်နေသည့် ကိုလေးညို့ရဲ့ မျက်နှာချောချောကြီးကို ငေးကြည့်ကာ သက်ပြင်းမောလေးကိုသာ ကြိတ်ချလိုက်မိပါတော့သည်။

◆ ◆ ◆



## အခန်း (၂၃)

ပန်းသွန်းနဒီ

ကိုယ့်ကို ခဏလောက်လာတွေ့ပါ။ ပြောစရာရှိတယ်။ လူတွေလစ်ရင် ကားဂိုထောင်ထဲကို ဆယ့်တစ်နာရီလောက်လာခဲ့ပါ။

ညီသုတ

နှင်းဆီပန်းစည်းလေးအလည်တွင် ညှပ်ပေးလိုက်တဲ့ စာရွက်တိုလေးကိုဖတ်ကာ ပန်းသွန်းနဒီခေါင်းထဲ အတွေးရိပ်များ တရေးရေးတက်လာရ၏။

အိမ်ဖော်ကောင်မလေးကနေတစ်ဆင့် သွားပို့ပေးဆိုပြီး ကိုညီသုတက ပေးခိုင်းလိုက်တာတဲ့လေ။ ဘာတွေများ အရေးတကြီး

ပြောစရာတွေရှိနေလို့များ သူမကို စာနဲ့တစ်ဆင့်မှာရတာပါလိမ့်။

ညီမလေး ဖြူစင်ဟန်နဲ့ပတ်သက်တဲ့ သတင်းတစ်ခုခုများ ကြားထားလို့များလား။ ကိုလေးညို့ကတော့ ခေါင်းကဒဏ်ရာနှ ပင် အေးဆေး အခန်းထဲမှာ အနားယူနေသည်။

ညဆယ့်တစ်နာရီတဲ့။

သူမ နာရီကိုမော့ကြည့်တော့ ကိုးနာရီတိတိ။

နောက်နှစ်နာရီလောက် အချိန်ရှိသေးတယ်လေ။ ပြီးတော့ ကိုလေးညို့ကလည်း မအိပ်သေးချေ။ သူကတော့ သိပ်ပြီး ကို အိပ်ဆေးတိုက်လိုက်လျှင် သိပ်မကြာခင် သူအိပ်သွားလိမ့်မည် သူမ ရေတစ်ခွက်ခပ်ပြီး သူ့လက်ထဲ ဆေးတစ်လုံးထည့်ပေးခဲ့လို သည်။

ပြီးတော့ အောက်ထပ်က လူ့အရိပ်အခြေကို လှေ့လာ ဆင်းခဲ့လိုက်သည်။ ကောင်မလေးတချို့ စကားသံကို နော ဘက်ခန်းဆီမှ ကြားနေရ၏။ အလုပ်တွေ မပြီးကြသေးဘူး ရဲ့။ အလုပ်သမားတန်းလျားကို မပြန်ကြသေးချေ။

"အဟမ်း"

ချောင်းဟန့်သံကြားတော့ အားလုံး ခေါင်းလေး





စောင့်ကာကြည့်လာကြ၏။

"မမလေးနဒီ ဘာလိုချင်လို့လဲဟင်၊ မိစုတို့ ဘာလုပ်ပေးရမလဲ မလေးနဒီ"

"ဟင့်အင်း မလိုပါဘူး အသံကြားလို့ လာကြည့်တာ၊ အလုပ်တွေမပြီးကြသေးဘူးလား"

"ဟုတ်ကဲ့ ပြီးတော့မယ် မမနဒီ၊ ဒီမီးဖိုခန်းက ကြမ်းတွေ တိုက်ပြီးရင်ပြီးပြီ"

"သြော် အေး အေး၊ ဒါနဲ့ ဒေါ်နုရော မတွေ့ပါလား"

"ဒေါ်ကြီးနုက ဒီနေ့ ခေါင်းနည်းနည်းနောက်နေလို့ဆိုပြီး အခန်းထဲဝင်ပြီး အနားယူနေပြီ မမလေးနဒီ"

"သြော် ဟုတ်လား၊ အေး အေး ဒါဆိုလည်း သွက်သွက် လုပ်ကြပြီး အဆောင်ပြန်နားကြတော့၊ ဒေါ်နုကို သွားနှိုးမနေနဲ့ နောက်ဖေးတံခါးကို မမလေးနဒီပိတ်မယ်ကြားလား၊ ဒေါ်နုအိပ်ပါ စေတော့"

"ဟုတ်ကဲ့ မမလေးနဒီ"

ကောင်မလေးတွေကိုမှာခဲ့ကာ ပန်းသွန်းနဒီတင်ယောက် ရှေ့ဧည့်ခန်းလေးဆီသို့ ပြန်ထွက်လာခဲ့လိုက်သည်။ ဧည့်ခန်းလေး

ထဲက ဆိုဖာလွတ်တစ်လုံးတွင်ထိုင်ပြီး စာစောင်တစ်ခုယူကာ အေးဆေးပင် ထိုင်ဖတ်နေလိုက်သည်။

မဆိုးဘူး။

ဒေါ်နုကလည်း ခေါင်းကိုက်လို့ ဝင်အိပ်နေပြီဆိုတော့ အေးဆေးပြီလေ။ နာရီကိုကြည့်လိုက် ကောင်မလေးတွေလာပြီး တံခါးပိတ်ခိုင်းမည့်အချိန်ကို စောင့်နေလိုက်၏။

နာရီဝက်လောက်ကြာတော့ အိမ်အကူကောင်မလေး မိစု သူမတို့ အလုပ်ပြီးစီးလို့ သွားတော့မယ့်အကြောင်း လာပြော သည်။ ပန်းသွန်းနုဒီလက်ထဲမှာ ကိုင်ထားတဲ့ စာစောင်ကို ချထား လိုက်ပြီး နေရာကနေထလိုက်ကာ မိစု နောက်ကနေလိုက်သွား လိုက်၏။

"မမလေးနုဒီ သမီးတို့သွားတော့မယ်နော်"

"အေး အေး"

ကောင်မလေးတွေက နှုတ်ဆက်ပြီး အသီးသီး တံခါး ပေါက်လေးမှတစ်ဆင့် အပြင်ဘက်သို့ ထွက်သွားကြ၏။ ပန်းသွန်း နုဒီ အထဲကနေ တံခါးကို စေ့ပိတ်ကာ လုံခြုံအောင် ချက်ချ လိုက်သည်။ အပေါ်ထပ်ပြန်တက်လာခဲ့လိုက်၏။ ကိုလေးညို့ အခြေအနေကို သွားလှေ့လာရမယ်လေ။ သူ အိပ်နေပြီဆိုရင်





အေးဆေးပဲပေါ့။ အခန်းတံခါးကို အသာလေးတွန်းဖွင့်ဟကာ အထဲ ကို အကဲခတ်တော့ သူမ ဆေးတန်ခိုးနှင့် ကိုလေးညို့က အိပ်ပျော် နေချေပြီ။

အားလုံးအဆင်ပြေနေတာမို့ အောက်ထပ်ဆင်းခဲ့ပြီး အိမ်ရှေ့ တံခါးကိုဖွင့်ကာ ခြံထဲသို့ ထွက်လိုက်သည်။ ကိုလေးညို့နေတဲ့ အားကိုထောင်က သိပ်ပြီး မဝေးတာကြောင့်လည်း သွက်လက်တဲ့ ခြေလှမ်းတွေနှင့်လှမ်းကာ ကားတွေထားသော ဂိုထောင်ဆီသွားမိ၏။

"ကိုညီသုတ"

"ကိုညီသုတ"

အသံခပ်အုပ်အုပ်ပေးကာခေါ်မိသည်။

"ဩော်...ရောက်လာပြီကိုး"

"ဟင် ရှင် ရှင် ဒေါ်နု"

"ဟင်း ဟင်း ဟုတ်တယ်၊ ကျုပ် ဒေါ်နုပဲ၊ ဒေါက်တာ ပန်းသွန်းနုဒီ၊ မောင်လေးညို့ရဲ့ အထိန်းတော်ကြီး ဒေါ်နုပဲ၊ ဘယ်နှယ် လည်း တွေ့ချင်တဲ့သူကို မတွေ့ဘဲ မတွေ့ချင်တဲ့သူကိုမှ တွေ့လိုက်ရ လို့ သိပ်ပြီး စိတ်ပျက်သွားပြီလား ဒေါက်တာပန်းသွန်းနုဒီ"

"ဒေါ်နု ရှင် ရှင်က ဒီမှာဘာလာလုပ်နေတာလဲ ကိုညီသု

တရော''

''ညီသုတလား ကျူပ်အပြင်ကို ကိစ္စတစ်ခုနဲ့ သွားနိုင်
ထားတယ်၊ ကိုမိုက်တီးလည်းပါသွားတယ်လေ''

''ဒါ ဒါဆို ကျွန်မဆီရောက်လာတဲ့စာက''

''ငါရေးပေးပြီး ချိန်းလိုက်တာပဲ ပန်းသွန်းနနီ၊ ညည်း
အေးအေးဆေးဆေး စာရင်းရှင်းစရာရှိလို့ ခေါ်လိုက်တာလေ''

''ရှင်''

''ဟုတ်တယ် မိနနီ၊ ညည်းကို ဒီအတိုင်း ဆက်ပြီးလွှတ်
ထားလို့မဖြစ်တော့ဘူးအေ့၊ ညည်းကလည်း ညည်းရဲ့ညီမ ဖြူစင်
နဲ့ တစ်ပုံစံတည်းပဲ မောင်လေးညို့ကို စိတ်ဆင်းရဲဒုက္ခတွေလာပေး
သူလေ''

ဟင်။

ဒေါ်နုက သူမအကြောင်းကို သိနေတာပါလား။

''ဘာလဲ ဒေါက်တာပန်းသွန်းနနီ၊ အံ့သြသွားတာ
ညည်းနဲ့ ညီသုတတို့ ပြောဆိုနေကြတဲ့စကားတွေကိုကြားပြီး
အားလုံးသိနေပြီ ပန်းသွန်းနနီ၊ အစကတည်းကတော့ ထင်
ပြီးသားပဲ၊ အမြွာညီအစ်မပဲဖြစ်မှာလို့၊ အကျင့်ချင်းရော စရိုက်

ရောတူနေတာလေ၊ ဘာလဲ ညည်းက ညည်းညီမသေတာကို
သံသယရှိလို့ စုံစမ်းဖို့ ရွှေလိပ်ပြာခြံထဲကို ဝင်လာခဲ့တာဟုတ်လား''

''ဟုတ်တယ် ဒေါ်နု၊ ကျွန်မညီမ သွေးရိုးသားရိုးသေတာ
မဟုတ်ဘူးဆိုတာ ကျွန်မသိနေတယ်၊ အဲ့ဒီအတွက်လာခဲ့တာ''

မထူးတော့ပြီမို့ ပန်းသွန်းနနီလည်း ဖြောင့်ပဲဖွင့်ပြောလိုက်
တော့သည်။

''ဟုတ်တာပေါ့ သွေးရိုးသားရိုးသေတာမဟုတ်ဘူး၊
ရက်ရက်စက်စက် ခေါင်းအုံးနဲ့မိသတ်ခံရပြီးသေတာ၊ တဝူးဝူးတဝါး
ဝါးနဲ့ ရုန်းကန်ပြီး အသက်ရှူရပ်သွားရတာ၊ ဟင်း ဟင်း၊ အဲ့မိုက်
မကြီး မိုက်ဇာတ်သိမ်းသွားတာလေ၊ လှပလိုက်တာအေ မျက်လုံး
ကြီးတွေပြူးလို့''

''ရှင်...ရှင်ကြီး''

''ဟင်း ဟင်း၊ ဟား ဟား''

ဒေါ်နုရယ်မောသံကြီးက ကြောက်စရာ။

ဒီလောက်ဆို ပန်းသွန်းနနီ မှန်းလို့ရသွားပြီ။ ညီမလေးကို
သတ်တဲ့တရားခံက ကိုလေးညို့မဟုတ်။ ဒေါ်နုပဲဖြစ်သည်။

''သေသင့်တယ် မိနနီ၊ ညည်းညီမက သေသင့်တဲ့

သူအေ့၊ ယောကျ်ားက ဒီလောက်ချစ်မြတ်နိုးပြီး လိုလေးသေးမရှိ ထားတာကိုတောင် ညည်းညီမက အေးအေးချမ်းချမ်းမနေနိုင်ဘူး လေ၊ အပျော်အပါး အသောက်အစားတွေ၊ ဇရတ်သုတ်ခသူငယ်ချင်း အပေါင်းအသင်းတွေနဲ့ချည်းပဲ အချိန်ကကုန်ပြီးနေတာ၊ မောင်လေးညို့က ဘယ်လောက်တောင် သည်းခံသလဲ ညည်း သိလား၊ မိန်းမက တခြားယောကျ်ားနဲ့ ဖောက်ပြန်နေတာကို သိ ပါလျက်နဲ့တော့ တစ်နေ့နေ့ စိတ်ပြန်လည်လာမလားဆိုပြီး စော င့်ချင်တဲ့ယောကျ်ားမျိုးအေ့"

အို။

ပန်းသွန်းနုဒီ မျက်လုံးတွေပြူးဝိုင်းသွားရပြီ။

ဖြူစင်ဟန်က အဲ့ဒီလောက်တောင်ပဲ ဆိုးသွမ်းခဲ့တာ လား။ ပြောလို့သာကြားရတာ ယုံချင်စရာပင်မရှိချေ။

"မောင်လေးညို့က ခွင့်လွှတ်နိုင်ပေမယ့် ကျုပ်က သည်းမခံနိုင်ဘူး၊ ဒါကြောင့် မူးမူးရူးရူး ပုံပျက်ပန်းပျက်နဲ့ ပြ တဲ့သူ့ကို ဓါးနဲ့လိုက်ထိုးတာ ညည်းညီမက ထွက်ပြေးတယ် အပေါ်ထပ်က အခန်းတံခါးကိုပိတ်ပြီးနေတာ၊ ကျုပ်ဆီ တစ်တိုက်လုံးက သော့တွေရှိတာပဲ သူဘယ်လိုလုပ်ပြီး ပြေ





ရမှာလဲ၊ ကိုမိုက်တီးက သူ့ကိုချုပ်ပေးပြီး ကျုပ်က ကုတင်ပေါ် က ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တာ၊ ဒီအကြောင်းကို မောင်လေးညို့ကြား တော့ ထိတ်လန့်တုန်လှုပ်ပြီး ကားကို အရှိန်နဲ့မောင်းပြန်လာတာလေ၊ လမ်းတစ်ဝက်မှာ အက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားတော့တာ ပဲ၊ အခုတော့ အတိတ်မေ့ဝေဒနာစွဲကပ်နေပြီ၊ အဲ့ဒါ ညည်းညီမ ကြောင့်၊ ခုလည်း ညည်းက ဒုက္ခပေးဖို့ရောက်လာပြန်ပြီ၊ ဘာတဲ့ ကလေး ဟုတ်လား၊ မောင်လေးညို့ရဲ့ကလေး၊ ဟင်း ဟင်း အကြိမ်တစ်ထောင်ကျိန်ပြောရင်တောင် ယုံစရာမရှိတဲ့စကားပဲ၊ ညီသုတနဲ့ရပြီး မောင်လေးညို့အပေါ် အပြစ်ပုံချဖို့ ကြိုးစားတာ၊ ကျုပ်မသိဘူးများထင်နေလား မိနဒီ"

ဒေါ်နုစွပ်စွဲချက်ကြောင့် အသက်ရှူမှင် မှားယွင်းသွားရ ဘာက ဒေါက်တာပန်းသွန်းနုဒီရယ်ပါ။

"အရင်တစ်ယောက်တုန်းကလည်း နည်းပေါင်းစုံနဲ့ ပြသနာရှာပြီး ဒုက္ခပေးတယ်၊ ဒီတစ်ယောက်ကလည်း အပျော့စွဲ နဲ့ ဒုက္ခပေးတယ်၊ ဟင်း ဟင်း၊ အခုတော့ ဒီဒုက္ခတွေကို ကျုပ်က အဆုံးသတ်ပြီး ပေးတော့မှာလေ၊ ဒါမှ မောင်လေးညို့ဘဝ အေးချမ်းရမှာ"

ဟင်။

ပန်းသွမ်းနုဒီ မျက်လုံးတွေပြူးဝိုင်းသွားရသည်။ ခြေလှမ်းတွေကို သတိရှိစွာ နောက်ဆုတ်ပြီး လှည့်ပြေးဖို့ကြိုးစားမိသည်။ ဒေါ်နုလက်ထဲမှာ ကိုင်ထားတာက ပြောင်လက်ချွန်ထက်နေတဲ့ ဓားတစ်လက်လေ။

"သေပေတော့ ကောင်မ"

"အမလေး"

သူမ အလန့်တကြားအော်လိုက်ကာ ဖင်ထိုင်လျှက်လဲကျသွားစဉ်။

"ဒေါ်နု ဓားကိုအောက်ချလိုက်ပါ"

"ဟင်...မင်း...မင်း"

"ဟယ်"

ပန်းသွမ်းနုဒီတစ်ယောက် အမိန့်ပေးသူကိုကြည့်ကာ အံ့သြမှင်သက်သွားရပြီ။

သူက။

ညီသုတလေ။

ဝတ်ထားတဲ့ အဝတ်အစားက ရဲယူနီဖောင်းနဲ့။

◆ ◆ ◆

[illegible]

## အခန်း (၂၄)

"ကျွန်တော်က အထက်ကညွှန်ကြားမှုနဲ့ ရွှေလိပ်ပြာခြံကို ရောက်လာခဲ့တာပါ နုဒီ၊ မဖြူစင်ဟန်သေဆုံးမှုကို စုံစမ်းဖို့ပေါ့၊ အခုတော့ တရားခံအစစ်တွေကို ဖမ်းနိုင်ပါပြီ၊ ဦးမိုက်တီးကိုလည်း စခန်းမှာ ဖမ်းထားခဲ့ပြီးပြီ၊ ကျွန်တော့်ကို အပြင်ထွက်ဖို့ ဒေါ်နု အလုပ်လာနိုင်းကတည်းက ဒီနေ့တော့ သူတို့စပြီး လှုပ်ရှားတော့မယ်ဆိုတာ သတိထားမိတယ်လေ၊ ဒါကြောင့် ဦးမိုက်တီးကို ချုပ်ထားခဲ့ပြီး ကျွန်တော် အမြီပြန်လာခဲ့တာ၊ ထင်တဲ့အတိုင်းပဲ ဒေါ်နုက နုဒီကိုသတ်ဖို့ ကြိုးစားတော့တာပဲ၊ သိပ်ကြောက်သွားလား နုဒီ"

"ကိုညီသုတရယ် မေးမှမေးရက်တယ်၊ မလန့်ဘဲနေမလားရှင်၊ ကိုယ့်ကို ဓားနဲ့ထိုးသတ်ဖို့ ကြိုးစားနေတဲ့ဟာကို"

"အဟွန်း ဟွန်း၊ အခုတော့ ရှင်းသွားပါပြီဗျာ၊ စိတ်အေး

[illegible]

ဒေါ်အေးနဲ့ နေလို့ရပါပြီ၊ တရားခံတွေကိုလည်း ဖမ်းပြီးသွားပြီပဲဟာ၊ ဒါနဲ့ ကိုလေးညို့ကရော"

"သူလား ကျွန်မ အိပ်ဆေးတိုက်ထားလို့ အိပ်ပျော်နေတယ်"

"တကယ်တော့ ကိုလေးညို့က ဖြူစင်ဟန်သေဆုံးမှုမှာ မပါဝင်ပါဘူး၊ သူသိလိုက်တဲ့အချိန်မှာပဲ ကားအက်ဆီးဒင့်ဖြစ်ပြီး အတိတ်မေ့သွားတာလေ၊ ဒါပေမယ့် နဒီပြောသလိုပဲ သူက အတိတ်ကို သတိရတယ်ဆိုတာ မဟုတ်ပါဘူး၊ ရတစ်ချက် မရတစ်ချက် ဝေဝေဝါးဝါးဖြစ်နေသေးတာပါ၊ တကယ်ရတာက ဟိုတစ်နေ့က ခင်ဗျားအတွက် ခြံထဲဆင်းပြီး အုန်းသီးစိမ်းခူးဖို့လုပ်ရင်း ခေါင်းကို ထိခိုက်မိတော့မှ သူ အတိတ်ကို သတိရသလို အခုဖြစ်နေတဲ့ အကြောင်းအရာတွေကိုလည်း သူမှတ်မိနေတယ်လေ၊ ဖြူစင်ဟန် သေဆုံးမှုကို ကျွန်တော့်ကို သူကပဲပြောပြခဲ့တာ၊ ဒါကြောင့် အခုလို အချိန်မှီဖမ်းဆီးနိုင်ခဲ့တာပေါ့ နဒီ"

အို ကြည့်စမ်း။

ကိုလေးညို့က သူမထင်သလိုလူမျိုး မဟုတ်ပါလား။ သံသယတွေ အမျိုးမျိုးနဲ့ စွပ်စွဲထင်းခဲ့သမျှ သူက တကယ်ပဲ ရိုးသား





ဖြူစင်နေတာပါလား။

"နဒီ"

"ရှင်"

"ကိုလေးညို့အပေါ် အထင်မလွဲပါနဲ့တော့ဗျာ၊ သူက နဒီတို့ညီအစ်မတွေအပေါ်မှာ တကယ်ပဲ ကောင်းခဲ့တဲ့သူပါနဒီ၊ သူ့အချစ်က သိပ်ပြီး သန့်စင်ပါတယ် ဗျာ"

"ကျွန်မ နားလည်လိုက်ပါပြီ ကိုညီသုတရယ်"

"ဝမ်းသာပါတယ် နဒီ၊ အခုလိုမျိုးစကားကြားရတာ မင်္ဂလာတကယ်ရှိတယ်ဗျာ၊ ကဲ ကျွန်တော့်ကိုခွင့်ပြုဦး နဒီ၊ ဆောင်ရွက်စရာတာဝန်လေးတွေ ရှိနေသေးလို့ သွားတော့မယ်နော်"

နဒီ ခေါင်းလေးညင်သာစွာပင် ညိတ်ပြလိုက်သည်။

ကိုညီသုတ ဒေါ်နုကို တင်ဆောင်ထားသည့် ကားပေါ် တက်လိုက်သွားတော့သည်။

ခြံကြီးထဲမှာ ပန်းသွန်းနဒီတစ်ယောက်တည်း။

"မမလေးနဒီ"

"သြော် မိစုတို့"

"အသံတွေကြားလို့ စိတ်ပူပြီးထွက်လာတာ၊ ထင်တောင်

မထင်ရဘူးနော်၊ ဒေါ်နုကြီးက ကြောက်စရာကောင်းလိုက်တာ မမလေးနဒီရယ်၊ ကိုယ်တိုင်တွေ့လို့သာ ယုံရတာ၊ မဟုတ်ရင် ယုံချင်စရာတောင်မရှိဘူး မမလေးနဒီရယ်"

"မမလေးနဒီလည်း ဒီအတိုင်းပါပဲကွယ်၊ ဒါပေမယ့် အားလုံးပြီးဆုံးသွားပြီလေ၊ သံသယတွေလည်း ရှင်းသွားပြီ"

"ဒေါ်နုကြီးက ကိုလေးညို့အပေါ်မှာတော့ တကယ်ချစ်တာပဲ"

"အင်း သူက ရိုးသားဖြူစင်တာကို၊ ကဲ ညဥ့်လည်းနက်နေပြီ ခြံတံခါးသော့ချာပိတ်ပြီး အိပ်ကြတော့၊ မမလေးလည်း အပေါ်ထပ်တက်နားတော့မယ်၊ အခန်းထဲမှာ သူက ဆေးအရှိန်နဲ့ အိပ်ပျော်နေတာလေ"

ပြောပြီးတာနှင့် တိုက်ထဲကို ပန်းသွန်းနဒီ ပြန်ဝင်ခဲ့လိုက်သည်။ လေးလံထိုင်းမှိုင်းသော ခြေလှမ်းတွေနှင့် အပေါ်ထပ်ဆီသို့ လှေကားထစ်လေးတွေအတိုင်း တက်လာခဲ့လိုက်၏။

အပေါ်ထပ်ရောက်လို့ အခန်းရှေ့ရောက်သည်ဆိုလျှင်ပဲ အခန်းတံခါးလေးကို ညင်သာစွာပင်ဖွင့်လိုက်သည်။

အိပ်ယာလေးထက်မှာတော့ ကိုလေးညို့က သူမတိုက်ခဲ့





သော အိပ်ဆေးအရှိန်နှင့် နှစ်ခြိုက်စွာပင် အိပ်မောကျနေခဲ့သည်။

ဪ သူကတော့ ဘာကိုမှကို မသိသေးပါလားနော်။

သွေပျက်တုန်လှုပ်ချောက်ချားစရာကောင်းတဲ့ အဖြစ်အပျက်ကို သူကမှ မမြင်တွေ့လိုက်ရတာ။

ကောင်းပါတယ်။

ခေါင်းမှာလည်း ဒဏ်ရာကရှိနေတာဆိုတော့ အခုလို အနားယူအိပ်စက်တာပဲကောင်းပါတယ်လေ။

ကိုလေးညို့ရယ် နဒီကိုခွင့်လွှတ်ပါနော်။

ရှင့်အပေါ်မှာ သံသယစိတ်တွေနဲ့ စွန်းထင်းပြီး အထင်အမြင်တွေလွဲမှားနေခဲ့တာကို ခွင့်လွှတ်ပါ ကိုလေးညို့ရယ်။

အခုတော့ အားလုံးကို အမှန်အတိုင်း ကျွန်မ သိခွင့်ရခဲ့ပါပြီ။

ကျွန်မရင်ထဲမှာလည်း ရှင်နဲ့ပတ်သက်တဲ့ ဘာအမုန်းအငြိုးမှ ထင်ကျန်မနေတော့ပါဘူးရှင်။ ကျွန်မတို့ ညီအစ်မတွေအပေါ်မှာထားခဲ့တဲ့ ရှင့်ရဲ့ ဖြူစင်တဲ့ ချစ်ခြင်းမေတ္တာတွေအတွက်လည်း ရှင့်ကို သိပ်ပြီးကျေးဇူးတင်ပါတယ်။

ပန်းသွန်းနဒီတစ်ယောက် အိပ်ပျော်နေသော ကိုလေးညို့

မျက်နှာကိုငေးကြည့်ပြီး ရင်ထဲကနေ တောင်းပန်နေမိသည်။

ပြီးနောက် ညင်သာစွာပင် သူ့ပါးပြင်လေးထက် အနမ်းပွင့်လေး တစ်ပွင့်ကို ခိုးကြောင်ခိုးဝှက်ကလေး ချွေမိ၏။

သူကတော့မသိပါ။

သို့သော် ပန်းသွန်းနဒီကတော့ သိအောင်ပဲ ပွင့်ပွင့်လင်းလင်းပြောဖို့ စိတ်ကူးထားပါသည်။

မနက်ဖြန် သူ့အိပ်ရာကနေ ကြည်လင်စွာထလာရင်ပေါ့။

ဒေါ်နုကို ဖမ်းသွားပြီဆိုတဲ့အကြောင်းတွေကိုရော ညီမလေးဖြူစင်ဟန်နဲ့ သူမဟာ ညီအစ်မတွေဆိုတာကိုရော ပွင့်ပွင့်လင်းလင်းဝန်ခံဖို့ သူမ ဆုံးဖြတ်ပြီးပြီဖြစ်သည်။

ပြီးတော့ ကျွန်မတို့နှစ်ယောက်ရဲ့ ရင်သွေးလေးအကြောင်း။

သူသိနေပြီးသားဆိုပေမယ့် သူမဘက်က ဝန်ခံဖို့ လိုအပ်သေးတယ်လေ။

ညီမလေးရယ် မမကိုနားလည်ပေးပါနော်။

မမတို့ညီအစ်မတွေအပေါ်မှာ ကိုလေးညို့ရဲ့ ချစ်ခြင်းမေတ္တာတွေက အရမ်းကိုပဲ ကြီးမားခဲ့တာပါ။ ဒါကို လေးစားရကောင်းမှန်းမသိ။ သူ့ဆီကို နာကျင်မှုတွေပဲ တို့တတွေက ပြန်ပေးခဲ့ကြတယ်





လေ။

သူ့အရမ်းသနားဖို့ ကောင်းနေပြီ ညီမလေးရယ်။ အနိုင်ယူမိသမျှတွေအတွက် ပြန်ပြီးပေးဆပ်မှုဖြစ်မယ်နော်။ ဒါကို ညီမလေးလည်း နားလည်ပေးပါကွယ်။

ပြီးတော့ မမဆီမှာရှိနေတဲ့ရင်သွေးလေး

ဖအေနဲ့သားကို မမခွဲမထားချင်ပါဘူး။

ဒါကြောင့် ဘဝတစ်သက်တာလုံး သူ့ချစ်ခြင်းမေတ္တာတွေကို လေးစားရင်းနဲ့ သူ့အနားဂတ်လေးထဲမှာပဲ အေးအေးချမ်းချမ်းလေးနေတော့မယ် ညီမလေးရယ်။

ပန်းသွန်းနဒီ အိပ်ရာလေးပေါ် ခွေခွေလေးလှဲအိပ်လိုက်သည်။ ပြီးနောက်မှာတော့ သူ့မလက်ကလေးနှင့် သူ့ကိုယ်လေးအားညင်သာစွာ ဖက်ထားလိုက်၏။

သူကတော့ ဘာဆိုဘာမှကိုမသိပါချေ။

ကိုလေးညို့ရယ်။

ကျွန်မသာ လတစ်စင်းဖြစ်ခဲ့မယ်ဆိုရင်လေ ရှင်ကအဲ့ဒီလမင်းကြီးကို အပေါ်ကနေ အုပ်မိုးပြီး ပိုင်ဆိုင်ထားတဲ့ကောင်းကင်ပါ။

ဘယ်အချိန်ဘယ်အခါမဆို ကျွန်မကို ရှင်ပိုင်ပါတယ်။ ကျွန်မလေ ရှင့်အနားကနေ ဘယ်လိုအကြောင်းမျိုးနဲ့မှ ထွက်ခွာ မသွားတော့ဘူးဆိုတဲ့ကတိကို ဘဝတစ်သက်တာလုံး တည်ပါ့မယ် ကိုလေးညို့ရယ်။

ရှင့်အချစ်တွေကိုလည်း ဘယ်တော့မှ သံသယမဝင်တော့ ပါဘူးရှင်။

"အင်း"

သူ့ဆီက အသံသဲ့သဲ့ညည်းသံကြောင့် ပွေ့ဖက်ထားမိ လက်လေးကို ပြန်ရုပ်သိမ်းဟန်ပြင်ဆင်ပြီးတော့မှ မရုပ်ဖြစ်တော့ ပါ။ သူက တစ်ဘက်သို့ လှည့်စောင်းအိပ်နေရာကနေ ညင်သာ လှုပ်ရှားပြီး သူမနှင့် မျက်နှာချင်းဆိုင်ဘက်သို့ ပြောင်းလဲ စောင်းအိပ်လာ၏။

ပန်းသွန်းနုဒီ ခန္ဓာကိုယ်လေးပေါ် သူ့လက်တွေရောက် ကာ ဖက်ထားသလိုရှိသည်။

အရင်ကဆို အိပ်မောကျနေရင်းနဲ့ပဲဖြစ်ဖြစ် သူ့လက် လာရောက်တွေ့ထိပါက ဒေါသတကြီးနဲ့ ပြန်ပြီးဖယ်ရှားတတ် သူမ။ ဒီတစ်ခါမှာတော့ မဖယ်မိတော့ပါချေ။





ထို့အပြင် သူ့ခါးလေးကိုပါ ပြန်လည်ဖက်တွယ်ရင်း နွေးမြ လုံခြုံသော ရင်ခွင်ကျယ်ကြား တိုးဝင်ကာ မျက်ဝန်းလေးတွေကို မှိတ်ထားပစ်လိုက်သည်။

မနက်ဖြန် သူ့ကိုပြောစရာစကားတွေက အရမ်းကို များတာမဟုတ်လား။ ပန်းသွန်းနုဒီလည်း အနားယူမှဖြစ်တော့မည်။

သူမ နှစ်မြို့ကျွပင် အိပ်ပျော်အောင် အတွေးတွေအားလုံး ကို ခေါင်းထဲကနေ ထုတ်ပယ်လိုက်သည်။

ချစ်တယ်ကိုလေးညို့။

ရှင့်ကို ကျွန်မချစ်ပါတယ်။

နှုတ်ခမ်းလေးကနေ တမ့်ဖွဖွရေရွတ်ကာ ကြည်ကြည်နူးနူး ကလေးပင် ပြုံးနေမိတော့သည်။

ရင်ခုန်သံမရပ်သရွေ့ ချစ်မြဲချစ်ကာနေမယ်

ရှင်မြတ်နိုး